ကြေးမုံ
The Mirror Daily
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 28 January 2020 ၉၉၀၈

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ

# ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၃၅၁ ဦးက လက်မှတ်ရေးထိုးတင်ပြလာသော ဥပဒေမူကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့အသိပေးတင်ပြ

**နေပြည်တော် ဇန်နဝါရီ ၂၇**
ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

**တိုက်တွန်းပြောကြား**

ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် နှစ်ဟောင်းကို ပြန်ပြောင်းသုံးသပ်ပြီး နှစ်သစ်တွင် ပိုမိုကောင်းမွန်သည့် အတွေးသစ်၊ အမြင်သစ်များနှင့် အပြန်အလှန်လေးစားမှု၊ နားလည်ယုံကြည်မှုတို့ကို အခြေခံပြီး ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ဆက်လက်ဖော်ဆောင်ကြမည့် အနာဂတ်ပြည်ထောင်စုအတွက် ရင်းနှီးချစ်ကြည်စွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ဒုတိယအကြိမ် လွှတ်တော်များ၏ သက်တမ်းကာလသည် မကြာမီရက်ပိုင်းတွင် လေးနှစ်ပြည့်မြောက်တော့မည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အတွေ့အကြုံ ပိုမိုရင့်ကျက်လာသည်နှင့်အမျှ ကျန်ရှိသည့် လွှတ်တော်သက်တမ်းကာလအတွင်းတွင် အချိန်ကို အကျိုးရှိရှိအသုံးချပြီး မိမိတို့၏ လွှတ်တော်ဆိုင်ရာလုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဦးစားပေးအလိုက် ပူးပေါင်းဆောင်ရွက်သွားကြရန် မျှော်လင့်ပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်။

**ကြေးမုံ ယနေ့ ဖတ်စရာ**

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၈

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး 2019 Novel Coronavirus ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးညှိနှိုင်းဆွေးနွေးပွဲတက်ရောက်**

စာမျက်နှာ » ၉

## လေးလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် ရရှိ

**ရန်ကုန် ဇန်နဝါရီ ၂၇**
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၀) အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများမှ ရက်သတ္တပတ်အတွင်း ခွင့်ပြုပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်းသည့် သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲကို ယနေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက် (၂/၂၀၂၀) အား ဖြန့်ဝေခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုမိန့်၊ အတည်ပြုမိန့်ထုတ်ပေးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်းသည့် အချက်အလက်များအား ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူးက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေး

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❐



## ကြေးမုံ

# သွေးချင်းသားချင်းများ တူယှဉ်ကာနွဲပျော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးနွယ်ပေါင်း တစ်ရာကျော် မှီတင်းနေထိုင်ကြသည်။ အဓိကမျိုးနွယ်စုများ ဖ၀ ကျော်ရှိပြီး ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ထုံးတမ်းဓလေ့အစဉ်အလာများဖြင့် အေးချမ်းစွာနေထိုင်ကြသည်။ အဆိုပါ တိုင်းရင်းသားမျိုးနွယ်စုများသည် ၎င်းတို့မွေးဖွားရှင်သန်ကြီးပြင်းရာ ဇာတိမြေတွင် အခြေချနေထိုင်လေ့ရှိပြီး အခြားတိုင်းရင်းသားလူမျိုးများနှင့်လည်း အတူတကွ စုပေါင်းနေထိုင်ကြသည်။

တိုင်းရင်းသားလူမျိုး ညီအစ်ကိုမောင်နှမအားလုံးတို့သည် ၎င်းတို့၏ ကိုယ်ပိုင်ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ယဉ်ကျေးမှုဓလေ့စရိုက်များကို မြတ်နိုးတန်ဖိုးထားကြသူများဖြစ်၍ ဘိုးဘွားစဉ်ဆက်ဓလေ့ထုံးတမ်းအစဉ်အလာများကို လက်ဆင့်ကမ်း ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြသည်မှာ ဂုဏ်ယူစရာဖြစ်သည်။ တိုင်းရင်းသားလူမျိုးတစ်မျိုး၏ အမြတ်တနိုးတန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသော ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို အခြားတိုင်းရင်းသားလူမျိုးတို့က သိရှိနားလည်ခြင်း၊ တန်ဖိုးထားခြင်း၊ ယဉ်ကျေးမှုအပြန်အလှန်ဖလှယ်ခြင်းသည် အချင်းချင်း ချစ်ခင်ရင်းနှီးမှုနှင့် ငြိမ်းချမ်းမှုကိုဖြစ်စေသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများကို ရှာဖွေဖော်ထုတ်မျှဝေပေးကြရမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ ရေမြေသဘာဝတောတောင်အလှများနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုတို့ကိုပိုင်ဆိုင်ထားသည့် ပြည်ထောင်စုအတွင်း ပျံ့နှံ့တည်ရှိနေသော တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအစဉ်အလာများကို ကိုယ်တွေ့မြင်သိနိုင်ရေးမှာ လွယ်ကူလှသည်မဟုတ်ပါ။ တစ်ဦးအကြောင်းကိုတစ်ဦးမသိသဖြင့် တစ်ဦးအပေါ်တစ်ဦး နားလည်နိုင်ရေးဝေးနေသည်ဟု ဆိုရမည်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ပကတိအရှိတရားနှင့် ယဉ်ကျေးမှုထုံးစံများကို သိရှိနားလည်ထားပါမှ တစ်ဦးအပေါ်တစ်ဦး၊ တစ်ဦး၏ဘဝများကို နားလည်ခံစားနိုင်ပြီး ယုံကြည်မှု၊ ချစ်ခင်မှုများ ပိုမိုရရှိလာမည်ဖြစ်သည်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများအား သိမြင်ရေးနှင့်ပတ်သက်၍ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှ ၃၁ ရက်နေ့အထိ ရန်ကုန်တိုင်းဒေသကြီး ကျိုက္ကဆံအားကစားကွင်းတွင် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ" အခမ်းအနားဖြင့် ပထမအကြိမ်ဖော်ထုတ်နိုင်ခဲ့ပြီး ဒုတိယအကြိမ်ပွဲတော်ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၇ ရက်နေ့အထိ ဖော်ထုတ်နိုင်ရန်စီစဉ်လျက်ရှိသည်။ ထို့အပြင် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကချင်ပြည်နယ်၌ စီးပွားရေးဖိုရမ်ကျင်းပခဲ့ပြီး ၂၀၂၀ ပြည့်နှစ် မေလအတွင်း တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ကျင်းပရန် လျာထားလျက်ရှိသည်။

တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုအစဉ်အလာများနှင့် လူမှုစီးပွားဘဝများကို မြှင့်တင်ပေးနိုင်ရန်အတွက် ဤကဲ့သို့ သွေးချင်းတို့၏ပွဲတော်များ နှစ်စဉ်ကျင်းပပေးခြင်းသည် မြန်မာနိုင်ငံတွင်တည်ဆောက်နေသည့် ငြိမ်းချမ်းရေးကို အထောက်အကူပြုခြင်း၊ တိုင်းရင်းသားပေါင်းစုံတို့ ချစ်ခင်ရင်းနှီးစွာ နေထိုင်နိုင်ခြင်းနှင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို မြန်မာနိုင်ငံသားများသာမက အခြားနိုင်ငံသားများကပါ သိရှိစေခြင်းအကျိုးများကို ရရှိနိုင်သည်။

မြန်မာနိုင်ငံသည် သဘာဝအလှအပများနှင့် ပြည့်စုံကြွယ်ဝသည့် နိုင်ငံဖြစ်၍ သဘာဝအခြေပြုသည့် ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းနှင့် တိုင်းရင်းသားဒေသများမှ ဒေသထုတ်ကုန်များ ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဤပွဲတော်များသည် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ဒေသခံတိုင်းရင်းသားပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးတိုးတက်လာရေးကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ယင်းအပြင် တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုကို ပိုမိုအလေးထား၊ ပိုမိုချစ်တတ်လာပြီး ခိုင်မာသည့်ပြည်ထောင်စုစိတ်ဓာတ်များ ရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ သွေးချင်းတို့၏ပွဲတော်များသည် ပြည်ထောင်စုပွဲတော်ကဲ့သို့ တိုင်းရင်းသားများတွေ့ဆုံရေးအတွက်သာမက တိုင်းရင်းသားဒေသများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာရေးကို အထောက်အကူပြုနိုင်သောပွဲတော်များဖြစ်သည့်အပြင် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးရေး၊ သိနားလည်ရေးနှင့် တိုင်းပြည်အတွက်အထူးလိုအပ်နေသော ငြိမ်းချမ်းရေးခရီး အောင်မြင်ရေးတို့ကိုပါ ပံ့ပိုးပေးနိုင်သည်ဖြစ်၍ တိုင်းရင်းသားပွဲတော်များ နှစ်စဉ်တိုးတက်ဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများ ဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့် ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။



## စာရေးနည်း အခြေခံလမ်းညွှန် သင်တန်းဖွင့်

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ကြီးမှူးကျင်းပသည့် စာရေးနည်းအခြေခံလမ်းညွှန်သင်တန်း အမှတ်စဉ် (၁၀) သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်း ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဟောပြောဆွေးနွေးလေ့လာရေးနှင့် တိုင်းရင်းသားစာပေလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးချစ်နိုင်(ချစ်နိုင်–စိတ်ပညာ)က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး အသင်းအတွင်းရေးမှူး သင်တန်းမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ–ကြို့ပင်ကောက်)က သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၄ ဦးတက်ရောက်ကြပြီး ကဗျာ၊ ဆောင်းပါး၊ ဝတ္ထု၊ ဘာသာပြန်ရေးသားနည်းတို့ကို မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ဝါရင့်စာရေးဆရာ ဆရာမကြီးများက ယနေ့မှစတင်၍ ဖေဖော်ဝါရီ ၂၈ ရက်အထိ အပတ်စဉ် တနင်္လာနေ့မှ စနေနေ့အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ – မွန်းဦးနဒီ**

## Our Life Scholarship Program

## ပညာသင်ဆုဆိုင်ရာ ဟောပြောဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂၇**

Our Life Scholarship Program ပညာသင်ဆုဆိုင်ရာ ဟောပြောဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် Save The Library တည်ထောင်သူ ဆရာဦးမောင်မောင်စိုးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် KAWI English and Business Institute မှ ဆရာရဲဖြိုးဟန်က Our Life Scholarship Program နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် Myanmar's Land Institute မှ CEO ဒေါက်တာလင်းသိုက်ညွန့်က လူငယ်များအတွက် အသိပညာဗဟုသုတများအကြောင်း ဆွေးနွေးပြောကြားသည်။

ယနေ့ပြုလုပ်သည့် Our Life Scholarship Program ပညာသင်ဆုဆိုင်ရာ ဟောပြောဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူ လူငယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

**ဒို့ညီနောင်ထု တည်ထောင်ပြု ပြည်ထောင်စုနေ့ ဒို့မမေ့။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၇-၁-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၅၀၀ | ၁၁,၀၀၀ | ၂,၆၂၅ | ၂၉,၀၈၅,၀၀၀ |
| MTSH | ၃,၉၀၀ | ၃,၉၀၀ | ၁,၇၃၀ | ၆,၇၄၇,၀၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၀ | ၀ |
| FPB | ၂၃,၀၀၀ | ၂၃,၀၀၀ | ၄၉၂ | ၁၁,၃၁၆,၀၀၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၁၉၆ | ၅၆၈,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် ဇန်နဝါရီ ၂၇**

ရန်ကုန်(ရွှေဈေး) ၁၂၂၅၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၆၀/၉၂၀ ကျပ် | ၉၁၀/၉၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၈၀/၉၅၀ ကျပ် | ၉၇၅/၉၈၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၆၀/၈၃၀ ကျပ် | ၈၄၅/၈၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၇၀/၉၃၀ ကျပ် | ၉၂၅/၉၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၁၅/၈၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၂၅/၈၃၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၂၀/၇၂၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၆၆.၃ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၁၇.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁.၃၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၇.၇၇၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၀.၆၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၅၇၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၄၄.၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၅၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၉၅.၁၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၈၂.၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် – ဦးဝင်းရွှေ
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။

❍ ရှေ့ဖုံးမှ

၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိထားသည့် မြို့နယ်ပေါင်း ၃၂၅ မြို့နယ်အနက် ယနေ့အထိ လုပ်ငန်းဆောင်ရွက်ခွင့် အဆိုပြုချက်ပုံစံ (၁)များကို ၁၁၃ မြို့နယ်မှ ပေးပို့တင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် မြို့နယ်များအနေဖြင့်လည်း သတ်မှတ်ချက်များနှင့်အညီ ရေးဆွဲပြီး ဆောလျင်စွာပေးပို့တင်ပြကြရန် မှာကြားလိုပါကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံသားပြည်သူများအားလုံးက မိမိတို့၏ နေ့စဉ်လူမှုစီးပွားရေးကိစ္စများ အဆင်ပြေကောင်းမွန်ရေးနှင့် ဘဝလုံခြုံငြိမ်းချမ်းစွာနေထိုင်နိုင်ရေးတို့ကို ဆန္ဒပြင်းပြစွာ မျှော်လင့်လျက်ရှိကြပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်း မှန်ကန်သည့်စိတ်ရင်း၊ စေတနာပါသည့် လုပ်နည်းလုပ်ဟန်၊ အမြော်အမြင်ကြီးမားသည့် ကြိုးစားမှုများနှင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။

**မှန်မှန်ကန်ကန်ဆွေးနွေးညှိနှိုင်းဖြေရှင်းနိုင်ကြရန် လိုအပ်**

ပြည်သူများ၏ဆန္ဒ၊ မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကြုံတွေ့လာနိုင်သည့် အခက်အခဲများကိုလည်း အမှန်တရားနှင့် ညီညွတ်မျှတမှုကို လက်ကိုင်ထားပြီး မှန်မှန်ကန်ကန် ဆွေးနွေးညှိနှိုင်းဖြေရှင်းနိုင်ကြရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားပြည်သူအများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံးက ပြည်သူများနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်း ရပ်တည်ပြီး ပူးပေါင်းဆောင်ရွက်နိုင်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် (နောင်ချိုမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၃၅၁ ဦးက လက်မှတ်ရေးထိုးတင်ပြလာသော ဥပဒေမူကြမ်းများနှင့်စပ်လျဉ်း၍ လွှတ်တော်သို့အသိပေးတင်ပြသည်။

ယင်းနောက် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ငွေကြေးမူဝါဒအကောင်အထည်ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေအစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**သဘောတူအတည်ပြုချက်ရယူဆောင်ရွက်**

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော တစ်ထောင်ကျပ်တန်ပုံစံသစ်ငွေစက္ကူ ထုတ်ဝေခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းက ငွေစက္ကူသစ်များ ထုတ်ဝေရာတွင် ငွေစက္ကူအရည်အသွေးပိုမိုကောင်းမွန်ရန်၊ အတုအပပြုလုပ်ခြင်းမှ ကာကွယ်ရန်နှင့် လုံခြုံရေးအဆင့်အတန်းမြှင့်တင်ရန် လိုအပ်သည့်အခြေအနေများအရလည်း လိုအပ်သလို ပြင်ဆင်ထုတ်ဝေရပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံဖြင့် တစ်ထောင်ကျပ်တန်ပုံစံသစ် ငွေစက္ကူထုတ်ဝေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၆၅ နှင့် ၆၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ သဘောတူအတည်ပြုချက် ရယူဆောင်ရွက်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ တစ်ထောင်ကျပ်တန်ပုံစံသစ် ငွေစက္ကူကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်တွင် စတင်ထုတ်ဝေမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ တစ်ထောင်ကျပ်တန်ပုံစံသစ် ငွေစက္ကူကို လွတ်လပ်ရေးနေ့အမှတ်တရအဖြစ် ဂုဏ်ပြုထုတ်ဝေခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့သော် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၄ ရက်သည် အစိုးရရုံးပိတ်ရက်ဖြစ်သည့်အတွက် ရုံးဖွင့်ရက်ဖြစ်သော ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၇ ရက်တွင် ပြည်သူများထံသို့ ဖြန့်ဝေခဲ့ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၆၆ တွင် "ဗဟိုဘဏ်သည် မည်သည့်ငွေစက္ကူ အမျိုးအစားကိုမဆို ပြောင်းလဲသုံးစွဲရန်လိုအပ်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။ ယင်းဆောင်ရွက်ချက် အခြေအနေကို အနီးစပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်" ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ငွေစက္ကူ၏ မျက်နှာစာဘက်တွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံနှင့် ကျောဘက်တွင် လွှတ်တော်အဆောက်အဦပုံ ရိုက်နှိပ်ထားသော တစ်ထောင်ကျပ်တန်ငွေစက္ကူပုံစံသစ် ပြောင်းလဲထုတ်ဝေခဲ့မှုအား ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**သဘောတူအတည်ပြု**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော တစ်ထောင်ကျပ်တန် ပုံစံသစ်ငွေစက္ကူ ထုတ်ဝေခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူ၍ သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ခြောက်လတာကာလ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်က ပြစ်မှုဆိုင်ရာတရားစီရင်ရေးတွင် အများပြည်သူက ယုံကြည်စိတ်ချပြီး စဉ်ဆက်မပြတ်ထိရောက်စွာ အသုံးပြုနိုင်သော ဥပဒေဆိုင်ရာအထောက်အကူပြုရေးစနစ်ဖြစ်ပေါ်စေရန် ၎င်းပြစ်မှုဆိုင်ရာစုံစမ်းထောက်လှမ်းမှုနှင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်စဉ်ကာလအတွင်း ရဲအချုပ်နှင့်အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့်ကာလ လျော့ကျစေရန်နှင့် ဥပဒေနှင့်မညီသော ဖမ်းဆီးချုပ်နှောင်မှုများပပျောက်စေရန် ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများကို လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ယုံကြည်မှု၊ အသက်အရွယ်၊ ကျား/မ နိုင်ငံခြားမခွဲခြားဘဲ ဥပဒေအထောက်အကူပေးရေးနှင့် ပြစ်မှုဆိုင်ရာတရားစီရင်ရေးအဆင့်ဆင့်တွင် မှန်ကန်မျှတ၍ ထိရောက်သောဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းကို ဆောလျင်စွာရရှိနိုင်ရေး ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ မူဝါဒ(၈)ချက်ပါ ပြဋ္ဌာန်းချက်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစီအမံများထားရှိကာ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**အမည်စာရင်း တင်သွင်းနိုင်**

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စွန့်ပစ်အမှိုက်များ ပြုပြင်သန့်စင်သည့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပိုလန်နိုင်ငံအစိုးရထံမှ ODA ချေးငွေ ယူရိုသန်း ၅၀ ရယူရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါ်အိအိပြုံးက ရန်ကုန်တိုင်းဒေသကြီးတွင် အမှိုက်ပြုပြင်သန့်စင်သည့်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပိုလန်အစိုးရထံမှ ချေးငွေရယူဆောင်ရွက်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းလိုခြင်းဖြစ်သည်ဟု ယူဆပါကြောင်း၊ ယခုကဲ့သို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို သက်ရောက်မှုရှိစေသည့် စွန့်ပစ်အမှိုက်သန့်စင်ရေးစီမံကိန်းများသာမက မြန်မာနိုင်ငံ၏ ပလတ်စတစ်ထုတ်လုပ်သုံးစွဲနေမှုများအား ပြည်ထောင်စုအစိုးရအနေဖြင့် ထိရောက်သော တားဆီးထိန်းကျောင်းရေးလုပ်ငန်းစဉ်များ အမြန်ဆုံးစီမံအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သောကြောင့် ပိုလန်အစိုးရထံမှ ODA ချေးငွေ ယူရိုသန်း ၅၀ ရယူရေးကိစ္စကို ထောက်ခံပါကြောင်းဆွေးနွေးသည်။

**အပြည့်အဝထောက်ခံ**

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးနေကျော်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေ့စဉ်အမှိုက်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေတိုးပွားလာခြင်းကြောင့် အမှိုက်စွန့်ပစ်ရန်နေရာ ရှားပါးလာပြီး လက်ရှိနည်းစနစ်အတိုင်း ဆက်လက်စွန့်ပစ်နေပါက လာမည့်လေးနှစ်ခန့်တွင် အမှိုက်စွန့်ပစ်ရန် မြေနေရာမရှိသည့်အတွက်လည်းကောင်း၊ အမှိုက်ပုံမှထွက်ရှိသည့် လေထု၊ ရေထုနှင့် မြေထုညစ်ညမ်းမှုများကြောင့်လည်းကောင်း၊ အမှိုက်ပုံမီးလောင်သည့် အန္တရာယ်ဖြစ်စေနိုင်သည့်အတွက်ကြောင့်လည်းကောင်း အမှိုက်များကို ဟင်းလင်းဖွင့်စနစ်စုပုံခြင်းမပြုဘဲ ချေဖျက်သန့်စင်သည့်စနစ်ကို ပြောင်းလဲရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ယခုစီမံကိန်းကို ဆောင်ရွက်မည်ဟု သိရပါကြောင်း၊ ယခုအချိန်အခါတွင် အမှန်တကယ်ဆောင်ရွက်သင့်သည့် စီမံကိန်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ODA ချေးငွေ ရယူရေးကိစ္စကို အပြည့်အဝ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုနှင့် ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်းတို့ကလည်း ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဆက်လက်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ဆောင်ရွက်ရန်လျာထားပါကြောင်း ကြေညာပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။

**သတင်း – မော်စီ၊ မျိုးသူဟိန်း(သတင်းစဉ်)**
**ဓာတ်ပုံ – စိုးဝင်းထွန်း**



❒ **လေးလအတွင်းမှ**

အမှတ်စဉ် (၂/ ၂၀၂၀) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၃ ခုတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄၃၃ ဒသမ ၈၀၃ သန်းကို ခွင့်ပြု/အတည်ပြုပေးခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၁၉၅၁ ကို ဖန်တီးပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**နှစ်ဘီလီယံကျော်ရရှိ**

ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူးက ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇန်နဝါရီ ၂၄ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၁၅၆ ဒသမ ၂၀၅ သန်းရှိပြီဖြစ်၍ ယခုဘဏ္ဍာနှစ်၏ ပထမလေးလအတွင်း အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/အတည်ပြုပေးခဲ့မှုမှာလည်း အမေရိကန်ဒေါ်လာ ၁၃၄ ဒသမ ၄၆၉ သန်း အပါအဝင် ကျပ် ၇၄၈၃၁၁ ဒသမ ၀၆၁ သန်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူးက မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဟောင်ကောင်နှင့် ဗြိတိန်နိုင်ငံတို့ဖြစ်ပြီး အများဆုံးရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၀၀ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၁၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၀၇ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။

အဆိုပါ သတင်းမီဒီယာတွေ့ဆုံပွဲသို့ ပြည်တွင်း ပြည်ပ သတင်းမီဒီယာ ၁၄ ခု တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဥပဒေကြမ်း ၁၃ ခုရှိ**

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယနေ့စတင်ကျင်းပသည့် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်းတွင် ဆွေးနွေးကြရမည့် ဥပဒေကြမ်းများအနေဖြင့် ၁၃ ခုရှိပါကြောင်း၊ အဆိုများအနေဖြင့် အသင့်ဖြစ်အဆို သုံးခုရှိပါကြောင်း၊ မေးခွန်းများအနေဖြင့် အသင့်ဖြစ်ကြယ်ပွင့်ပြမေးခွန်း ၂၁၇ ခုရှိကြောင်းကို အသိပေးတင်ပြလိုပါကြောင်း။

ဒီမိုကရေစီကူးပြောင်းရေးကာလသည် များစွာနုနယ်သေးသည့် အခြေအနေတွင် ဒီမိုကရေစီစံချိန်စံညွှန်းများရောက်ရှိရန် ဆက်လက်ကြိုးပမ်း အားထုတ်ကြရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီယဉ်ကျေးမှု အမြစ်တွယ်ထွန်းကားစေရန်နှင့် ပိုမိုခိုင်မာအားကောင်းလာစေရန် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ အဓိကတာဝန်ရှိသည်ကို စွဲစွဲမြဲမြဲယုံကြည်ထားကြစေလိုပါကြောင်း၊ ပြည်သူက အပ်နှင်းထားသည့် ဥပဒေပြုရေးအာဏာကို အသုံးချပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ဘဝတိုးတက်မြင့်မားလာစေရန် မိမိအပါအဝင် ကိုယ်စားလှယ်များအားလုံးက ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသ၍ အားထုတ်ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ကိုယ်စားလှယ်များကလည်း တာဝန်များထမ်းဆောင်ကြရာတွင် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နည်းမှန်၊ လမ်းမှန်နှင့် ဆောင်ရွက်နိုင်ကြရန်လည်း အရေးကြီးကြောင်းကို ပြောကြားလိုပါကြောင်း။

မိမိတို့ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းသည် မကြာမီတွင် လေးနှစ်ပြည့်မြောက်တော့မည်ဖြစ်ပါကြောင်း၊ ယခုကာလအတွင်း အားသာချက်၊ အားနည်းချက်များကို ပြန်လည်စိစစ်သုံးသပ်ပြီး ကျန်ရှိသည့်လွှတ်တော်သက်တမ်းတွင် ပြည်သူ့အတွက် အကောင်းဆုံးထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ မဲဆန္ဒရှင်များက အားကိုးယုံကြည်စွာ ရွေးချယ်တာဝန်ပေးအပ်ထားသည့် မိမိတို့သည် လွှတ်တော်တာဝန်နှင့် ကိုယ်စားပြုတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်ကြမှသာ ဥပဒေပြုရေးမဏ္ဍိုင်၏ စွမ်းဆောင်ရည် ဆက်လက်မြင့်မားနေမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးနှင့် စောင့်ကြည့်ထိန်းညှိခြင်းတာဝန်များကို ပီပြင်စွာထမ်းဆောင်နိုင်ရန် လိုအပ်သကဲ့သို့ မိမိရပ်ရွာ၊ မိမိကိုယ်စားပြုသည့် မဲဆန္ဒနယ်၏ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို ကျေကျေပွန်ပွန်ထမ်းဆောင်နိုင်မှသာ ပြည်သူက ပိုမိုအားကိုး ယုံကြည်လာကြမည်ဖြစ်ပါကြောင်း။

**ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ခိုင်မာအားကောင်းစေရန်**

ပြည်သူ့အသံကို ထင်ဟပ်စေသည့် လွှတ်တော်များသည် အားကောင်းသည့် ဥပဒေပြုရေးမဏ္ဍိုင်ကြီးဖြစ်ရန်၊ ပြည်သူများအကြား ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ခိုင်မာအားကောင်းစေရန် လွှတ်တော်ကိုယ်စားလှယ်များက ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ကြရန် လိုအပ်လှပါကြောင်း၊ မိမိတို့ မေးမြန်းသည့် မေးခွန်းများ၊ တင်သွင်းသည့် အဆိုများ၊ အတည်ပြုလိုက်သည့် ဥပဒေကြမ်းများသည် ပြည်သူလူထုကို အကျိုးပြုနိုင်ရန် ဆန်းစစ်လေ့လာပြီး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ကို ပြည်သူလူထုက ယုံယုံကြည်ကြည်နှင့် ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်ကြိုးပမ်းအားထုတ်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၏ ထိုင်းနိုင်ငံ ကျား၊ မ ရေးရာပြဿနာများ သိရှိနားလည်စေခြင်း အလုပ်ရုံဆွေးနွေးပွဲသို့ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၃ ရက်မှ ၁၆ ရက်အထိ သွားရောက်ခဲ့သည့် ပြည်ပခရီးစဉ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်တွင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက်က ဖွဲ့စည်းခဲ့သည့် တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီ၏ သက်တမ်းကို တစ်နှစ်ပြည့်မြောက်သောနေ့၏ နောက်တစ်ရက်ဖြစ်သော ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၃ ရက်မှစ၍ နောက်ထပ်တစ်နှစ် တိုးမြှင့်သတ်မှတ်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်၏ **ပြည်မြို့နယ်အတွင်းရှိ နဝင်းချောင်းရေတိုက်စားမှုကြောင့် ဆိုးရွားစွာ ကမ်းပြိုလျက်ရှိသော ကျေးရွာများအတွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြည်မြို့နယ်အတွင်းရှိ နဝင်းချောင်းရေ တိုက်စားကမ်းပြိုလျက်ရှိသည့် ဇီးအုပ်ကျေးရွာအုပ်စု မြောင်းငယ်လှကျေးရွာ၊ သဲကုန်းကျေးရွာအုပ်စု လင်းပယ်ကျေးရွာနှင့် အုတ်ဆွဲကျေးရွာအုပ်စု ဝန်တင်ဆိပ်ကျေးရွာတို့၏ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်သည့် ရန်ပုံငွေစုစုပေါင်း ငွေကျပ် ၂၆၃ ဒသမ ၆၄ သန်းကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘာဝဘေးရန်ပုံငွေသို့ တင်ပြတောင်းခံထားရှိပြီးဖြစ်သကဲ့သို့ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေတွင်လည်း တင်ပြတောင်းခံထားရှိပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းကူညီမှုဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

**ရှင်းလင်းဖြေကြား**

မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၏ **မီးရထားလက်မှတ်များကို ကားလက်မှတ်များရောင်းချသကဲ့သို့ ပြည်သူများ လွယ်ကူစွာဝယ်ယူနိုင်ရန်အတွက် Online မှ ရောင်းချပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက မြန်မာ့မီးရထားအနေဖြင့် လက်ရှိအခြေအနေတွင် တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်မည့် Net work Server မရှိသည့်အတွက် Online မှ လက်မှတ်ရောင်းချမှုစနစ်ကို မဆောင်ရွက်နိုင်သေးသော်လည်း ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ ဂျပန်နိုင်ငံ ODA ချေးငွေအကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်–မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ အဆင့် (၂) လုပ်ငန်းများတွင် ခရီးသည်ဝန်ဆောင်မှုကို မြှင့်တင်နိုင်ရန် ကြိုတင်လက်မှတ်ကိုလည်း Ticket Reservation စနစ်နှင့် ခရီးသည်ပြန်ကြားရေး (Passenger Information) စနစ်များ တပ်ဆင်ခြင်းလုပ်ငန်းပါရှိပြီး လုပ်ငန်းအကောင်အထည်ဖော်ရန်အတွက် တင်ဒါစာရွက်စာတမ်းများ ပြုစုပြင်ဆင်လျက်ရှိကာ ၂၀၂၀ – ၂၀၂၁ ခုနှစ်တွင် တင်ဒါခေါ်ယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

သို့ပါ၍ ရန်ကုန်–မန္တလေးရထားလမ်း အဆင့်မြှင့်တင်ခြင်းစီမံကိန်း၏ အဆင့်(၂) လုပ်ငန်းများ ပြီးဆုံးမည့် ၂၀၂၃–၂၀၂၄ ခုနှစ်တွင် ရထားလက်မှတ်များကို ပြည်သူများသို့ Online မှ ရောင်းချပေးနိုင်မည်ဖြစ်ပြီး ရထားလက်မှတ်ဝယ်ယူမည့် ခရီးသည်များအတွက် အချိန်နှင့်တစ်ပြေးညီ မျက်မြင်သိရှိနိုင်မည့် (Real–time Information System) အသုံးပြုပြီး လွယ်ကူလျင်မြန်စွာ ဝယ်ယူနိုင်မည့် လက်မှတ်ရောင်းချမှုစနစ်ကို ပြောင်းလဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၏ **ဒလမြို့နယ် အံ့ကြီးအနောက်ရပ်ကွက်၊ (၆)ရပ်ကွက်၊ ၁၁/၁၄ရပ်ကွက်များအား မြို့ကွက်အဆင့်မြှင့်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး Plan ရေးဆွဲနိုင်ရန်နှင့် ပြန်လည်နေရာချထားရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ မည်သည့်အချိန်တွင် မူဝါဒဆိုင်ရာ အတည်ပြုချက်များ ရယူခြင်းကိစ္စဆောင်ရွက်မည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ဒလမြို့သစ် Master Plan တွင် အံ့ကြီးအနောက်ရပ်ကွက်၊ (၆) ရပ်ကွက်နှင့် (၁၁/၁၄) ရပ်ကွက်တို့၏ မြို့ကွက်အဆင့်မြှင့်တင်ရေးပုံစံများနှင့် ချိတ်ဆက်ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး၊ ပြန်လည်နေရာချထားရေး စသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးတို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် Stakeholder အားလုံး ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးပို့သော အချက်အလက်များနှင့်ပေါင်းစပ်၍ ရှင်းလင်းဖြေကြားသည်။

**ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်**

မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်၏ **မြစ်သားမြို့နယ်အတွင်း၌ အရေးပါလှသော Class (A) အဆင့်ရှိ ကျေးရွာလမ်းများဖြစ်သည့် သစ်တက်ကုန်း–လက်ညှိုးထိုး–မြင်းခြံလမ်းနှင့် မန်းဝန်၊ မန်ကျီးကန်၊ တဲကြီး–လက်ညှိုးထိုး–မြင်းခြံလမ်းများကို ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ပထမလမ်းဖြစ်သည့် သစ်တက်ကုန်းကျေးရွာအဝင်လမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A)၊ ဦးစားပေးအဆင့် (၁)လမ်းစာရင်းတွင် ပါဝင်သဖြင့် ဂဝံလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုဆက်လက်ဆောင်ရွက်ရန်အတွက်၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားကာ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဒုတိယလမ်းဖြစ်သည့် တဲကြီး–မကျီးကန်–မင်းဝန်လမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class (A)၊ ဦးစားပေးအဆင့် (၁)လမ်းတွင် ပါဝင်ပြီး မကျီးကန်မှ မင်းဝန်အထိ လမ်းအရှည် (၂)မိုင်ကို ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်တွင် မြေသားလမ်းအဖြစ် စတင်ဆောင်ရွက်ခဲ့ကာ ကျန်လမ်းပိုင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်အတွက် ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်၏ **ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာမှ ဖောင်တော်သီရွာမကျေးရွာသို့ သွားသောရွာလယ်လမ်းမကြီးအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၏ **တောင်ကုတ်မြို့နယ်အတွင်းရှိ နတ်မော်–ကုလားရောင် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မင်းလမ်းချောင်းတံတားအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ရှင်းလင်းဖြေကြားသည်။

**အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာ**

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **စက်မှုဇုန်ဥပဒေကြမ်း**ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇန်နဝါရီ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## တတိယအကြိမ် မြို့တော်ဝန်ဆု ပြည်သူ့နီတိ အသိပညာပေးစာမေးပွဲ ဗဟိုအဆင့်ပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်

**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် တတိယအကြိမ် မြို့တော်ဝန်ဆု ပြည်သူ့နီတိ အသိပညာပေးစာမေးပွဲ (ဗဟိုအဆင့်) ရေးဖြေနှင့် နှုတ်ဖြေ နှစ်ရပ်လုံးကျင်းပပြီးစီးခဲ့ပြီဖြစ်ရာ အမှတ်အများဆုံးရရှိခဲ့သော မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်များမှ ဆုရရှိသူ ကျောင်းသား ကျောင်းသူများစာရင်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အင်တာနက်စာမျက်နှာ www.ycdc.gov.mm ရှိ မြို့တော်သတင်းစဉ်တွင် ဝင်ရောက်ကြည့်ရှုနိုင်သည့်အပြင် City FM မှလည်း ကြေညာပေးမည်ဖြစ်သည်။

ထို့ပြင် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁–၈၃၇၃၅၁၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

**မွန်ဝင်း**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ



**နေပြည်တော်  ဇန်နဝါရီ ၂၇**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

### အပြန်အလှန်ထိန်းကျောင်းနိုင်ရေးဆောင်ရွက်

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းနှင့် ဥပဒေကြမ်းများ ဆွေးနွေးအတည်ပြုခြင်းတို့အပြင် မိမိတို့၏ သက်ဆိုင်ရာကော်မတီ လုပ်ငန်းတာဝန်များကိုလည်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့ကို အပြန်အလှန်ထိန်းကျောင်းနိုင်ရေးဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

(၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်နှင့်ပြည်သူများ အကျိုးစီးပွားအတွက် မိမိတို့၏လုပ်ငန်းတာဝန်များကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၏ **ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကံသာယာကျေးရွာအုပ်စု ကံသာယာ (တောင်စု) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ကံသာယာ (တောင်စု)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို စိစစ်ရာ လက်ရှိ ပညာသင်နှစ်တွင် အလယ်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၁၄၄ ဦးသာ ရှိပါကြောင်း၊ ထို့ပြင် အနီးဆုံး အလယ်တန်းအဆင့်သင်ကျောင်းဖြစ်သည့် သာယာကုန်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် တစ်မိုင်ခရီးအတွင်း၌သာရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ လတ်တလောတွင်လည်း အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အဆင့်ဖြစ်သည့်အတွက် အလယ်တန်းပညာရပ်များကို သင်ကြား၊ သင်ယူမှုအခွင့်အလမ်း ရရှိနေပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ကံသာယာ (တောင်စု) ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သည် ကျောင်းအဆင့်တိုးမြှင့်ရေးအတွက် ယခုနှစ် ဦးစားပေးအစီအစဉ်တွင် မပါရှိပါကြောင်း ဖြေကြားသည်။

### သတ်မှတ်ချက်နှင့် လိုအပ်မှုများရှိနေ

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့နယ် ထန်တလန်မြို့ အမှတ်(၁) အခြေခံပညာမူလတန်း (လွန်) ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ထန်တလန်မြို့နယ် အမှတ် (၁) အခြေခံပညာမူလတန်း(လွန်)ကျောင်း၏ လက်ရှိပညာသင်နှစ်တွင် စုစုပေါင်းအလယ်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၁၂၇ ဦးသာရှိပါကြောင်း၊ ထို့ပြင် အနီးဆုံးအလယ်တန်း အဆင့်သင် ကျောင်းဖြစ်သည့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ၆ ဖာလုံ ခရီးအတွင်း၌သာရှိပါကြောင်း၊ ထို့ကြောင့် တင်ပြပါကျောင်းသည် ကျောင်းအဆင့် တိုးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်ချက်နှင့် လိုအပ်မှုများရှိနေသောကြောင့် ယခုပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ခြင်းဆိုင်ရာ ဦးစားပေးအစီအစဉ်တွင် မပါရှိပါကြောင်း ဖြေကြားသည်။

### တိုးမြှင့်ရေးဆောင်ရွက်ပေးမည်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၏ **မောင်တောမြို့နယ် အောင်သာယာ(န.တ.လ)ကျေးရွာ အခြေခံပညာမူလတန်းကျောင်း(ခွဲ) အား အခြေခံပညာမူလတန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန်နှင့် မောရဝတီ အခြေခံပညာအလယ်တန်းကျောင်းတွင် ပေ(၉၀ X ၃၀) RC နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း**တို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လွှတ်တော်ကိုယ်စားလှယ်၏ တင်ပြပါ ကျောင်းအနေဖြင့် မူလတန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၅၅ ဦးရှိသော်လည်း ဒေသလိုအပ်ချက်အရ အဆင့်တိုးမြှင့်ပေးရန်လိုအပ်နေသည်ကိုတွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ကျောင်းအဆင့် တိုးမြှင့်သတ်မှတ်ခြင်းမှုများကို ဖြေလျှော့ပေးပြီး လာမည့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်ချိန်တွင် တိုးမြှင့်ရေးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မောရဝတီ အခြေခံပညာအလယ်တန်းကျောင်းတွင် RC နှစ်ထပ်ဆောင်ဆောက်လုပ်ရေးနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်တင်ပြသကဲ့သို့ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသနေပြည်သူများ၏ လိုအပ်ချက်အရလည်းကောင်း၊ ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားမှုအရလည်းကောင်း လွှတ်တော်ကိုယ်စားလှယ်အနေဖြင့် ပေ( ၉၀ X ၃၀) နှစ်ထပ်ကျောင်းဆောင် တင်ပြသော်လည်း ပေ(၁၀၀ X ၃၀) RC နှစ်ထပ်တစ်ဆောင်ကို လာမည့်ဘဏ္ဍာရေးနှစ်တွင် လျာထား၍ ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ **၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်အတွင်း ကျောက်တော်မြို့နယ်တွင် အကြောင်းအမျိုးမျိုးကြောင့် (ပြင်ပ) ရောက်ရှိနေသည့် ကျောင်းသား ကျောင်းသူများအား ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်ရရှိရေး ဆောင်ရွက်ပေးရန်နှင့် ပြင်ပမှဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် အခြေခံပညာအထက်တန်းအဆင့် ပြီးမြောက်ကြောင်း လက်မှတ်ပေးအပ်နိုင်ရေး မည်သို့ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်း မေးခွန်း**နှင့် ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ **ရေဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ရုံးကြီးရပ်ကွက် အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်းမြေပေါ်ရှိ မြို့နယ်မီးသတ်ဌာနမှ ဝန်ထမ်းအိမ်ရာ အဆောက်အဦများအား ဖယ်ရှားပေးနိုင်ရေး ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းမေးခွန်း**တို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

### အဆိုတင်သွင်း

ထို့နောက် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်းက **ရွှေ့နေများကောင်စီနှင့် ရွှေ့နေလိုက်သူများဆိုင်ရာဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင်က ထောက်ခံပါကြောင်း ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွှေ့နေများကောင်စီနှင့် **ရွှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်း**ကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ဇန်နဝါရီ ၃၀ ရက်တွင်ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ စိုးဝင်းထွန်း(သတင်းစဉ်)**

## အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော်  ဇန်နဝါရီ ၂၇**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဘမျိုးသိန်း၏ မိတ်ဆွေခြောက်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး၏ မိတ်ဆွေတစ်ဦး၊ ကရင်ပြည်နယ် မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိန်ဗိုလ်၏မိတ်ဆွေ ၃၆ ဦးနှင့် အမျိုးသားလွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဝင်း၏ မိတ်ဆွေသုံးဦး စုစုပေါင်း ၄၆ ဦး တို့သည် အမျိုးသားလွှတ်တော်အစည်းအဝေး ကျင်းပနေမှုကို တက်ရောက်လေ့လာကြပြီး မွန်းလွဲပိုင်းတွင် တောင်ကြီးလူငယ်စင်တာ (Taunggyi Youth Center) မှ သင်တန်းသား သင်တန်းသူ ၅၂ ဦးတို့သည် အမျိုးသားလွှတ်တော်သို့ လာရောက်လေ့လာကြကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့်ဧည့်သည် စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၂၂၁၂၄ ဦးနှင့် ပြည်ပဧည့်သည် ၂၃၀၀ ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ် လုပ်ငန်းစဉ်ဖြေလျှော့မှု စမ်းသပ်စီမံကိန်း တိုးချဲ့ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော်  ဇန်နဝါရီ ၂၇**
လူမှုဖူလုံရေးအဖွဲ့နှင့် ILO မှကိုယ်စားလှယ်များ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၊ သုတေသနပညာရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံ၍ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်လုပ်ငန်းစဉ်ဖြေလျှော့မှု စမ်းသပ်စီမံကိန်း တိုးချဲ့ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၄ ရက်က နေပြည်တော်ရှိ လူမှုဖူလုံရေးအဖွဲ့ရုံးချုပ် စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လူမှုဖူလုံရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးက ယနေ့အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်မှာ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ် လုပ်ငန်းစဉ်ဖြေလျှော့မှု စမ်းသပ်စီမံကိန်းကို စောင့်ကြည့်အကဲဖြတ်မှုများမှ တွေ့ရှိချက်များကို ရှင်းလင်းတင်ပြရန်၊ Pilot Scale up ပြုလုပ်နိုင်ရေး နည်းလမ်းများကို ဆွေးနွေးရန်၊ Scale up ဆောင်ရွက်ရာတွင် မိမိတို့အဖွဲ့အစည်း၏ အခန်းကဏ္ဍအလိုက် အကောင်းဆုံးဆောင်ရွက်နိုင်ရေးအတွက် အကြံပြုချက်များ ဆွေးနွေးရရှိရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သိရှိဆောင်ရွက်နိုင်ရန်တို့ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ILO မှ အကြီးတန်းနည်းပညာဆိုင်ရာ အရာရှိ Ms.Mariana Infante Villarroel က အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းနုက အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်လုပ်ငန်းစဉ်ဖြေလျှော့မှု စမ်းသပ်စီမံကိန်းနှင့်စပ်လျဉ်း၍ ခြုံငုံသုံးသပ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ILO- Vision Zero Fund မှ အကြံပေးအရာရှိ ဒေါက်တာဇင်သွေးစီက စမ်းသပ်စီမံကိန်းနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာမှုများမှ တွေ့ရှိချက်များကို ရှင်းလင်းတင်ပြပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် ILO- Vision Zero Fund အကြံပေးအရာရှိ Ms.Puja Dutta က အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ် လုပ်ငန်းစဉ်ဖြေလျှော့မှု စမ်းသပ်စီမံကိန်း တိုးချဲ့ ဆောင်ရွက်မည့် နည်းလမ်းများကို ရှင်းလင်းတင်ပြ၍ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းခြင်း၊ ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ အုပ်စုလိုက်ဆွေးနွေးခြင်း၊ ILO အပါအဝင် သုံးပွင့်ဆိုင်မျက်နှာစုံညီဆွေးနွေးခြင်းနှင့် ILO-Vision Zero Fund၊ Ms.Mariana Infante Villarroel က ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်ကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **သတင်းစဉ်**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုစိတ်ဓာတ် လွှမ်းပတ်ရင်မှာ တည်စေသော်ဝ်

ထက်ဝေအောင်(စစ်ကိုင်း)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် ပထဝီအနေအထားများ ညီညွတ်ကောင်းမွန်သော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ မြစ်ချောင်း အင်းအိုင်အသွယ်သွယ် တောင်စဉ်တောတန်း သဘာဝ သယံဇာတများလည်း ပေါကြွယ်ပေသည်။ တိုင်းရင်းသား လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းတို့ဖြင့် အရောင်အသွေးစုံလင်စွာ စုဖွဲ့ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖြစ်ပါသည်။ မတူကွဲပြားသည့် ဓလေ့ထုံးစံ၊ ဘာသာစကားများကို ကျော်လွှားပေါင်းစည်းလျက် အတူတကွ သွေးသားရင်းချာပမာ ချစ်ခင်ရင်းနှီးစွာ နေထိုင်လာခဲ့ကြသည်။ အေးအတူ ပူအမျှ ဘယ်သူခွဲခွဲ အမြဲစည်းလုံးမည် စိတ်ဓာတ်ဖြင့် နိုင်ငံ့အခက်အခဲမျိုးစုံကို အတူတကွ တွန်းလှန်ဖယ်ရှားခဲ့ကြသည်။

**များစွာတည်မှီနေ**

ပြည်ထောင်စုစိတ်ဓာတ်သည် ညီညွတ်ခြင်း၏ အင်အားကိုပြသပြီး ရင်းနှီးမှု၊ စိတ်ဓာတ်ခိုင်မာမှုကို ဖော်ဆောင်သည်။ တစ်သားတည်းရှိသောစိတ်၊ မိသားစုသဖွယ် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ရေရှည်အကျိုးစီးပွားကို တည်ဆောက်ခြင်းဖြစ်သည်။ သမိုင်းကြောင်းတစ်လျှောက် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆုတ်ယုတ်မှုဖြစ်စဉ်များသည် သွေးချင်းများ၏ ညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ်အပေါ် များစွာတည်မှီနေသည်ကို တွေ့ရှိရပါသည်။

အတိတ်သမိုင်းကို ပြန်ပြောင်းကြည့်လျှင် သူ့ကျွန်ဘဝရောက်ခဲ့စဉ် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကို ခံခဲ့ရသည်။ နယ်ချဲ့ပရိယာယ် သွေးထိုးမှုအသွယ်သွယ်ကြောင့် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲမည့်အရေး များစွာလည်း ကြုံခဲ့ရသည်။ မြေပြန့်တောင်ပေါ် ခွဲခြားဆက်ဆံမှုများက စည်းလုံးညီညွတ်မှုကို ထိခိုက်စေပါသည်။ စိတ်တူကိုယ်တူ၊ ရည်ရွယ်ချက်တူ သူ့ကျွန်မခံ တွန်းလှန်လိုသည့် မျိုးချစ်စိတ်ဓာတ် ပေါက်ဖွားရှင်သန်ချိန်မှသာ အရာအားလုံး အောင်မြင်ခဲ့သည်ကို တွေ့ရပါသည်။ လွတ်လပ်ရေးသည် ပြည်ထောင်စု သွေးချင်းများ ရေးခြစ်ခြယ်မှုန်းထားသည့် ပန်းချီကား ဖြစ်ပါသည်။ လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အချည်းအနှီးမဖြစ်ခဲ့ပေ။ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့ ညီညွတ်မှုကို ပြသနိုင်သည့် ပင်လုံစာချုပ်တွင် တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပေသည်။ **တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအခြေခံ နိုင်ငံလွတ်လပ်ရေးရရှိရန်** ရည်မှန်းချက်များလည်း ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည့်ဝခဲ့ရသည်။

**မင်္ဂလာရှိသော နေ့ထူးနေ့မြတ်**

ပြည်ထောင်စုနေ့သည် ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု အုတ်မြစ်ချသော နေ့တစ်နေ့ ဖြစ်ပါသည်။ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးအတွက် မမေ့အပ်၊ မမေ့ထိုက်သော မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၃)နှစ်တိုင် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ပင်လုံညီလာခံတွင် တိုင်းရင်းသားတို့၏ စည်းလုံးခြင်းအင်အားဖြင့် သဘောတူလက်မှတ်ရေးထိုးမှု အထိမ်းအမှတ် ပေါ်ပေါက်ခဲ့ရသည့် သမိုင်းဝင်နေ့ရက်လည်း ဖြစ်ပါသည်။ ပြည်ထောင်စုနေ့၊ လွတ်လပ်ရေးနေ့ကဲ့သို့ နေ့ထူးနေ့မြတ်များသည် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ညီညွတ်ချစ်ခင်ခဲ့မှုကို ပြသရာရောက်သည့် ရက်စွဲများဟုဆိုလျှင်လည်း မမှားနိုင်ပေ။

ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ ညီညွတ်စွာနေထိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည်ပင် အေးချမ်းသော၊ ရိုးသားသော၊ ချစ်ခင်ဖွယ်ကောင်းသော ပြည်ထောင်စုဖွား မိမိတို့၏ သွေးချင်းများ နေထိုင်ရာ အရပ်ဒေသများအထိ မြတ်မြတ်နိုးနိုး လေ့လာသွားရောက်ကြသည်။ ဒေသထွက်အစားအစာ၊ အဝတ်အစားများကို မြတ်နိုးစွာ ဝယ်ယူကြသည်။ ချိုချဉ်ငန်စပ် ရသကိုလည်း မက်မောစွာ မြည်းစမ်းစားသုံးကြသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းအပါအဝင် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့၊ ဘာသာစကားများကို နှစ်သက်ကြသည်။

**စည်းလုံးညီညွတ်မှု တည်ဆောက်ရပါမည်**

ပြည်ထောင်စု အလှတရား မပျောက်ဆုံးရန် လိုပါသည်။ ပြည်ထောင်စုဖွားတို့၏ ပြည်ထောင်စုစိတ်ဓာတ်များ ထာဝစဉ်ရှင်သန်နေရန်လည်း လိုအပ်ပါသည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းလျက် သိက္ခာရှိသော၊ နိုင်ငံတော်၏ အကျိုးစီးပွားကို လိုလားသော ဖြူစင်စိတ်ရင်းဖြင့် အဖျက်ရန်စွယ်အသွယ်သွယ်ကို အသိအမြင် ကြွယ်ကြွယ် အင်တိုက်အားတိုက် ကာကွယ်စောင့်ရှာက်သွားရန်လည်း လိုအပ်ပါသည်။ ပြည်ထောင်စုမပြိုကွဲရေး ဦးတည်ချက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အဓိကသော့ချက်ဖြစ်ပါသည်။ ပြည်ထောင်စုပြိုကွဲမည့်အရေး မှန်သမျှ အတူလက်တွဲ၍ တိုက်ထုတ်ရပေမည်။ အန္တရာယ်မကြုံခင် စည်းလုံးညီညွတ်မှု တည်ဆောက်ရပါမည်။ မညီမညွတ် တစ်စိတ်တစ်ဝမ်းတည်း မရှိပါက ပြည်ထောင်စုစိတ်ဓာတ်သာမက ငြိမ်းချမ်းရေးခရီးလမ်းပင် ပျောက်ဆုံးနိုင်သည်။

လူအမျိုးမျိုး၊ ဝါဒအမျိုးမျိုး ရှိသည့်တိုင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအကျိုးကို ရှေးရှုရပါမည်။ ပူးပေါင်းဆောင်ရွက်၍ ဖြစ်ပေါ်လာသည့်အခက်အခဲပြဿနာများကို မှန်ကန်သောနည်းလမ်းများဖြင့် အဖြေရှာရပါမည်။ တစ်ဦး၏အခက်အခဲကို တစ်ဦးက ဖြေရှင်းပေးခြင်း၊ တစ်ဦး၏လိုအပ်ချက်ကို တစ်ဦးက ဖြည့်ဆည်းပေးခြင်း သွင်ပြင်လက္ခဏာသည် မှန်ကန်သော အလုပ်ဖြစ်ပါသည်။ စိတ်ရင်းစေတနာဖြင့် ဆောင်ရွက်သော အလုပ်ဟူသမျှ အောင်မြင်ရမည်သာဖြစ်ပါသည်။ အမုန်းစကားများ၊ သွေးထိုး၊ ခြေထိုး အခြေအနေဆိုးများကို ရှောင်ရှားပြီး ပြည်ထောင်စုကြီး ထာဝရလှစေရမည်ဟူသော ရပ်တည်ချက် အတွေးအမြင်များဖြင့် အနာဂတ်ခရီး ရှေ့ဆက်ရပါမည်။ ဒို့တာဝန်အရေးသုံးပါးဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တစ်ဦးချင်း၊ တစ်ယောက်ချင်းမှအစပြု၍ နိုင်ငံတစ်ဝန်းလုံး စနစ်တကျ စုဖွဲ့ကာကွယ်စောင့်ရှောက်ရန် လိုအပ်ပါသည်။

**ငြိမ်းချမ်းရေးအနှစ်သာရ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ဘက်ပေါင်းစုံမှ ဟန်ချက်ညီညီ ဖွံ့ဖြိုးစေမည့် အပေါင်းလက္ခဏာဆောင်သော အသွင်သဏ္ဍာန်မှာ ငြိမ်းချမ်းရေးသာ ဖြစ်ပါသည်။ ငြိမ်းချမ်းရေးအနှစ်သာရ ပြည့်ဝစွာခံစားရရှိရေး တိုင်းရင်းသားအားလုံး၏ ရင်တွင်းနှလုံးသားတွင် ပြည်ထောင်စုစိတ်ဓာတ် သိုမှီးထားရှိရန် လိုအပ်ပါသည်။ နိုင်ငံနှင့် နိုင်ငံသားများအကျိုး နစ်နာဆုံးရှုံးမှုမရှိစေရန် အမျိုးသားအကျိုးစီးပွား အလေးထားပြီး အစိုးရနှင့်အတူ တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ကြရပါမည်။ အတားအဆီးမရှိသော ချစ်ခင်ရင်းနှီးမှုဖြင့် ဒေသမခြား အပြန်အလှန် ကူးလူးသွားလာနိုင်ရေးအတွက် ငြိမ်းချမ်းရေးသည် လွန်စွာ အရေးပါလှပါသည်။ ခေတ်အဆက်ဆက် သွေးချွေးပေါင်းများစွာဖြင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် အမိနိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ရေးမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ သမိုင်းပေး တာဝန်တစ်ရပ် ဖြစ်ပါသည်။ ဘိုးဘွားတို့ သွေးချွေးပေးဆပ် တည်ဆောက်ခဲ့ရသည့် ပြည်ထောင်စု၏အဆင်းမှာ ရွှေလိုဝင်းလျက် အဖိုးမဖြတ်နိုင်သော မျိုးချစ်စိတ်ကို အခြေခံထားရှိခဲ့သည်။ **အစိတ်စိတ် အမြွှာမြွှာ ပြိုကွဲမည့် အရေး** မည်သူမှလက်မခံခဲ့သဖြင့် ယနေ့တိုင် ငြိမ်းချမ်းသော ပြည်ထောင်စုကြီးတစ်ခု အဖြစ် တည်တံ့ခိုင်မြဲနေခြင်းသာ ဖြစ်ပါသည်။

> **ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်ခေါင်းဆောင်ကြီးများက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို လွန်စွာအလေးထားခဲ့ကြသည်။ ရိုးသားသော ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ခင်မှုကို လိုလားသည်။ စိတ်ဝမ်းမကွဲ ပူးပေါင်းအဖြေရှာသည့်စနစ်ကို တောင့်တခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အခန်းကဏ္ဍ ပီပြင်စွာရုပ်လုံးပေါ်ရေး ပင်လုံကိုဗဟိုပြု၍ ကြိုးစားခဲ့သည်။**

စည်းလုံးညီညာ ခိုင်မာကျစ်လျစ်ပါက အရာရာတိုင်းတွင် အဆင်ပြေချောမွေ့ အောင်မြင်နိုင်ပေသည်။ စည်းလုံးညီညွတ်မှုပြိုကွဲလျှင် အရာအားလုံး ဆုံးရှုံးသွားနိုင်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်ခေါင်းဆောင်ကြီးများက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို လွန်စွာအလေးထားခဲ့ကြသည်။ ရိုးသားသော ပြည်ထောင်စုဖွား တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ခင်မှုကို လိုလားသည်။ စိတ်ဝမ်းမကွဲ ပူးပေါင်းအဖြေရှာသည့်စနစ်ကို တောင့်တခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး အခန်းကဏ္ဍ ပီပြင်စွာ ရုပ်လုံးပေါ်ရေး ပင်လုံကိုဗဟိုပြု၍ ကြိုးစားခဲ့သည်။ ညီအစ်ကိုသွေးသားချင်း အပြန်အလှန် လေးစားစိတ်ဖြင့် ယုံကြည်မှုတည်ဆောက်ခဲ့သည်။ တိုင်းရင်းသားအားလုံးပေါင်းစုထားသည့် ပြည်ထောင်စု အင်အားကမ္ဘာကို သိရှိစေသည်။

စည်းလုံးညီညွတ်ခြင်းသည် မမျှော်မှန်းနိုင်သော အခက်အခဲ၊ အကျပ်အတည်းများကို အောင်မြင်အောင် စွမ်းဆောင်နိုင်သည့် နိမိတ်ပုံတစ်ခု ဖြစ်ပါသည်။ သွေးချင်းများ စိတ်ဆိုးပြေတန်ချိန် ဖြစ်ပါသည်။ ပြည်ထောင်စု၏ အသီးအပွင့်၊ အခက်အလက် တန်ဖိုးတက်အောင် စွမ်းဆောင်ရမည့် စနစ်ကောင်းသည့်အချိန်အခါ ဖြစ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်တိုင်းတွင် တစ်ယောက်တစ်ဖက်ဝိုင်းကူလျက် သယ်ပိုးထမ်းရွက်ရပါမည်။ ဖြစ်ပေါ်နေသော အခက်အခဲ၊ အတားအဆီးများကို လျှော့ချဖြေရှင်းပြီး ငြိမ်းချမ်းရေးအဝန်းအဝိုင်းကို ပိုမိုအားကောင်းလာစေရန် အများပေါင်းစုအားဖြင့် ဆောင်ရွက်ပေးရပါမည်။ တန်းတူညီမျှ အခွင့်အရေးရရှိရေးအတွက် တန်းတူညီမျှ တာဝန်ယူလိုမှု၊ တာဝန်ခံမှု စိတ်ဓာတ်အပြည့်ဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့စေရပါမည်။ တစ်ဦးတစ်ယောက်ချင်းစီ အင်အားအသီးသီးရှိကြပါသည်။ ပြိုင်တူတွန်းလျှင် ရွေ့နိုင်ပါသည်။

**တက်ညီလက်ညီဆောင်ရွက်မည်ဆိုပါက**

မိမိဒေသ၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားအားလုံးတွင် တာဝန်ကိုယ်စီရှိပေသည်။ တိုင်းရင်းသားအားလုံးသည် နိုင်ငံ့ရင်သွေး အရေးပါသောအင်အားများသာ ဖြစ်ပါသည်။ ပြည်ထောင်စုစိတ်ဓာတ် ရင်မှာအပ်လျက် အမိနိုင်ငံတော် ရေရှည်တည်တံ့မည့် အတွေးအခေါ်၊ ယုံကြည်မှု၊ ကြိုးပမ်းအားထုတ်မှုများဖြင့် တက်ညီလက်ညီဆောင်ရွက်မည်ဆိုပါက မိမိတို့ လိုလားတောင့်တအပ်သည့် အရာခပ်သိမ်း၊ ဆန္ဒခပ်သိမ်း ပြည့်ဝစေနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်လျက် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်မည့် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ စပါးမျိုးသစ်များ စိုက်ပျိုးသရုပ်ပြပွဲနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ (၁၆)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားများ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

SRI ကောက်စိုက်စက်(Minoru RX61)ဖြင့် စပါးမျိုးသစ်များ စိုက်ပျိုးသရုပ်ပြပွဲနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ (၁၆)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားများကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန၌ ကျင်းပသည်။

**စိုက်ပျိုးသရုပ်ပြသနေမှု ကြည့်ရှု**

ရှေးဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ သည်စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနစိုက်ကွင်း၌ SRI ကောက်စိုက်စက် (Minoru RX61)ဖြင့် စပါးမျိုးသစ် များ စိုက်ပျိုးသရုပ်ပြသနေမှုကို ကြည့်ရှုရာ ညွှန်ကြားရေး မှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ရေမြေဒေသနှင့် ကိုက် ညီပြီး ရောဂါပိုးမွှားဒဏ်ခံနိုင်သည့် အထွက်ကောင်းစပါး မျိုးသစ်များ မွေးမြူထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြ သည်။



တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက ပြောင်းလဲသက်ရောက်လျက်ရှိသည့် ရာသီဥတု နှင့် လိုက်လျောညီထွေသော စပါးမျိုးသစ်များ မွေးမြူထုတ် လုပ်ရန်၊ မြေဆီဆိုင်ရာစီမံခန့်ခွဲမှုကို သုတေသနပြုစုပြီး တောင်သူများ လိုက်နာကျင့်သုံးနိုင်သည့် လက်တွေ့အသုံး ချနည်းပညာများ ဖြန့်ဝေပေးရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေး သုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည့် စိုက်ပျိုး ရေးသုတေသနဦးစီးဌာန၏ (၁၆)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြား သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက စိုက်ပျိုး ရေးနှင့် မွေးမြူရေးကဏ္ဍ အပါအဝင် လယ်ယာကဏ္ဍကြီး တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက် ရာ၌ သုတေသနလုပ်ငန်းသည်အခြေခံအုတ်မြစ်တစ်ခုအဖြစ် ပါဝင်နေပါကြောင်း၊ လယ်ယာကဏ္ဍတွင် ကြုံတွေ့ရသည့် ပြဿနာများကို သုတေသနပညာရှင်များ၏ သိပ္ပံနည်းကျ စွာဖြင့် စနစ်တကျ အသေးစိတ်စူးစမ်းလေ့လာဆောင်ရွက် ကြရမည်ဖြစ်ကြောင်း၊ သုတေသနရလဒ်ကောင်းတစ်ခု သည် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝတိုးတက် ရေးကို များစွာအထောက်အကူပြုနိုင်သဖြင့် ထိရောက် အကျိုးဖြစ်ထွန်းမည့် သုတေသနလုပ်ငန်းများကို အရှိန် အဟုန်မြှင့် စဉ်ဆက်မပြတ်ကြိုးစားအားထုတ်သွားကြရ မည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေးသုတေသနလုပ်ငန်း များ ပိုမိုဖွံ့ဖြိုးတိုးတက်လာရန်ရည်ရွယ်လျက် ဓာတ်ခွဲခန်း များ အဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိပြီး သုတေသီများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် ဖြင့် ပြည်တွင်း ပြည်ပ၌ ပညာသင်များ စေလွှတ်ပေးလျက် ရှိကြောင်း၊ သုတေသနစာတမ်းဖတ်ပွဲများ ပုံမှန်ကျင်းပခြင်း၊ သုတေသနဂျာနယ်များ ထုတ်ဝေခြင်း၊ သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို အစဉ်အလာ မပျက် တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သုတေသန လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ပူးပေါင်းမှုတိုးမြှင့်ပြီး သုတေသနရလဒ် ကောင်းများ ဖော်ဆောင်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း က စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သမိုင်းကြောင်းနှင့် သုတေသနဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ က သုတေသနထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

**စတင်ဆောင်ရွက်**

၁၉၅၄ ခုနှစ်တွင် စိုက်ပျိုးရေးသုတေသနဗိမာန် (Agricultural Research Institute – ARI) အမည်ဖြင့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်း၌ စတင် တည်ထောင်ခဲ့ပြီး စပါးသီးနှံမျိုးနှင့် စိုက်ပျိုးထုတ်လုပ်ရေး နည်းပညာဆိုင်ရာ သုတေသနများကို စတင်ဆောင်ရွက် ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ပျဉ်းမနားမြို့နယ် ရေဆင်းနယ်မြေ သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ နိုင်ငံတော်၏လယ်ယာစိုက် ပျိုးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက် လာစေရန် ရည်ရွယ်လျက် စိုက်ပျိုးရေးသုတေသနကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနအဖြစ် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် အဆင့်မြှင့်တင်ဖွဲ့စည်းခဲ့ပြီး ယခုနှစ် တွင် (၁၆) နှစ်ပြည့်ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအရ မိုးစပါး ၆၀ ရာခိုင်နှုန်းကျော်နှင့် နွေစပါး ၉၀ ရာခိုင်နှုန်း ကျော်တို့တွင် စပါးမျိုးပေါင်း ၃၀ ကျော်သည် စိုက်ပျိုးရေး သုတေသနမှ မွေးမြူထုတ်လုပ်ထားသည့် မျိုးများဖြစ်ပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် စပါး၊ စပ်မျိုး စပါးအပြင် ပြောင်းဖူး၊ စပ်မျိုးပြောင်းဖူး (ရေဆင်းစပ်မျိုး)၊ ဂျုံ၊ နံစားပြောင်း၊ ဆီထွက်သီးနှံများဖြစ်ကြသည့် မြေပဲ (ဆင်းပဒေသာ)၊ နှမ်း(ဆင်းရတနာ)၊ နေကြာ၊ စပ်မျိုးနေကြာ (ရေဆင်းစပ်မျိုးနေကြာ)နှင့် ပဲမျိုးစုံသီးနှံများ၊ ဟင်းသီး ဟင်းရွက်နှင့် သစ်သီးဝလံများ၊ ကြံ (DAR မျိုးများ)၊ ဝါနှင့် ဂုန်လျှော်၊ ချည်ပေါင်လျှော်သီးနှံများ မျိုးမွေးမြူခြင်း သုတေသနမှ သီးနှံမျိုးပေါင်းနှစ်ရာကျော်ကို မွေးမြူထုတ် လုပ်နိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပိုမိုကောင်းမွန်အောင်ဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့် ရေးဦးစီးဌာနအောက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရ နည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုအထက်တန်း ကျောင်းများ၏ ၂၀၁၉ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် TVET သက်မွေးပညာရေးကဏ္ဍလုပ်ငန်း စဉ်များ၏ အားသာချက်၊ အားနည်းချက်၊ အခက်အခဲများ နှင့် စိန်ခေါ်မှုများကို ပြန်လည်ဆွေးနွေးညှိနှိုင်းသုံးသပ်ကာ အားသာချက်များကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ပြီး အားနည်းချက်၊ အခက်အခဲများကို ဖြေရှင်းပြင်ဆင်၍ ပိုမို ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း ၂၀၁၆ – ၂၀၂၁ အရ ပညာပြုပြင်ပြောင်းလဲမှုများ ကို အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်မထားရေး၊ ကျောင်းထွက်သူ ပပျောက်ရေးမူဝါဒများ ချမှတ်ဆောင်ရွက်ခြင်းသည် အခြေခံပညာရေးကဏ္ဍ သာမက TVET သက်မွေးပညာရေးကဏ္ဍ၊ အဆင့်မြင့်ပညာ ကဏ္ဍများတွင် အလေးထားကျင့်သုံးဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်နိုင်ငံလုံးရှိ လူငယ် လူရွယ်များကို နည်းပညာ၊ သက်မွေးပညာများ တစ်နှစ် ထက်တစ်နှစ် ပိုမိုသင်ယူနိုင်သည့် အခွင့်အလမ်းများရရှိ ရေးဆောင်ရွက်နေပါကြောင်း၊ သင်ကြားပို့ချပေးနေသည့် သင်တန်းများ အရည်အသွေးရှိစေရေး အထူးအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။



**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

ကျောင်းသား ကျောင်းသူများ ကျွမ်းကျင်မှု Skills ကို ပိုမိုရရှိစေရန် Technical Stream နှင့် Vocational Stream ဟူ၍ Stream နှစ်ခုဖြင့် သင်ကြားနိုင်ရေးအတွက် ၂၀၂၁ – ၂၀၂၂ ပညာသင်နှစ်မှစ၍ အစိုးရနည်းပညာနှင့် သက်မွေး ပညာအထက်တန်းကျောင်း (GTVHS) များကို ပညာသင်နှစ် နှစ်နှစ်ဖြင့် အကောင်အထည်ဖော်နိုင်ရေး EU Budget Support အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ Vocationl သင်တန်းများအတွက် Hotel and Tourism, Banking, Accounting စသည့် သင်တန်းများ ဖွင့်လှစ် သွားမည်ဖြစ်ကြောင်း၊ ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် ကာလတိုသင်တန်းများကို ကျောင်းအစီအစဉ်ဖြင့် ဖွင့်လှစ် ပြီး ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ အသင်းအဖွဲ့များနှင့် ပူးပေါင်းဖွင့်လှစ်ကာ ကျောင်းသား လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရည်အသွေးမြှင့်တင်ရေး သင်တန်းများ၊ အဆင့်မြင့်နည်းပညာဆိုင်ရာသင်တန်းများ၊ ကျွမ်းကျင်မှုအခြေပြု ကာလတိုသင်တန်းများနှင့် သက်မွေး ပညာသင်တန်းများကို တိုးချဲ့ဖွင့်လှစ်နိုင်ရေး ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လုပ်ငန်း ဆိုင်ရာ လိုအပ်ချက်များကို ပြောကြားပြီး နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားကြသည်။

**သတင်းစဉ်**

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများ ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀-၁-၂၀၂၀ ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂-၁၂-၂၀၁၉ ရက်မှ ၁၀-၁-၂၀၂၀ ရက်အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ လေးဦးကို လည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ သတင်းစာ တစ်ဦး၊ ဂျာနယ် တစ်ဦး၊ မဂ္ဂဇင်းနှစ်ဦး၊ အထွေထွေ ၃၀ ပေါင်း ၃၄ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလျှောက်ထားသူ ၁၁ ဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၁၆ ဦး ထုတ်ဝေခြင်းလုပ်ငန်း ၂၇၉၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၂၇၂ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၆၈၂ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၄ / ၂၀၂၀**
**၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**ကို ဤရုံးတွင်ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ပျဉ်းပင်ကျေးရွာနေ ကျော်စံလင်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၁-၂၀၂၀ ရက်နေ့တွင် ကျွန်းလှမြို့နယ်၊ ပျဉ်းပင်ကျေးရွာနေ ကျော်စံလင်း(ခ)ကျော်စံကွေး(၄၄)နှစ်၊ (ဘ)ဦးဘသွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျွန်းလှ)မယ(ပ)၁/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၉(က)/၂၀ (က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကျည်စုရပ်ကွက်နေ ချစ်ကိုသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁-၂၀၂၀ ရက်နေ့တွင် ဒေါပုံမြို့နယ်၊ ကျည်စုရပ်ကွက်နေ ချစ်ကို(ခ) ချစ်မျိုးကို(၃၅)နှစ်၊ (ဘ)ဦးမြသောင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒေါပုံ) မယ(ပ) ၆/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်နေ ဒေါ်ခင်လေးမြင့်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၁-၂၀၂၀ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်နေ ဒေါ်ခင်လေးမြင့် (ခ)ပွကြီး(၄၈)နှစ်၊ (ဘ) ဦးသိန်းနိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်နေ ဇော်ဦး (၃၄) နှစ်၊ (ဘ) ဦးသိန်းဇော်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(အင်းစိန်) မယ(ပ) ၁၂/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ဟိုပုံးမြို့၊ တောင်ရပ်ကွက်နေ ကျော်လှိုင်နှင့် အေးလွင်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၁-၂၀၂၀ ရက်နေ့တွင် ဟိုပုံးမြို့၊ တောင်ရပ်ကွက်နေ ကျော်လှိုင်(၅၂) နှစ်၊ (ဘ)ဦးလှဆောင်၏ နေအိမ်ဈေးဆိုင်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဟိုပုံး) မယ(ပ) ၇/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့်လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်နေ အေးလွင်(၄၁)နှစ်၊ (ဘ) ဦးလှမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဟိုပုံး)မယ(ပ) ၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင်းနှင့် မြို့ပေါ်ရပ်ကွက်များ၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၉)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား (၂၆)ဦး၊ မ(၃)ဦး၊ ပေါင်း (၂၉)ဦးတို့အား ဘိန်းဖြူများ၊ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။ ၂၁-၁-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်နေ မြင့်လှိုင်(ခ) အသဲလေး(၃၆)နှစ်၊ (ဘ) ဦးမောတန်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အစ်ကိုဖြစ်သူ သန်းနိုင်(ခ) အပုလေး(၄၁)နှစ်၊ ညီဖြစ်သူ မင်းမင်းထွန်း (ခ) တင်ရှိန် (၃၀)နှစ်၊ ၎င်းလမ်းနေရာ ထွန်းသာ(ခ) ကျန်ကျောင်း (၂၀) နှစ်၊ (ဘ) ဦးမောင်ကျော်နှင့်ညီဖြစ်သူ သန့်ဇင်ဖြိုး(ခ) အငယ်လေး (၁၉)နှစ်၊ ၎င်းရပ်ကွက်နေ ရန်အောင်နိုင်(ခ) ရန်နိုင် (၃၁)နှစ်၊ (ဘ) ဦးအောင်မြင့်၊ စိန်ပန်းရပ်ကွက်နေ ပြည့်ဖြိုးကျော် (ခ)ဖိုးလပြည့်(၂၅)နှစ်၊ (ဘ)ဦးကျော်ဌေး၊ ဇော်လင်းအောင် (၂၉)နှစ်၊ (ဘ) ဦးတိုးမောင်၊ ကံသာရပ်ကွက်နေ ဝေလွင်ဖြိုး (ခ)ကိုတူး (၂၉)နှစ်၊ (ဘ) ဦးမင်းလွင်၊ ကန်အောက်ရပ်ကွက်နေ စိုင်းသိန်းဟန် (၃၁)နှစ်၊ (ဘ) ဦးစိုင်းထွန်းမြင့်တို့ (၁၀) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ကြီး)မယ(ပ)၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသောသတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၅-၁-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၉၅၇)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၁၂၃၆)ဦး၊ မ(၂၄၄)ဦး၊ ပေါင်း(၁၄၈၀)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၄၉၄.၉၈၁၄)ဂရမ်၊ ICE (၁၃၄၇.၄၂)ဂရမ်၊ ဘိန်း(၄၀၃၃၉.၀၂၁၆၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၆၆၁.၂၇)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၃၀.၇၆)ဂရမ်၊ ဘိန်းစာရွက်(၁၂၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၄၆၂၇၀၇)ပြား၊ ဆေးခြောက် (၁၀၃၁၀.၄၂) ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၅၅.၄၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၉) လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့် ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"**အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**
**အော်တိုတယ်လီဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၀၀
**ဖက်စ်ဖုန်းနံပါတ်** - ၀၆၇-၃၉၀၂၃၃
**အီးမေးလ်လိပ်စာ** - antinarcotics@presidentoffice.gov.mm



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ချက်သမ္မတနိုင်ငံ၏ President of the Senate of the Parliament ဖြစ်သူ Mr. Jaroslav Kubera ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

**ရန်ကုန် ဇန်နဝါရီ ၂၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ချက်သမ္မတနိုင်ငံ၏ President of the Senate of the Parliament ဖြစ်သူ Mr. Jaroslav Kubera ကွယ်လွန်ခဲ့သည့်အတွက် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် သွားရောက်လက်မှတ်ရေးထိုးသည်။

ချက်သမ္မတနိုင်ငံ၏ President of the Senate of the Parliament ဖြစ်သူ Mr. Jaroslav Kubera သည် ကွယ်လွန်ချိန်၌ အသက် ၇၃ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## Around the World အစီအစဉ် ထိုင်းနိုင်ငံမှ လာရောက်မှတ်တမ်းရိုက်ကူး

**ရန်ကုန် ဇန်နဝါရီ ၂၇**

ထိုင်းနိုင်ငံမှ Around the World အစီအစဉ်ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့ရှိ ဆူးလေဘုရားတစ်ဝိုက်နှင့် ပန်းဆိုးတန်းလမ်းတစ်လျှောက်ရှိ ရှေးဟောင်းအဆောက်အဦများ မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်းကို ရိုက်ကူးသည်။

အဆိုပါရိုက်ကူးရေးအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ရှိ ဆူးလေဘုရားတစ်ဝိုက်မှ ရှေးဟောင်းအဆောက်အဦများနှင့် ရှုခင်းများ၊ အများပြည်သူသွားလာလှုပ်ရှားနေမှုများ၊ Myanmar Plaza ရှိ Yoogane စားသောက်ဆိုင်၊ ဗိုလ်တထောင်မြို့နယ်၊ ၄၁ လမ်းနှင့် ကျောက်တံတားမြို့နယ်၊ ၃၅ လမ်းရှိ အဆောက်အဦများ ပြုပြင်နေမှု၊ ၄၁ လမ်း နောက်ဖေးလမ်းကြား အလှဆင်ထားမှုနှင့် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မရမ်းစုကျေးရွာရှိ ကရင်နှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော်တွင် လက်ဖွဲ့ယှဉ်ပြိုင်ထိုးသတ်နေပုံတို့ကို မှတ်တမ်းရိုက်ကူးခဲ့သည်။

ထို့ပြင် ရန်ကုန်မြို့ရှိ အမျိုးသားစာကြည့်တိုက်နှင့် ရန်ကုန်မြို့ ရှုခင်းများကိုလည်း ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်း၊ ထိုသို့ ရိုက်ကူးထားမှုများကို ထိုင်းရုပ်မြင်သံကြားလိုင်း (PPTV HD 36) တွင် Around the World အစီအစဉ်အဖြစ် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာသိန်း(FDC)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး 2019 Novel Coronavirus ကာကွယ်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးညှိနှိုင်းဆွေးနွေးပွဲ တက်ရောက်



**နေပြည်တော် ဇန်နဝါရီ ၂၇**

2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါကာကွယ်ကုသရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ဆေးတက္ကသိုလ်(၁)ရန်ကုန်၌ ကျင်းပသည်။

### လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်

အစည်းအဝေး၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက နိုင်ငံတကာမှ ပြည်တွင်းသို့ဝင်ရောက်လာသည့် ခရီးသည်များကို ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပြည်တွင်းသို့ဝင်ရောက်စဉ်က သံသယလက္ခဏာများ မရှိသော်လည်း ရောဂါပျိုးချိန်အတွင်း သံသယလက္ခဏာများပေါ်ပေါက်ပါက စောစီးစွာ တုံ့ပြန်ဆောင်ရွက်မှုတို့တွင် အထူးအရေးကြီးပါကြောင်း၊ သံသယလူနာများတွေ့ရှိပါက လူနာလွှဲပြောင်းမှု၊ သီးခြားခန်းတွင်ထားရှိကုသမှုများကို လုပ်ထုံး လုပ်နည်းများနှင့်အညီ တင်းကြပ်စွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအတွင်းသာမက နီးနွယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ပါ ချိန်သားကိုက်ချိတ်ဆက်ဆောင် ရွက်မှုများ ကောင်းမွန်ရေးသည် အထူးအရေးကြီးပါကြောင်း။

### ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ထို့အပြင် နီးနွယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် သတင်းအချက်အလက်များ အပြန်အလှန်ဆက်သွယ်ပေးပို့ရေးသည် အရေးကြီးပါကြောင်း၊ ယခုအစည်းအဝေး၏ ဆွေးနွေးမှုများကို တက်ရောက်လာကြသူများသာမက နိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံအုပ်များသိရှိရန် ဖြန့်ဝေသွားရမည်ဖြစ်ကြောင်း၊ ကုသရေး၊ ပြည်သူ့ကျန်းမာရေးနှင့် ဓာတ်ခွဲဆိုင်ရာကဏ္ဍများအနေဖြင့် တူညီသော သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီရရှိရန်၊ အပြန်အလှန်သတင်းဖလှယ်ရန် ဆက်သွယ်ရေးကွန်ရက်လမ်းကြောင်းတစ်ခု ချက်ချင်းဖော်ဆောင်ထားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ရန် ဗဟိုကော်မတီနှင့်လုပ်ငန်းကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်သည့်ဌာန၊ တာဝန်ရှိသူများ အချိန်ကိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် (synchronized coordination and collaboration) လုပ်ကိုင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများက 2019 Novel Coronavirus (2019–nCoV) ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ဖြစ်ပွားပျံ့နှံ့မှုများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အပါအဝင် နိုင်ငံတကာကျန်းမာရေးအဖွဲ့အစည်းများမှ ထုတ်ပြန်ကြေညာချက်များ၊ မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ နိုင်ငံတကာဝင်ပေါက်/ ထွက်ပေါက်လမ်းကြောင်းများ၌ ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေမှု၊ လုပ်ငန်းလမ်းညွှန်များ ဖြန့်ဝေထားရှိမှု၊ သံသယလူနာများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းကုသမှုအတွက် စီစဉ်ထားရှိမှု၊ ဆေးရုံများတွင် သံသယလူနာများအတွက် သီးခြားခန်းများ ပြင်ဆင်ထားရှိမှု၊ ပြည်သူများထံ ကျန်းမာရေးအသိပေးချက်နှင့် အသိပညာများ ဖြန့်ဝေထားရှိမှု၊ နီးနွယ်ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှု၊ ရောဂါဖြစ်ပွားရာဒေသများမှ ဝင်ရောက်လာသော ခရီးသည်များသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်စဉ်က သံသယဖြစ်ဖွယ် လက္ခဏာများမရှိသော်လည်း ရောဂါပျိုးချိန်အတွင်း ရောဂါဖြစ်ပွားမှုသံသယရှိပါက စောစီးစွာ ထောက်လှမ်းသိရှိရန်၊ ကုသပေးရန်နှင့် အခြားသူများထံ ရောဂါပြန့်ပွားမှုမရှိစေရန်တို့အတွက် တုံ့ပြန်ဆောင်ရွက်မှုများပြုလုပ်ရန် ဆောင်ရွက်ထားရှိမှု၊ ဆေးနှင့်ဆေးပစ္စည်း၊ ဘဏ္ဍာရေးကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ ဆေးရုံအုပ်ကြီးများနှင့် ဒုတိယဆေးရုံအုပ်ကြီးများက ဆွေးနွေးအကြံပြုမှုများ ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ကျင်းပသည့် ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကဆေးရုံလုပ်ငန်းများမှ တာဝန်ရှိသူများက ရောဂါစောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အသိပေးရှင်းလင်းဆွေးနွေးပွဲကို တက်ရောက်သည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာ ဝင်ပေါက်/ ထွက်ပေါက်လမ်းကြောင်းများ၌ သေချာစွာ ရောဂါစောင့်ကြပ်ကြည့်ရှုဆောင်ရွက်နိုင်ပါက သံသယလူနာများနှင့် ရောဂါဖြစ်ပွားသူများကို စောစီးစွာ သိရှိထောက်လှမ်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လက်ရှိထုတ်ပြန်ချက်များအရ 2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ၏ ရောဂါပျိုးချိန်သည် ရက်သတ္တ နှစ်ပတ်ခန့်ရှိသဖြင့် ရောဂါဖြစ်ပွားရာဒေသများမှ ဝင်ရောက်လာသော ခရီးသည်များသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်စဉ်က သံသယဖြစ်ဖွယ် လက္ခဏာများမရှိ၊ နာမကျန်းမှုမရှိသော်လည်း ရောဂါပျိုးချိန်အတွင်း ရောဂါဖြစ်ပွားမှုရှိနိုင်ပါကြောင်း။

ထိုသို့သော လူနာများကို စောစီးစွာ ထောက်လှမ်းသိရှိရန်၊ ကုသပေးရန်နှင့် အခြားသူများထံ ရောဂါပြန့်ပွားမှုမရှိရန်အတွက် အရေးကြီးသဖြင့် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါရောဂါသည် လူတစ်ဦးတွင် ရောဂါရှိပါက အခြားသူများသို့ မကူးစက်နိုင်သည့် သွေးတိုး၊ ဆီးချိုနှလုံးရောဂါတို့ကဲ့သို့ မဟုတ်ဘဲ လူတစ်ဦးမှတစ်ဦးထံ ကူးစက်နိုင်သည့်ရောဂါဖြစ်သဖြင့် အဖွဲ့အစည်းများနှင့် ပြည်သူများ တစ်ဦးချင်းစီမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း။

### အကြောင်းကြားထား

ထိုသို့ ဆောင်ရွက်ရာတွင် ဟိုတယ်လုပ်ငန်းဆောင်ရွက်သူများ၊ ဟိုတယ်နှင့် တည်းခိုခန်းဝန်ထမ်းများနှင့် ခရီးသွားကုမ္ပဏီများနှင့် ဧည့်လမ်းညွှန်များ၏ အခန်းကဏ္ဍသည် ယခုအချိန်၌ အလွန်အရေးကြီးပါကြောင်း၊ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော Health Declaration Form ကို ပြည်ပမှ လေကြောင်းခရီးဖြင့် လာရောက်သည့် ခရီးသည်များကို စနစ်တကျပြည့်စုံစွာ ဖြည့်စွက်ထားမှသာ ပြည်တွင်းသို့ဝင်ရောက်ခွင့်ပြုရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတကာလေကြောင်းလိုင်းများသို့ အကြောင်းကြားထားပြီး ဆောင်ရွက်နေပြီဖြစ်ကြောင်း။

နိုင်ငံတကာ ခရီးသွားများ မြန်မာနိုင်ငံသို့ ဝင်ရောက်စဉ်တွင် တည်းခိုနေထိုင်မည့် ဟိုတယ်နှင့်တည်းခိုခန်းလိပ်စာများ၊ သွားလာမည့်နေရာဒေသများကို အဆိုပါ Health Declaration Form များတွင် ဖြည့်သွင်းစေပြီး မှတ်သားထားရှိပါကြောင်း၊ သက်ဆိုင်ရာတည်းခိုခန်းနှင့် ဟိုတယ်များမှ တာဝန်ရှိသူများနှင့် ခရီးသွားလမ်းညွှန်များအနေဖြင့် လာရောက်တည်းခိုသည့်နိုင်ငံတကာခရီးသည်များတွင် ရောဂါဖြစ်ပွားမှု သံသယလက္ခဏာများ တွေ့ရှိရခြင်း၊ နာမကျန်းဖြစ်ခြင်းတို့ကိုတွေ့ရှိပါက သတ်မှတ်ထားသော ကျန်းမာရေးဌာနသို့ တယ်လီဖုန်းဖြင့် ချက်ချင်းအကြောင်းကြားပေးကြစေလိုပါကြောင်း၊ ဆေးရုံမှတာဝန်ရှိသူများကလည်း ချက်ချင်း တုံ့ပြန်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ရောဂါ၏ သံသယလက္ခဏာများကို တည်းခိုခန်းနှင့် ဟိုတယ်များမှ ဝန်ထမ်းများ၊ ခရီးသွားလမ်းညွှန်များနှင့် ခရီးသည်များသိရှိစေရေး ကျန်းမာရေးအသိပညာပေး ဗီနိုင်းပိုစတာများကို ဟိုတယ်နှင့်တည်းခိုခန်းများတွင် အမြန်ဆုံး တပ်ဆင်ထားရှိပေးကြစေလိုပါကြောင်း၊ ပုဂ္ဂလိကဆေးရုံဆေးခန်းများအနေဖြင့် 2019 Novel Coronavirus ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ သံသယလူနာများ လာရောက်ပြသမှုရှိပါက လုပ်ထုံးလုပ်နည်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ခြင်း၊ သတ်မှတ်ထားသောဆေးရုံသို့ ချက်ချင်းသတင်းပေးပို့ အကြောင်းကြားခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

### ပူးပေါင်းပါဝင်ဆောင်ရွက်

ပြည်သူများအနေဖြင့် ထိုသို့သံသယရောဂါလက္ခဏာများနှင့် လူနာများကိုတွေ့ရှိပါက သက်ဆိုင်ရာမြို့နယ်ရှိ ကျန်းမာရေးဌာနသို့ အကြောင်းကြားပေးနိုင်ရန် အရေးပေါ် (၂၄) နာရီဆက်သွယ်ရေးလမ်းကြောင်း ထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများပြည်သူသုံး ဘတ်စ်ကားများတွင် ရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေး စတစ်ကာများ တပ်ဆင်ထားရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

ယခုကဲ့သို့ အစပိုင်းကာလတွင် ကျန်းမာရေးဝန်ထမ်းများ၊ တည်းခိုခန်းနှင့်ဟိုတယ်များမှ ဝန်ထမ်းများ၊ ခရီးသွားလမ်းညွှန်များ၊ ပြည်သူများနှင့်ခရီးသည်များ ကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ရောဂါကာကွယ်နှိမ်နင်းမှုလုပ်ငန်းများ ထိရောက်အောင်မြင်မည်ဖြစ်ကြောင်း၊ ရောဂါ၏ ရောဂါဖြစ်ပေါ်ပြောင်းလဲမှု သဘောသဘာဝ (natural history of disease) ဖြစ်စဉ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နိုင်ငံတကာ ကျန်းမာရေးအဖွဲ့အစည်းများက ဆက်လက်လေ့လာလျက်ရှိပါကြောင်း။

### အကြံပြုတိုက်တွန်းထား

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် အဆိုပါရောဂါဖြစ်ပွားမှုများကို ပြည်သူ့ကျန်းမာရေးဆိုင်ရာ နိုင်ငံတကာအရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားခြင်းမရှိသေးသော်လည်း ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန် အကြံပြုတိုက်တွန်းထားသည်နှင့်အညီ ဝန်ကြီးဌာနက ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့် အင်တာနက်ကွန်ရက်မှ သတင်းအချက်အလက်များကို လေ့လာကြည့်ရှုသည့်အခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ US CDC၊ နိုင်ငံတကာ ကျန်းမာရေးဝန်ကြီးဌာနများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တရားဝင် အင်တာနက်စာမျက်နှာများစသည့် ခိုင်မာသော သတင်းအရင်းအမြစ်များမှ သတင်းအချက်အလက်များကို လေ့လာရမည်ဖြစ်ပါကြောင်း။

အခြားခိုင်မာမှုမရှိသော သတင်းအရင်းအမြစ်များမှ အချက်အလက်များကို စိတ်ချရသော သတင်းအရင်းအမြစ်များမှ အချက်အလက်များနှင့် ချိန်ထိုးတိုက်ဆိုင်စေလိုပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် နိုင်ငံတကာတွင် 2019 Novel Coronavirus (2019–nCoV)ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါဖြစ်ပွားမှု၊ ကူးစက်ပြန့်ပွားမှုနှင့် သေဆုံးမှုများကို မျက်ခြည်မပြတ်လေ့လာ၍ တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအနေဖြင့် မိမိတို့လုပ်ဆောင်နိုင်သည့်ကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာထွန်းတင်က ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ရောဂါနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နောက်ဆုံးရရှိထားသော အချက်အလက်များကိုလည်းကောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး(တာဝန်) ဒေါက်တာသန်းနိုင်စိုးက ပြည်သူများထံ ရောဂါကာကွယ်ရေးနှင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး ကျန်းမာရေးအသိပညာများ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေဆောင်ရွက်နေသည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာသူကြများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ ပြည်သူ့ကျန်းမာရေး၊ ကုသရေးနှင့် ဓာတ်ခွဲပညာရှင်များက ပြန်လည်ဖြေကြားကြသည်။

**သတင်းစဉ်**

> **ပြည်သူများအနေဖြင့် အင်တာနက်ကွန်ရက်မှ သတင်းအချက်အလက်များကို လေ့လာကြည့်ရှုသည့်အခါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ US CDC၊ နိုင်ငံတကာ ကျန်းမာရေးဝန်ကြီးဌာနများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တရားဝင် အင်တာနက်စာမျက်နှာများ စသည့် ခိုင်မာသော သတင်းအရင်းအမြစ်များမှ သတင်းအချက်အလက်များကို လေ့လာရမည်ဖြစ်**

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃၄ / ၂၀၂၀ )
၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက် )

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈.၁.၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၆)၊ ၁၆.၅.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၈/၂၀၁၇) နှင့် ၁၅.၅.၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၁/၂၀၁၈) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁) ကြည်း ၂၄၉၂၀ ဒုတိယဗိုလ်မှူးကြီးကျော်ဇေယျ — အစား — ကြည်း ၂၀၁၇၇ ဗိုလ်မှူးချုပ်ဝင်းမိုး
(၂) ကြည်း ၂၈၁၆၁ ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး — အစား — ကြည်း ၂၀၃၃၁ ဗိုလ်မှူးချုပ်သက်ထွန်းအောင်
(၃) ကြည်း ၃၁၂၂၅ ဒုတိယဗိုလ်မှူးကြီးအောင်ဇင်မင်း — အစား — ကြည်း ၂၁၃၄၉ ဗိုလ်မှူးကြီးကျော်ကျော်မင်း
(၄) ကြည်း ၂၄၂၁၈ ဗိုလ်မှူးစိန်ထွန်း — အစား — ကြည်း ၂၃၇၀၈ ဗိုလ်မှူးကြီးအေးလွင်
(၅) ကြည်း ၂၀၃၁၃ ဗိုလ်မှူးသန်းဝင်း — အစား — ကြည်း ၂၃၇၁၂ ဗိုလ်မှူးကြီးအောင်ကျော်မျိုး
( ၆ ) ကြည်း ၃၀၁၀၅ ဗိုလ်မှူးဇင်မျိုးလတ် — အစား — ရေ ၁၃၆၉ ဗိုလ်မှူးချုပ်အောင်ဇော်လှိုင်

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃၅ / ၂၀၂၀ )
၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈. ၁. ၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆)၊ ၃၀. ၁၀. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၅/၂၀၁၇) နှင့် ၆. ၁၁. ၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၆၈/၂၀၁၈) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(၁) ကြည်း ၃၃၅၂၀ ဗိုလ်မှူးကျော်မိုးသွင် — အစား — လေ ၁၉၁၄ ဗိုလ်မှူးချုပ်ဇော်မြင့်စန်း
(၂) ကြည်း ၃၁၇၇၄ ဒုတိယဗိုလ်မှူးကြီးတင်ထွန်းအောင် — အစား — ကြည်း ၂၀၈၀၈ ဗိုလ်မှူးချုပ်နေမျိုးအောင်
(၃) ကြည်း ၄၂၅၄၈ ဗိုလ်မှူးဇာနည်ထက်အောင် — အစား — ကြည်း ၄၅၄၅၄ ဗိုလ်မှူးဝင်းမင်းထွန်း
(၄) ကြည်း ၂၃၀၄၈ ဗိုလ်မှူးဇဝန — အစား — ကြည်း ၃၉၂၂၁ ဗိုလ်မှူးဇော်ထွန်း

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၃၆/ ၂၀၂၀)
၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၃၀.၁၀.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂၆/၂၀၁၇)၊ ၁.၁၁.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၇/၂၀၁၇)၊ ၁၅ . ၅. ၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၃/၂၀၁၈) နှင့် ၆. ၁၁. ၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁၆၉/၂၀၁၈) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**ချင်းပြည်နယ်လွှတ်တော်**
(၁) ကြည်း ၆၆၅၉၀ ဗိုလ်ကြီးအောင်ကျော်သက် — အစား — ကြည်း ၄၈၁၈၀ ဗိုလ်ကြီးခိုင်လွင်ထူး

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**
(၂) ကြည်း ၄၈၁၉၅ ဗိုလ်ကြီးရဲမွန်ကျော် — အစား — ကြည်း ၆၆၂၃၈ ဗိုလ်ကြီးဇင်ကိုမောင်

**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**
(၃) ကြည်း ၄၈၇၄၆ ဗိုလ်ကြီးကျော်စွာဝင်း — အစား — ကြည်း ၄၈၇၉၇ ဗိုလ်ကြီးညီညီဇော်
(၄) ကြည်း ၆၆၁၈၃ ဗိုလ်ကြီးဝေမိုးနောင် — အစား — ကြည်း ၄၈၄၄၈ ဗိုလ်ကြီးကျော်စည်သူ


**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**
(၅) ကြည်း ၃၆၄၃၀ ဗိုလ်မှူးဖြိုးသီဟကျော် — အစား — ကြည်း ၄၂၃၈၁ ဗိုလ်မှူးဇော်မျိုးဝေ

**မွန်ပြည်နယ်လွှတ်တော်**
(၆) ရေ ၄၁၉၂ ဗိုလ်မှူးမြတ်သူရခိုင် — အစား — ရေ ၄၂၄၃ ဗိုလ်မှူးဝေလင်းအောင်

**ရှမ်းပြည်နယ်လွှတ်တော်**
(၇) ကြည်း ၃၄၇၀၆ ဗိုလ်မှူးဆန်းလင်းကြည် — အစား — ကြည်း ၃၉၁၃၂ ဗိုလ်မှူးဆန်းလင်းထွန်း

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

MEB Two Step Loan အစီအစဉ်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေထုတ်ချေးပေးနိုင်မှု အခြေအနေ
(၂၄-၄-၂၀၁၈) မှ (၃၁-၁၂-၂၀၁၉) ရက်နေ့အထိ




ဓာတ်မြစ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။



# ကာကွယ်၍ ပြုစုပါ

ဒေါက်တာခင်မောင်လွင်


တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့တွင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလဆန်းမှစ၍ ဖြစ်ပွားခဲ့သော နိုဗယ်ကိုရိုနာဗိုင်းရပ်(စ်) ကူးစက်ရောဂါမှာ နှစ်လမပြည့်သေးခင် သူတို့နိုင်ငံအတွင်း လူပေါင်း ၂၀၀၀ ကျော် ကူးစက်သွားခဲ့ပြီး အခြားနိုင်ငံများသို့ပါ လျင်မြန်စွာ ပျံ့နှံ့လျက်ရှိပါသည်။

**နိုင်ငံပေါင်း ၁၄ နိုင်ငံသို့ ပျံ့နှံ့**

နောက်ဆုံးရသတင်းမှာ နိုင်ငံပေါင်း ၁၄ နိုင်ငံသို့ ပျံ့နှံ့သွားပြီဖြစ်သော်လည်း မူလရောဂါကူးစက်ရာ ဝူဟန်မြို့နှင့် အဆက်အစပ်ရှိသော ကူးစက်မှုများသာဖြစ်နေပါသေးသည်။ မလေးရှား၊ စင်ကာပူ၊ ကနေဒါ၊ ဂျပန်၊ ဩစတြေးလျ၊ တောင်ကိုရီးယား၊ ပြင်သစ်၊ အမေရိကန်နှင့် ထိုင်းနိုင်ငံတို့နှင့် တရုတ်တိုင်ပေ၊ ဟောင်ကောင်၊ မကာအိုတို့သို့ ကူးစက်သွားကြောင်း တွေ့ရပါသည်။ မြန်မာနိုင်ငံသို့လည်း အချိန်မရွေး ကူးစက်ပျံ့နှံ့လာရန် အလားအလာရှိပါသည်။

ကူးစက်ခံရသူများထဲမှ လူ ၅၀ ကျော် သေပျောက်ခဲ့ပြီဖြစ်ပါသည်။ သို့ရာတွင် ယခင်ကဖြစ်ခဲ့ဖူးသော "ကူးစက်မြန် ပြင်းထန်အဆုတ်ရောင်ရောဂါ" (SARS)ကဲ့သို့ ကူးစက်မြန်သော်လည်း သေပျောက်နှုန်းနည်းသေးကြောင်း တွေ့ရပါသည်။ ကူးစက်သည့် ဗိုင်းရပ်(စ်)ပိုးမှာ သရဖူပုံစံရှိသဖြင့် ကိုရိုနာဟု အမည်တပ်ပေးခဲ့ပါသည်။ ယခုပိုးကို "2019–nCoV" ဟုသာ အမည်တပ်ထားသည့် ပုံပြောင်းပိုးသစ် နိုဗယ် (Novel) ဗိုင်းရပ်(စ်) ပင်ဖြစ်ပါသည်။

(၂၁)ရာစုအဝင်တွင် ဖြစ်ပွားခဲ့သော "SARS" ရောဂါမှာလည်း ဟောင်ကောင်မှတစ်ဆင့် ပျံ့နှံ့ခဲ့ပါသည်။ "ကြောင်ကတိုး" များမှတစ်ဆင့် လူသို့ကူးစက်သည်ဟု ဆိုပါသည်။ SARS ရောဂါနောက်ပိုင်းပေါ်ပေါက်ခဲ့သော "MERS" ရောဂါမှာလည်း ကိုရိုနာဗိုင်းရပ်(စ်) မျိုးဖြစ်ပြီး "ကုလားအုတ်"များမှတစ်ဆင့် ကူးစက်ခဲ့ကာ အရှေ့အလယ်ပိုင်း(Middle – east) တွင် ဒုက္ခပေးခဲ့ပါသည်။ ယခုရောဂါပိုးမှာမူ "လင်းနို့"များမှတစ်ဆင့် လူသို့ကူးစက်ပြီး လူလူချင်းကူးစက်မှုများရှိလာပုံ ရပါသည်။



ကိုရိုနာဗိုင်းရပ်(စ်)ပုံကို တွေ့ရစဉ်။

မူလဇာစ်မြစ်မှာ ဝူဟန်မြို့ရှိ ပင်လယ်ငါးဈေးထဲမှ စသည်ဟု ဆိုပါသည်။ ငါးဈေးနှင့် လင်းနို့၊ လင်းနို့နှင့်လူ မည်ကဲ့သို့ ဆက်စပ်ကာ ရောဂါပိုးကူးစက်သွားသည်ကို အတိအကျမသိရသေးသော်လည်း ယခုရောဂါမှာ ကုသဆေးလည်းမရှိ၊ ကာကွယ်ဆေးလည်း မရှိသေးသဖြင့် သတိထားဖို့ လိုအပ်လျက်ရှိပါသည်။

**သတိကြီးစွာထားကာ ထိန်းချုပ်ဖို့လိုနေ**

ယခင်ကသုံးခဲ့သော ဗိုင်းရပ်(စ်)နှိမ်ဆေး တာမီဖလူး (Tamiflu)သည်လည်း အသုံးမဝင်ကြောင်း သိရပါသည်။ အအေးမိနှာစေးချောင်းဆိုးရောဂါပုံစံမှစ၍ အဆုတ်ရောင်ရောဂါ၊ နမိုးနီးယားရောဂါများဖြင့် လျင်မြန်စွာသေဆုံးခဲ့သည့် SARS ရောဂါ၏ အတွေ့အကြုံများကို အခြေခံ၍ သတိကြီးစွာထားကာ ထိန်းချုပ်ဖို့လိုနေပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)ကလည်း ကမ္ဘာကပ်နာ(Pandemic) မဖြစ်အောင် တပ်လှန့်လျက်ရှိပါသည်။

**သီအိုရီအတိုင်းထိန်းချုပ်ရန် မလွယ်ကူ**

ကျွန်တော်တို့နိုင်ငံနှင့် တရုတ်နိုင်ငံတို့မှာ ဥဒဟို ဆက်စပ်နေသောကြောင့် လေကြောင်းမှ ဝင်ပေါက်ကို ထိန်းချုပ်၍ ရနိုင်သည့်တိုင် လူစီးယာဉ်များ၊ ကုန်တင်ယာဉ်များနှင့် နယ်စပ်တစ်လျှောက်ကူးသန်းသွားလာမှုများကို သီအိုရီအတိုင်း ထိန်းချုပ်ရန် မလွယ်ကူလှပါ။

သို့ရာတွင် စိုးရိမ်မှုကိုလျော့စေသော သတင်းများလည်း ရှိနေပါသည်။ လောလောဆယ် သေဆုံးသူများမှာ အသက်ကြီးသူများ၊ ရောဂါအခံရှိသူများထံ ကူးစက်ခံရ၍ သေဆုံးကြောင်းပင် ဖြစ်ပါသည်။ နောက်တစ်ချက်မှာ လူလူချင်းကူးစက်ရာတွင် လေထဲ၌ အလွယ်တကူပျံ့နှံ့ကူးစက်ခြင်းထက် ပြုစုကုသသူများနှင့် ကျန်းမာရေးဝန်ထမ်းများထံ ကူးစက်မှုက ပို၍များကြောင်း တွေ့ရပါသည်။ ဆိုလိုသည်မှာ လေမှတစ်ဆင့် လွင့်ပျံလာသောအမှုန်အမွှားထဲတွင်ပါလာသော ဗိုင်းရပ်(စ်)ပိုးများကို ရှူသွင်းမိ၍ ကူးစက်ခံရခြင်းထက် လူနာနှင့် လူနာနှင့်သက်ဆိုင်သော ပတ်ဝန်းကျင်တွင် ပျံ့နှံ့ကျရောက်နေသော ပိုးများကို ထိကိုင်မိရာမှ ကူးစက်ခံရခြင်းမှာ အကြောင်းရင်းဖြစ်နေကြောင်း သိနိုင်ပါသည်။

ကျွန်တော်တို့အတွက်မူ ဤကူးစက်မှုပုံစံမျိုးမှာ ပို၍ပင်ဖြစ်နိုင်ပါသဖြင့် သတိကြီးစွာထားရန် လိုပါသည်။ လေထဲမှကူးစက်လျှင် နှာခေါင်းစည်း၊ ပါးစပ်စည်းများတပ်၍ ကာကွယ်နိုင်သည်ဟူသော အယူအဆမှာလည်း ဗိုင်းရပ်(စ်) ပိုးကဲ့သို့ ပျံ့နှံ့နေသဖြင့် နေရာတကာမှာ နှာခေါင်းစည်းလေးများဖြင့် သွားလာနေကြသည်ကို အရှေ့တိုင်းသားများကြားတွင် မြင်တွေ့နေရသော်လည်း လက်ကို စင်အောင်ဆေးသည့် အလေ့အထမှာမူ သိသိချည်းနှင့် မေ့လျော့နေကြောင်း၊ ထိုသို့ မေ့လျော့မှုသည် ရောဂါဖြစ်ရာ၊ သေဆုံးရာအကြောင်းရင်းဖြစ်နေကြောင်း အသိပညာပေးထားသော်လည်း လိုက်နာလုပ်ဆောင်မည့်သူ နည်းလှပါသည်။

**မိမိကိုယ်ကို ကာကွယ်ထားပြီးမှ ပြုစုဖို့လို**

အထူးသဖြင့် လူနာကိုပြုစုကြသူများမှာ မိမိကိုယ်ကို ကာကွယ်ထားပြီးမှ ပြုစုဖို့လိုအပ်နေပါသည်။ အပြောလွယ်သလောက် အလုပ်ခက်သဖြင့် မြန်မာတို့မှာ ကူးစက်ခံရမှုအန္တရာယ်များပါသည်။ ကျွန်တော်တို့၏ ယဉ်ကျေးမှုအခြေခံမှာ "ဂရုစိုက်ခြင်း" (Care) ပင်ဖြစ်ပြီး နာမကျန်းဖြစ်လာလျှင် "ကိုယ်ဖိရင်ဖိပြုစုသည်" ဟူသော စကားမှာ မည်မျှကြင်နာစွာပြုစုကြောင်းကို ဖော်ပြ တင်စားလေ့ရှိသော စကားပင်ဖြစ်ပါသည်။

ကျွန်တော်တို့ ကြုံတွေ့ဖြေရှင်းခဲ့ရသမျှ ကူးစက်ရောဂါဆိုးများတွင် ရောဂါရှိသူလူနာကိုယ်တိုင်က မဆင်မခြင်ပြုမူခြင်းထက် လူနာကိုပြုစုသူများက မိမိကိုယ်ကို သတိပြုကာကွယ်ထားမှုမရှိခြင်းကြောင့် ကူးစက်ခံရမှုက များပါသည်။

တစ်ချိန်က မော်လမြိုင်တက္ကသိုလ်တွင် ဆေးမတိုးသောအူရောင်ငန်းဖျား (တိုက်ဖွိုက်) ရောဂါဖြစ်စဉ်က မော်လမြိုင်ဆေးရုံသို့ တက်ရသော ကျောင်းသူတစ်ဦးအနားတွင် ဝိုင်း၍ပြုစုကြရာမှ ထိုကျောင်းသူ သေဆုံးသွားသောအခါတွင် ရောဂါပျံ့နှံ့မှုဆိုင်ရာ ပြဿနာများစွာ တက်ခဲ့ရဖူးပါသည်။

**တွင်တွင်ကျယ်ကျယ်သုံးရန်မလွယ်**

လေထဲသို့ ပျံ့နှံ့နိုင်သော ကိုရိုနာဗိုင်းရပ်(စ်)ပိုးများ ကူးစက်ပျံ့နှံ့မှု ကာကွယ်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ဝတ်ရုံနှင့် ပစ္စည်းများ( PPE ) ပေးအပ်ထားပြီးဖြစ်သော်လည်း လက်တွေ့တွင်မူ တွင်တွင်ကျယ်ကျယ် သုံးရန်မလွယ်လှပါ။ အာကာသသွားဝတ်စုံများနှင့် ဆင်တူသော်လည်း ပူအိုက်လှသဖြင့် ကြာကြာဝတ်ထားရန် မလွယ်ပါ။

မည်မျှခက်ခဲသည်ဖြစ်စေ လက်အိတ်များ၊ နှာခေါင်းစည်းများ (အထူးသဖြင့် ဗိုင်းရပ်(စ်)ပိုးကို ကာကွယ်နိုင်သော N 95) ကို မပျက်မကွက်တပ်ဆင်ရမည့် အချိန်မှာ လူနာများကို ကိုယ်တိုင်ပြုစုရမည့် အချိန်ပင် ဖြစ်သည်။

PPE ဝတ်ဆင်နည်း၊ နှာခေါင်းစည်းတပ်ဆင်နည်းများသည် အတိအကျလိုက်နာရန်လိုသော ပညာရပ်ဖြစ်ပါသည်။ ထို့အတူပင် မိမိတို့လက်ကို ဆပ်ပြာနှင့် ရေသန့်သန့်ဖြင့် ဆေးကြောရုံသာမက ခြောက်သွေ့အောင်ထားခြင်း၊ လက်ဆေးရမည့် အချိန်များကို သိရှိသတိရလိုက်နာခြင်းများသည် အပြောလွယ်သလောက် အလုပ်ခက်ပါသည်။ အသိပညာ မည်မျှရှိရှိ သတိမရှိဘဲ ပေါ့လျော့မိသည့် အချိန်တွင် ရောဂါဘေးဒုက္ခ ကြုံတွေ့ရနိုင်ပါသည်။

အခြားလိုက်နာ လုပ်ဆောင်ရန် ကာကွယ်နည်းများစွာရှိသော်လည်း လုပ်ဆောင်ရလွယ်သော ကာကွယ်နည်းများကို လူတိုင်းက သိရှိကြကာ ဖျားနာသူများ တွေ့ကြုံလာလျှင်လည်း စိုးရိမ်စရာမလိုဘဲ မိမိကိုယ်ကို ဦးစွာကာကွယ်၍ မပျက်မကွက် ဝိုင်းဝန်းပြုစုကြရန် လိုအပ်ပါကြောင်း တိုက်တွန်းလိုပါသည်။ ။

**လေထဲသို့ပျံ့နှံ့နိုင်သော ကိုရိုနာဗိုင်းရပ်(စ်)ပိုးများ ကူးစက်ပျံ့နှံ့မှု ကာကွယ်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ဝတ်ရုံနှင့် ပစ္စည်းများ(PPE) ပေးအပ်ထားပြီးဖြစ်သော်လည်း လက်တွေ့တွင်မူ တွင်တွင်ကျယ်ကျယ်သုံးရန် မလွယ်လှပါ။**

**မည်မျှခက်ခဲသည်ဖြစ်စေ လက်အိတ်များ၊ နှာခေါင်းစည်းများ (အထူးသဖြင့် ဗိုင်းရပ်(စ်)ပိုးကို ကာကွယ်နိုင်သော N 95) ကို မပျက်မကွက် တပ်ဆင်ရမည့်အချိန်မှာ လူနာများကို ကိုယ်တိုင်ပြုစုရမည့်အချိန်ပင်ဖြစ်**

## ညောင်ရွှေပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည့် တရုတ်နိုင်ငံသူ ကျန်းမာရေးကောင်းမွန်လျက်ရှိ

**ညောင်ရွှေ ဇန်နဝါရီ ၂၇**

ညောင်ရွှေမြို့ ပြည်သူ့ဆေးရုံတွင် ဝမ်းပျက်ဝမ်းလျှော၍ ဖျားနာမှုကြောင့် ဆေးကုသမှုခံယူလျက်ရှိသော တရုတ်နိုင်ငံသူတစ်ဦးမှာ ဇန်နဝါရီ ၂၇ ရက် ညနေ ၆ နာရီတွင် စမ်းသပ်စစ်ဆေးမှုများအရ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ဆေးကုသမှုခံယူလျက်ရှိသည့် အဆိုပါလူနာသည် လန်းလန်းဆန်းဆန်းရှိနေကြောင်း၊ အစားအစာများ စားသောက်နိုင်ကြောင်း၊ စမ်းသပ်စစ်ဆေးမှုများအရ သွေးပေါင်ချိန် ၁၁၀/၇၀ နှင့် ခန္ဓာကိုယ်အပူချိန် ၉၈ ဖာရင်ဟိုက်ရှိကြောင်း၊ ဝမ်းလျှောနှင့် ဖျားနာမှုမှာလည်း ဆက်လက်ဖြစ်ပွားမှုမရှိဘဲ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကောင်းမြတ်၏ ပြောကြားချက်အရ သိရသည်။

ရွှေညောင်(ပြန်/ဆက်)

## ပြင်ဦးလွင်မြို့၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခြင်းမှ ကာကွယ်ရန် အသိပညာပေး

**ပြင်ဦးလွင် ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အထင်ကရနေရာများဖြစ်သော မြို့အဝင်မှစ၍ မန္တလေး-လားရှိုး လမ်းတစ်လျှောက်နှင့် မင်းသုံးပါး၊ မြို့မဈေးကြီး၊ ဈေးလေး၊ နာရီစင်၊ ကားကြီးကွင်း၊ အများပြည်သူများ သွားလာရာနေရာများတွင် ယနေ့နံနက် ၁၀ နာရီမှ စတင်၍ 2019 Novel Coronavirus (2019–nCoV)အဆုတ်ရောင်ရောဂါ အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာဆောင်များ ဖြန့်ဝေခြင်း၊ ဗီနိုင်းပိုစတာများကပ်ခြင်း၊ ကူးစက်ခြင်းမှ ကာကွယ်ရန်အသိပညာပေးခြင်းများကို တာဝန်ရှိသူများက ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကူးစက်မြန်အဆုတ်ရောင်ရောဂါကြောင့် တရုတ်နိုင်ငံ၌ ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲအထိ သေဆုံးသူ ၈၁ ဦး၊ ရောဂါဖြစ်ပွားသူ ၂၈၂၃ ဦးရှိကြောင်း သိရသည်။

နေလင်း(ပြင်ဦးလွင်)



# ဆရာတော် ဘဒ္ဒန္တနိမလအား ဂုဏ်ပြုပူဇော်ပွဲနှင့် (၁၂)ကြိမ်မြောက် အလှူပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီး မြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း နန္ဒာအောင်မြေပရဟိတအသင်း ဦးစီးပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ နိမလအား အမှူးပြု၍ အလှူရှင်များ၏ (၁၂)ကြိမ်မြောက် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်တို့မှ သံဃာတော်များ၊ သက်ကြီးဘိုးဘွားများ၊ အခြေခံပညာအလယ်တန်း၊ မူလတန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား လှူဒါန်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက ဒေးဒရဲမြို့နယ် ဂုံမင်းကွင်းကျေးရွာအုပ်စု ထိုင်ကူမြစ်တန်းကျေးရွာ ကျောင်းသစ်ကျောင်းတိုက်၌ ကျင်းပသည်။

**ကျင်းပ**

လှူဒါန်းပွဲတွင် ကက်သပေါင်းဆရာတော် ဘဒ္ဒန္တပရမထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး အလှူရှင် ဆရာတော် ဒေါက်တာဘဒ္ဒန္တနိမလအား ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနား ကျင်းပသည်။

ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ၊ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်တို့က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဆရာတော်အား ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်လှူဒါန်းကြသည်။

**လှူဒါန်း**

လှူဒါန်းပွဲတွင် ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်အတွင်းရှိ ပင့်သံဃာများအား သင်္ကန်းပရိက္ခရာရှစ်ပါးနှင့် ပိဋကတ်သုံးပုံ၊ စားသောက်ဖွယ်ရာ ခြင်းတစ်ခြင်းနှင့် သံဃာအသုံးအဆောင်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အလှူရှင်များက သက်ကြီးဘိုးဘွားများအား အဝတ်အထည်နှင့် ဆေးဝါးများ လှူဒါန်းပြီး အခြေခံပညာအလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၂၉ ကျောင်းတို့မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀၀ ကျော်အား ပညာရေးအထောက်အပံ့ပစ္စည်းများ လှူဒါန်းကြသည်။

အဆိုပါလှူဒါန်းမှုအစုစုတို့အတွက် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း နန္ဒာအောင်မြေပရဟိတအသင်းဦးစီးပဓာနနာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တနိမလက ရေစက်ချတရား ဟောကြားသည်။

ဆရာတော်သည် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ရှိ (World Institute of Oriental Heritage & Culture) အရှေ့တိုင်းယဉ်ကျေးမှုနှင့် အမွေအနှစ်ဆိုင်ရာ ကမ္ဘာ့အဖွဲ့အစည်းက ဆက်ကပ်လှူဒါန်းသည့် Ph.D, Buddhism တို့ကို ရရှိတော်မူခဲ့သည်။

လှူဒါန်းမှုတွင် ဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများ စုစုပေါင်းလှူဒါန်းငွေ ကျပ်သိန်း ၆၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၅ ရက်နှင့် ၂၆ ရက်ကလည်း ရန်ကုန်မြို့မှ အထူးကုဆရာဝန်ကြီးများက ဒေးဒရဲမြို့နယ် ထိုင်ကူမြစ်တန်းကျေးရွာ ကျောင်းသစ်ကျောင်းတိုက်၌ သက်ကြီးဘိုးဘွားများနှင့် ဒေသခံရွာသူ ရွာသားများကို ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နယူးဆောက်ဝေးတက္ကသိုလ် Football United အဖွဲ့နှင့် တွေ့ဆုံ



**နေပြည်တော် ဇန်နဝါရီ ၂၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးတက္ကသိုလ် Football United ၏ Founding Director Ms.Anne Bunde-Birouste နှင့်အဖွဲ့ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာရေးနှင့် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိသော လူ့အသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာရေးဆောင်ရွက်နေမှု၊ ထိုသို့ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်များသာမက ပဋိပက္ခများကဲ့သို့ လူကြောင့်ဖြစ်သော ဘေးအန္တရာယ်ဆိုင်ရာများကို တာဝန်ယူဆောင်ရွက်ရသည့်အတွက် လူမှုသဟဇာတမျှတရေးနှင့် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းများတွင် စဉ်ဆက်မပြတ် ဆောင်ရွက်နေမှု၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး၊ ပြစ်ဒဏ်ကျခံရသော အသက်(၁၈)နှစ်အောက် ကလေးသူငယ်များကို ဝန်ကြီးဌာနအောက်ရှိ လူငယ်သင်တန်းကျောင်းများတွင် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါလူငယ်များအနေဖြင့်လည်း လူ့အသိုက်အဝန်းသို့ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ Football United အဖွဲ့က ဆောင်ရွက်လျက်ရှိသော ဘောလုံးကစားနည်းသည် နားလည်ယုံကြည်မှုဖြင့် အပေးအယူမျှတစွာ ပူးပေါင်းဆောင်ရွက်နေမှု၊ လူငယ်များအကြား လူမှုသဟဇာတမျှတရေး အသိအမြင်များ ကိန်းအောင်းစေခြင်း၊ အခက်အခဲတစ်ခုကြုံတွေ့လျှင် အားလုံးပူးပေါင်းဖြေရှင်းဆောင်ရွက်တတ်ခြင်း၊ အသင်းအဖွဲ့နှင့်ဆောင်ရွက်တတ်လာစေခြင်း စသော အကျိုးကျေးဇူးများရရှိနိုင်သည့် အားကစားနှင့် အသိပညာပေး ရောယှက်ဆောင်ရွက်နိုင်သည့် စီမံချက်ဖြစ်၍ အဆိုပါစီမံချက်ကို တိုးချဲ့ဆောင်ရွက်နိုင်ရန်တို့ကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

**❂ မြန်မာနှင့် ထိုင်းမှ**

မြန်မာနှင့် ထိုင်းအမျိုးသမီးအသင်းသည် လေးရက်အတွင်း ခြေစမ်းပွဲနှစ်ပွဲ ကစားခြင်းဖြစ်ပြီး ယနေ့ကစားမည့် ဒုတိယခြေစမ်းပွဲကို ညနေ ၄ နာရီတွင် မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ကာ ဝင်ကြေးအခမဲ့ သတ်မှတ်ထားသည်။

**အပြီးသတ်ကစားသမား ၂၀ ရွေးချယ်မည်**

မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲအတွက် ကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိပြီး ယနေ့ကစားမည့် ထိုင်းလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအပြီးတွင် အပြီးသတ်ကစားသမား ၂၀ ရွေးချယ်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲမတိုင်မီ နည်းပြသစ် ခန့်အပ်နိုင်ခြင်းမရှိသောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် ယခင်က အုပ်ချုပ်သူအဖြစ် ဆောင်ရွက်ခဲ့သည့် ဦးတင်မြင့်အောင်ကို ယာယီနည်းပြချုပ်အဖြစ် တာဝန်ပေးထားပြီး ထိုင်းအသင်းနှင့် ပထမခြေစမ်းပွဲတွင် စတင်ကိုင်တွယ်ခဲ့သည်။

ယင်းနှစ်သင်းသည် လာမည့်ရက်ပိုင်းအတွင်း စတင်မည့် အိုလံပစ်တတိယအဆင့်ခြေစစ်ပွဲအတွက် အပြီးသတ်ပြင်ဆင်ရန် ခြေစမ်းပွဲများကစားခြင်းဖြစ်ပြီး ပထမခြေစမ်းပွဲအဖြစ် ဇန်နဝါရီ ၂၅ ရက်က ယှဉ်ပြိုင်ကစားရာ ထိုင်းအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ယနေ့ကစားမည့် ဒုတိယပွဲတွင် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ဖွယ်ရှိနေပြီး အရန်ကစားသမားများကိုပါ စမ်းသပ်အသုံးပြုသွားဖွယ်ရှိနေသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် **ယာယီနည်းပြချုပ်-** ဦးတင်မြင့်အောင်၊ **လက်ထောက်နည်းပြ -** ဦးခင်မောင်ထွေး၊ ဒေါ်သန်းသန်းထွေး၊ ဒေါ်မာလာဝင်း၊ **ဂိုးနည်းပြ-** ဦးမြကိုမင်း၊ ကစားသမားများအဖြစ် **ဂိုး-** မြဖူးငုံ၊ မေဇင်နွယ်၊ သန္တာဦး၊ ဖူးလတ်နဒီ၊ **နောက်တန်း-** ခင်မျိုးဝင်း၊ နော်ထက်ထက်ဝေ၊ ခင်သန်းဝေ၊ ဇွန်ယုယဦး၊ အိရတနာဖြိုး၊ အေးအေးမိုး၊ ဝေဝေအောင်၊ ချစ်ချစ်၊ ခိုင်သဇင်၊ ဖြူဖြူဝင်း၊ **အလယ်တန်း-** မိုးမိုးသန်း၊ လင်းမြင့်မိုရ်၊ ငယ်ငယ်ထွေး၊ ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ ခင်မိုးဝေ၊ မြတ်နိုးခင်၊ **ရှေ့တန်း-** နုနု၊ ရီရီဦး၊ ဝင်းသိင်္ဂီထွန်းနှင့် ဂျူလိုင်ကျော်တို့ ပါဝင်နေသည်။

**ရှိုင်းထက်ဇော်**

**❍ ၂၀၂၂ ဆီးဂိမ်းမှ**

MNL လိဂ်ပွဲစဉ်များ အပါအဝင် MNL-2 ပြိုင်ပွဲနှင့် လူငယ်လိဂ်ပြိုင်ပွဲများကိုပါ လိုက်လံကြည့်ရှုမည်ဖြစ်ပြီး အသက် ၂၂ နှစ်အောက်ပြိုင်ပွဲဖြစ်သောကြောင့် ယခုနှစ်တွင် အသက် ၂၁ နှစ်အောက်ရှိသည့် ကစားသမားများကို အဓိက ရွေးချယ်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် မြန်မာယူ-၂၂အသင်း၏ ပြင်ဆင်မှုများနှင့်ပတ်သက်၍ နည်းပြချုပ် ပိုပေါ့ဗ်နှင့် ညှိနှိုင်းကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာယူ-၂၂အသင်းသည် ယခုနှစ်တွင် လိဂ်ပြိုင်ပွဲရပ်နားသည့် ကာလများတွင် အသက်မီသည့် ကစားသမားများကို ရေရှည်လေ့ကျင့်ပေးသွားရန် ကစားသမားရွေးချယ်မှုကို စတင်ပြုလုပ်ခြင်းဖြစ်သည်။

**လေ့ကျင့်မှုများပြုလုပ်ရန် စီစဉ်**

၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည့်အသင်းမှ အသက်မီသည့် ကစားသမားများကို ပြန်လည်ရွေးချယ်မည်ဖြစ်သော်လည်း ယခုနှစ်အတွင်း ဖွဲ့စည်းလေ့ကျင့်မည့်အသင်းတွင် ကစားသမားသစ်များကို ဦးစားပေးရွေးချယ်သွားမည်ဖြစ်သည်။ ပိုပေါ့ဗ်သည် ယခုလအတွင်း စတင်ကျင်းပလျက်ရှိသည့် ကာလတိုလေ့ကျင့်မှုများ ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

မြန်မာယူ-၂၂အသင်းသည် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲတွင် ဗိုလ်လုပွဲတက်ရောက်နိုင်ခြင်းမရှိသော်လည်း ကမ္ဘောဒီးယားကို တတိယလုပွဲတွင် အနိုင်ရကာ ကြေးတံဆိပ်ရရှိခဲ့သည်။ ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားပြီး ကျင်းပမည့်ကာလကိုမူ အတည်ပြုထုတ်ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**



# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener သည် ယနေ့ ည ၇ နာရီ ၂၅ မိနစ်တွင် နေပြည်တော်သို့ လေကြောင်းခရီးဖြင့် ရောက်ရှိသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**

# ကိုရိုနာဗိုင်းရပ်စ် ကူးစက်လူနာများကုသရန် ဒုတိယမြောက်ဆေးရုံကို ဝူဟန်မြို့၌ ၁၅ ရက်အတွင်း တည်ဆောက်မည်

**ပေကျင်း ဇန်နဝါရီ ၂၇**

တရုတ်နိုင်ငံ ဝူဟန်မြို့တော်က ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသည့်လူနာများကို ကုသမှုပေးရန် ဒုတိယမြောက်ဆေးရုံတစ်ခု တည်ဆောက်မည်ဟု ပထမဆေးရုံတည်ဆောက်မည့်အစီအစဉ်ကိုကြေညာပြီး နောက်တစ်ရက်တွင် နိုင်ငံပိုင်ပြည်သူ့နေ့စဉ်သတင်းစာက ဖော်ပြခဲ့သည်။

ခုတင် ၁၃၀၀ ဆံ့ အဆိုပါဆေးရုံတည်ဆောက်မှုကို ၁၅ ရက်အတွင်း ပြီးစီးရန် စီစဉ်ထားသည်။ ပထမသီးသန့်ဆေးရုံတည်ဆောက်မှုမှာ ဖေဖော်ဝါရီ ၃ ရက်တွင် ပြီးစီးမည်ဟု ပြည်သူ့နေ့စဉ်သတင်းစာက ဇန်နဝါရီ ၂၅ ရက်တွင် ဖော်ပြခဲ့သည်။ ပထမဆေးရုံသစ်ကို ဝူဟန်မြို့တော်ဆင်ခြေဖုံးဒေသရှိ မူလက ဒေသခံအလုပ်သမားများအတွက် အားလပ်ရက်အပန်းဖြေစခန်းတစ်ခုအဖြစ် တည်ဆောက်မည့်ဥယျာဉ်များဝန်းရံနေသော ကန်တစ်ကန်ဝန်းကျင်၌ တည်ဆောက်လျက်ရှိသည်ဟု ချန်ကျင်းသတင်းစာက ဇန်နဝါရီ ၂၄ ရက်တွင် ဖော်ပြခဲ့သည်။ ခုတင် ၁၀၀၀ ဆံ့ ပထမဆေးရုံကို မြေတူးစက် ၃၅ စင်း၊ မြေထိုးစက် ၁၀ စင်း အသုံးပြု၍ တည်ဆောက်လျက်ရှိသည်။

"ဒီစီမံကိန်းတည်ဆောက်မှုက ဆေးဘက်ဆိုင်ရာအရင်းအမြစ်တွေပြတ်တောက်မှုကို ဖြေရှင်းဖို့ဖြစ်ပါတယ်။ ဆေးရုံအဆောက်အဦကို ကဏ္ဍအလိုက် တည်ဆောက်မှာဖြစ်ပြီး မြန်မြန်ဆန်ဆန်ဆောက်လုပ်မှာ မဟုတ်သလို အကုန်အကျလည်း မများပါဘူး" ဟု အဆိုပါသတင်းစာက ဆိုသည်။ အလုပ်သမား ၁၀၀ ကျော်ဖြင့် တည်ဆောက်ရန် အတတ်နိုင်ဆုံးကြိုးစားနေကြောင်း ဆေးရုံတည်ဆောက်သည့် ကုမ္ပဏီများအနက် တစ်ခုဖြစ်သည့် China State Construction Engineering က ပြောကြားခဲ့သည်။ ရုပ်သံပြကွက်များတွင် အရောင်အသွေးစုံပြီး များပြားလှသောမြေတူးစက်များက ရွှံ့ထူသော တည်ဆောက်ရေးလုပ်ငန်းခွင်၌ မြေပြုပြင်လျက်ရှိကာ ထရပ်ကားများစွာက ပစ္စည်းကိရိယာများ ပို့ဆောင်နေပုံကို ပြသခဲ့သည်။

ဝူဟန်မြို့တော်မှ အာဏာပိုင်များသည် ၂၀၀၃ ခုနှစ်အတွင်း ဆားစ်ရောဂါတိုက်ဖျက်ရန် တိုက်ပွဲဝင်ခဲ့သည့် ပေကျင်းမြို့တော်မှ အာဏာပိုင်များ၏ နမူနာအတိုင်း လုပ်ဆောင်ရန် ရည်ရွယ်သည်။ ထိုအချိန်က ပေကျင်းမြို့တော် မြောက်ဘက်ဆင်ခြေဖုံးဒေသတွင် ဆားစ်ရောဂါကုသရေးဆေးရုံတစ်ရုံကို တစ်ပတ်အတွင်း တည်ဆောက်ခဲ့သည်။

**ကိုးကား – သည်စထရိတ်တိုင်းမ်**
**ဘာသာပြန် – ကျော်ထိုက်စိုး**

# အိန္ဒိယသမ္မတနိုင်ငံ၏ (၇၁)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ဂြိုဟ်တုဖျက်ဒုံးလက်နက် ထုတ်ဖော်ပြသ

**နယူးဒေလီ ဇန်နဝါရီ ၂၇**

ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်ခဲ့သည့် အိန္ဒိယသမ္မတနိုင်ငံ၏ (၇၁)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို နယူးဒေလီမြို့၌ ကျင်းပစဉ် အိန္ဒိယနိုင်ငံပြည်တွင်း၌ ထုတ်လုပ်ခဲ့သော ဒုံးကျည်သစ်တစ်စင်းကို ထုတ်ဖော်ပြသခဲ့သည်။ ယင်းဒုံးကျည်သည် ပျံသန်းနေသည့် ဂြိုဟ်တုအား ပစ်ချဖျက်ဆီးနိုင်စွမ်းရှိသည်ဟု သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ အခြေခံဥပဒေသည် ၁၉၅၀ ပြည့်နှစ်တွင် စတင်အသက်ဝင်ခဲ့သည့် သမ္မတနိုင်ငံ ထူထောင်ခဲ့သည့် (၇၁)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက်တွင် မြို့တော် နယူးဒေလီ၌ ကျင်းပခဲ့သည်။

ယင်းစစ်ရေးပြအခမ်းအနား၌ တင့်ကားများနှင့် ရှက်ခ်တီအမည်ရှိ ဂြိုဟ်တုဖျက်ဒုံးကျည်အပါအဝင် အခြားဒုံးကျည်လက်နက်များကို ပြသခဲ့သည်။

အမေရိကန်နှင့် တရုတ်အပါအဝင် အခြားနိုင်ငံများက အာကာသအပြင်ဘက်၌ စစ်ရေးအရ အသာရရေးအတွက် လက်နက်သစ်များ ပိုင်ဆိုင်ရန် ကြိုးပမ်းနေစဉ် အိန္ဒိယနိုင်ငံက ၎င်း၏ ပြည်တွင်း၌ ထုတ်လုပ်သော ဂြိုဟ်တုဖျက်ဒုံးလက်နက်အား ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။

အိန္ဒိယတွင် ပြုလုပ်သည်ဟု လူသိများသည့် ကိုယ်ပိုင်ထုတ်လုပ်ရေးမူဝါဒအောက်တွင် ဝန်ကြီးချုပ်မိုဒီဦးဆောင်သည့် အစိုးရအဖွဲ့က နိုင်ငံကာကွယ်ရေးအတွက် အကြီးစား လက်နက်များ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

အိန္ဒိယနိုင်ငံ၏ နောက်ဆုံးကာကွယ်ရေးအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ၄၂ ဘီလီယံဖြစ်သည်။ အိန္ဒိယသမ္မတနိုင်ငံ တည်ထောင်သည့် (၇၁)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ ဘရာဇီးနိုင်ငံသမ္မတ ဂျားဘော်လ်ဆိုနာရို အထူးဧည့်သည်အဖြစ် တက်ရောက်ခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – ဇော်ဝင်း**



# ဆလိုဗေးနီးယားနိုင်ငံ ဝန်ကြီးချုပ် ရာထူးမှနုတ်ထွက်

**ဇာဂရက် ဇန်နဝါရီ ၂၇**

ဆလိုဗေးနီးယားနိုင်ငံဝန်ကြီးချုပ် မာဂျန်ဆာရက်သည် ဇန်နဝါရီ ၂၇ ရက်က ရာထူးမှနုတ်ထွက်ကြောင်းကြေညာခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် တောင်းဆိုခဲ့ကြောင်း တရားဝင်သတင်းအေဂျင်စီဖြစ်သော အက်စ်တီအေက ပြောကြားခဲ့သည်။ လူနည်းစုကို ကိုယ်စားပြုသော အစိုးရပုံစံဖြင့် မိမိမျှော်မှန်းထားသော ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မဖြစ်နိုင်သဖြင့် နုတ်ထွက်ရခြင်းဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် မာဂျန်ဆာရက်က ပြောကြားသည်။

မိမိအနေဖြင့် ယခုအချိန်တွင် ပြည်သူများ၏ဆန္ဒကို အကောင်အထည်မဖော်နိုင်သေးသော်လည်း ရွေးကောက်ပွဲများကျင်းပပြီးစီးသည့်အချိန်တွင် ဆောင်ရွက်သွားနိုင်မည်ဟု ဆာရက်က ပြောကြားသည်။ ကျန်းမာရေးအာမခံကိစ္စနှင့် စပ်လျဉ်းပြီး ဘဏ္ဍာရေးဝန်ကြီး အန်ဒရက်ဘာတူဆီ နုတ်ထွက်ခဲ့ပြီးနောက်ပိုင်းတွင် မာဂျန်ဆာရက် နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# လစ်ဗျားနိုင်ငံ မီတီဂါလေဆိပ်တိုက်ခိုက်ခံရမှု ကုလသမဂ္ဂ ပြစ်တင်ရှုတ်ချ

**ထရီပိုလီ ဇန်နဝါရီ ၂၇**

လစ်ဗျားနိုင်ငံအရှေ့ပိုင်းအခြေစိုက်တပ်ဖွဲ့နှင့် ကုလသမဂ္ဂထောက်ခံသော အစိုးရအကြား လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် မြို့တော်ထရီပိုလီ၏ မီတီဂါလေဆိပ်တိုက်ခိုက်ခံရမှုအပေါ် လစ်ဗျားနိုင်ငံရှိ ကုလသမဂ္ဂထောက်ပံ့ရေးမစ်ရှင်က ဇန်နဝါရီ ၂၇ ရက်တွင် ပြစ်တင်ရှုတ်ချခဲ့သည်။

ဂရက်ဒုံးကျည်နှစ်စင်းဖြင့် မီတီဂါလေဆိပ်အား တိုက်ခိုက်မှုသည် အပြင်းထန်ဆုံး တိုက်ခိုက်မှုဖြစ်နိုင်ကြောင်း၊ ယင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံးအရပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် လေယာဉ်ပြေးလမ်းနှင့် အဆောက်အဦအများအပြား ပျက်စီးခဲ့ကြောင်း လစ်ဗျားနိုင်ငံရှိ ကုလသမဂ္ဂထောက်ပံ့ရေးမစ်ရှင်က တွစ်တာတွင် ရေးသားဖော်ပြခဲ့သည်။

အရပ်သားများအားဆန့်ကျင်သည့် အဆိုပါတိုက်ခိုက်မှုသည် အထူးသဖြင့် အများပြည်သူဆိုင်ရာ အဆောက်အဦများကို ပစ်မှတ်ထားကြောင်းနှင့် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း လစ်ဗျားနိုင်ငံရှိ ကုလသမဂ္ဂထောက်ပံ့ရေးမစ်ရှင်က ထပ်လောင်းပြောကြားခဲ့သည်။

မီတီဂါလေဆိပ်အား အရှေ့ပိုင်းအခြေစိုက်တပ်ဖွဲ့က တိုက်ခိုက်ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂထောက်ခံသော အစိုးရတပ်ဖွဲ့က ပြောကြားခဲ့သည်။ အရှေ့ပိုင်းအခြေစိုက်တပ်ဖွဲ့က မီတီဂါအပြည်ပြည်ဆိုင်ရာလေဆိပ်တည်ရှိရာ လစ်ဗျားနိုင်ငံအနောက်ပိုင်းတွင် မပျံသန်းရဇုန် ပြန်လည်အသက်ဝင်ကြောင်း ဗုဒ္ဓဟူးနေ့က ကြေညာခဲ့သည်။

လစ်ဗျားနိုင်ငံအရှေ့ပိုင်း အခြေစိုက်တပ်ဖွဲ့သည် ကုလသမဂ္ဂထောက်ခံသောအစိုးရထံမှ ထရီပိုလီအား သိမ်းပိုက်ရန် ကြိုးပမ်းသည့်အနေဖြင့် ၂၀၁၉ ခုနှစ် ဧပြီလမှစတင်ကာ စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးများကို လုပ်ဆောင်လျက်ရှိသည်။

ယင်းပဋိပက္ခကြောင့် လူဦးရေထောင်ချီ ဒဏ်ရာရရှိမှုများရှိခဲ့ပြီး အရပ်သားတစ်သိန်းခွဲကျော် နေရပ်စွန့်ခွာခဲ့ရသည်။ လစ်ဗျားနိုင်ငံ၏ ပြိုင်ဘက်အဖွဲ့အစည်းနှစ်ခုသည် ဇန်နဝါရီ ၁၂ ရက်က အပစ်အခတ်ရပ်စဲရေးသဘောတူညီခဲ့ကြပြီး အဆိုပါစာချုပ်ကို ချိုးဖောက်ကြောင်း တစ်ဖက်နှင့်တစ်ဖက် စွပ်စွဲပြစ်တင်ခဲ့ သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**







# ဘရက်ဆစ်အထိမ်းအမှတ် ငွေဒင်္ဂါး ထုတ်ဝေမည်

**လန်ဒန် ဇန်နဝါရီ ၂၇**

ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂမှ နုတ်ထွက်ခြင်း ဘရက်ဆစ်အထိမ်းအမှတ် ငွေဒင်္ဂါးကို ထုတ်ဝေမည်ဖြစ်သည်။ အဆိုပါ ငွေဒင်္ဂါးပြားများပေါ်တွင် နိုင်ငံအားလုံးနှင့် ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းနှင့် မိတ်ဆွေဖြစ်မှုတို့အတွက် အင်္ဂလန်နိုင်ငံက ဆုတောင်းထားသည်။ ဒင်္ဂါးပေါင်းသုံးသန်းအား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ဝေမည်ဖြစ်ပြီး နှစ်ကုန်ပိုင်းတွင် ဒင်္ဂါးပေါင်း ခုနစ်သန်းကိုလည်း ထပ်မံထုတ်ဝေသွားမည်ဖြစ်သည်။ အဆိုပါနေ့ရက်မှာ ဗြိတိန်နိုင်ငံက ဥရောပသမဂ္ဂမှ နုတ်ထွက်မည့်နေ့ရက်ဖြစ်သည်။ ယခု ဒင်္ဂါးပြားများထုတ်ဝေခြင်းသည် ဗြိတိန်နိုင်ငံ၏ သမိုင်းသစ် ရေးထိုးလိုက်ခြင်းဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး ဆာဂျစ်ဂျာဗစ်က ပြောကြားသည်။ ဗြိတိန်နိုင်ငံတွင် ကြီးမားသော အလားအလာကောင်းများရှိပြီး နိုင်ငံသားများအနေဖြင့် မိမိတို့၏ ကြီးကျယ်မြင့်မြတ်သော နိုင်ငံအပေါ် ယုံကြည်ချက်ရှိကြရန် ၎င်းက တိုက်တွန်းခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ


ဆန်ပန်းအောင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၆ ရက် ညနေ ၅ နာရီခွဲက လွိုင်ကော်မြို့နယ် ထီးစဲခါးကျေးရွာ ထီးစဲခါးတံတား ဆီဆိုင်-လွိုင်ကော်ကားလမ်းတွင် စိုင်းဝင်းမောင်းနှင်ပြီး စိုင်းကျော်လှ လိုက်ပါလာသည့် ဆိုင်ကယ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း။

**ဟိုပုံး**
အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ဟိုနမ့်ကျေးရွာ(ဟိုပုံးရေထွက်ကြီး)အနီး ဟိုပုံး-လွိုင်လင်ကားလမ်းတွင် ဆန်ပန်းအောင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း။

**မိုင်းတုံ**
ထို့အတူ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းတုံမြို့နယ် နားကောင်းမူကျေးရွာနေ မယ်ထောက်(ခ)ဒေါ်နန်းဥ၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၁၅ ကီလို၊ ထိုင်းငွေ ဘတ် ၂၄၀၀ တို့ကိုလည်းကောင်း၊ အလားတူ မိုင်းတုံမြို့နယ် နားကောင်းမူကျေးရွာနေ မအီမွန်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၅၀၊ ဘိန်းဖြူ သုည ဒသမ ၀၀၀၅ ကီလိုနှင့် ထိုင်းငွေ ဘတ် ၃၅၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

**အင်းတော်**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကျောက်ဆင်ကျေးရွာအတွင်းမှ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။
ဖြစ်စဉ်မှာ ယနေ့ညနေ ၅ နာရီခန့်တွင် အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မျိုးအေးဆွေ အနီးကပ်ကြီးကြပ်၍ ကသာခရိုင် မူခင်းနှိမ်နင်းရေး အဖွဲ့ခေါင်းဆောင် ရဲအုပ်သက်နိုင်ဦး ဦးစီးသောအဖွဲ့သည် အင်းတော်မြို့နယ် ကျောက်ဆင်ကျေးရွာနေ မြင့်နိုင်ဝင်း၏နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းနေအိမ်အတွင်းမှ ဘိန်းဖြူ ၁၅ ဂရမ်၊ စိတ်ကြွဆေးပြား ၇၀ ကို ရှာဖွေသိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူ မြင့်နိုင်ဝင်းအား အင်းတော်မြို့မရဲစခန်းက မူးယစ်ဆေးဝါးဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# သထုံမြို့၌ ဆိုင်ကယ်များ ခိုးယူသူတစ်ဦးအား ဖမ်းမိ

**သထုံ ဇန်နဝါရီ ၂၇**
မွန်ပြည်နယ် သထုံမြို့ နန်းခဲရပ်ကွက် မြသပိတ်ဘုရားလမ်း နီးဘုရားအနီး၌ ဇန်နဝါရီ ၂၆ ရက် ညနေ ၆ နာရီခွဲခန့်က သထုံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နန်းဆွေနှင့် ရဲတပ်ဖွဲ့ဝင်များက ဆိုင်ကယ်ခိုးယူသူတစ်ဦးအား ဖမ်းဆီးခဲ့ကြောင်း သိရသည်။
ဖြစ်စဉ်မှာ သထုံမြို့တွင် ဆိုင်ကယ်များ ပျောက်ဆုံးနေသောကြောင့် သထုံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နန်းဆွေနှင့်တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းနေစဉ် သထုံမြို့ နန်းခဲရပ်ကွက် နီးဘုရားအနီးတွင် ဝေဖြိုးအောင်(ခ) အောင်ကျော်ထွန်း အရှေ့ဘက်ကမ်းရပ်ကွက် (အောင်ချမ်းသာပိုင်း)ဝေါမြို့ ပဲခူးတိုင်းဒေသကြီး နေသူအား ဆိုင်ကယ်နှင့် သံဖြတ်ကတ်ကြေးအကြီး တစ်လက်၊ ထိပ်ချွန်ပလာယာတစ်ချောင်းတို့နှင့် အတူတွေ့ရှိ၍ မေးမြန်းရာ ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လူနေအိမ်ခြံဝင်းတစ်ခုအတွင်းမှ ခိုးယူလာခဲ့ကြောင်း သိရသည်။
သို့ဖြစ်ပါ၍ ဝေဖြိုးအောင်(ခ)အောင်ကျော်ထွန်းအား သထုံမြို့မရဲစခန်းကဆက်လက်စစ်ဆေးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**

# တောဆင်ရိုင်းတစ်ကောင် သေဆုံးလျက်တွေ့ရှိ

**ငွေဆောင် ဇန်နဝါရီ ၂၇**
ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ ရှောက်ပင်ချောင်းကျေးရွာတောင်ဘက်တောတွင်း၌ ဇန်နဝါရီ ၂၆ ရက်က ဆင်တစ်ကောင်သေဆုံးနေကြောင်း သတင်းအရ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ ပုသိမ်-ငွေဆောင်ကားလမ်းဘေးတောတွင်း စမ်းချောင်းအနီးတွင် ဟိုင်းဆင်(မွေးရာပါအစွယ်မပါ) ဆင်ထီးတစ်ကောင်ကို ပြင်ပဒဏ်ရာမရှိ၊ ဝမ်းဗိုက်ဖောရောင် သေဆုံးလျက်ရှိသည်ကို တွေ့ရှိရကြောင်း သိရသည်။

**မူမူ(ပြန်/ဆက်)**

# စဉ့်ကူးမြို့နယ်နှင့် ကျောက်ထုမြို့နယ်၌ တရားမဝင်သစ်များ၊ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**စဉ့်ကူး ဇန်နဝါရီ ၂၇**
မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ဆည်တော်ကြီးဘိနယ်အောက်မတ္တရာ တိုးချဲ့ကြိုးဝိုင်း အကွက်အမှတ် (၆၂၊ ၃၃၊ ၃၁) အတွင်းမှ တရားမဝင်သစ် ၄၁ ဒသမ ၈၆၄၂ တန်၊ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိကြောင်း သိရသည်။



ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဇန်နဝါရီ ၂၄ ရက်က ပြင်ဦးလွင်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောခိုင်ဦးနှင့် သစ်တောဝန်ထမ်းများ၊ လက်ပန်လှနယ်မြေရဲစခန်းမှ ဒုရဲအုပ်ဇင်ဝင်းထွန်းနှင့် တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် စဉ့်ကူးမြို့နယ် အောက်မတ္တရာတိုးချဲ့ကြိုးဝိုင်း အကွက်အမှတ် (၆၂၊ ၃၃၊ ၃၁)အတွင်းမှ အင်၊ ပျဉ်းကတိုးခွဲသား ၄၂၈ ချောင်းနှင့် တရားမဝင် အင်၊ ပျဉ်းကတိုး၊ အင်ကြင်းသစ် စုစုပေါင်း ၆၃ လုံး (၄၁ ဒသမ ၈၆၄၂ တန်)နှင့် မော်တော်တစ်စီး၊ ၂၂ ကောင် အင်ဂျင် နှစ်လုံး၊ သစ်စက်နှင့် ဆက်စပ်ပစ္စည်းများကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**

**ကျောက်ထု**
ဂန့်ဂေါခရိုင် ဆောမြို့နယ် ကျောက်ထုမြို့ ဒေသနှော်ကျေးရွာ အနောက်ဘက် နှစ်မိုင်ခန့်အကွာရှိ ကြိုးပြင်တော၌ ဆောမြို့နယ် သစ်တောဦးစီးဌာန သစ်တောရဲတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၂၆ ရက်တွင် အင်ကြင်းခွဲသား ၂၈ ချောင်း (၁ ဒသမ ၇၈၃၄ တန်)ကို သိမ်းဆည်းရမိသည်။
ဖြစ်စဉ်နှင့်ပတ်သက်၍ ဆက်စပ်ပတ်သက်သူများအား ရှာဖွေဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**စိန်ကျော်**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၇**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၂၆ ရက်တွင် မန္တလေး - မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၅၂ စီး၊ သွင်းကုန် ၁၃၉၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၅၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၆ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက ဖမ်းဆီးမှု တစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၃ သန်း)တန်ဖိုးရှိ Cheer Beer (30kg) ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**










VAC®
VALUE ADDED CONSULTANCY
မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း
Email : cv@vacjobsearch.com
အလုပ်ရှာထူးနေရာ တစ်ခုချင်းစီအတွက် လစာအပါအဝင် လိုအပ်သော
အချက်အလက်များကို လွယ်ကူ လျင်မြန် ပြည့်ပြည့်စုံစုံ ကြည့်ရှုနိုင်သော
www.vacjobsearch.com
MS Word Format CV Form ကို Email ဖြင့် ပေးပို့၍အလုပ်များလျှောက်ထားခြင်းဖြင့် သင်မည်သည့်နေရာကိုမှ
ကိုယ်တိုင်အလုပ်သွားလျှောက်ရန် မလိုအပ်တော့ပါ။ အချိန်ကုန် ငွေကုန် လူပင်ပန်း သက်သာစေပါသည်။

# ကျိုတိုမှပေးစာများ - ၁၃

# ခင်ခခုဂျိဘုရားကျောင်း (ရွှေကျောင်းတော်) သို့ အလည်တစ်ခေါက်


■ **အောင်အောင် IR**

ကျိုတိုမြို့သို့ ရောက်ရှိနေသည်မှာ သုံးလ အတိရှိခဲ့ပြီ ဖြစ်သည်။ ကျိုတိုသည် ဂျပန်နိုင်ငံ၏ နှစ်ပေါင်း ၁၀၀၀ ကျော်မက တည်တံ့ခဲ့သော မြို့တော်ဟောင်းဖြစ်ခဲ့သည့်အတွက် လေ့လာကြည့်ရှုလည်ပတ်စရာ ဂျပန်ရိုးရာ ရှင်တိုနတ်ကွန်းများ (Shrines)၊ ဗုဒ္ဓဘာသာ ဘုရားကျောင်းများ (Temples) အထူးပေါ်များလှပါသည်။ စာရေးသူနေထိုင်သော အဆောင်နှင့် မလှမ်းမကမ်းတွင် ရှေးကျကြီးမားလှသော နတ်ကွန်းများ၊ ဘုရားကျောင်းများ ရှိပါသည်။ အဆောင်အနောက်ဘက်ကပ်လျက်တွင်ပင် အတန်အသင့် ကြီးမားသော ဘုရားကျောင်းတစ်ခု ရှိနေသည်ဖြစ်ရာ ထိုနေရာများသို့ အလျဉ်းသင့်သလို ရောက်ရှိဖြစ်သော်လည်း ကျိုတိုရှိ အခြားထင်ရှားသော နတ်ကွန်းများနှင့် ဘုရားကျောင်းများသို့မူ ယခုတိုင် မရောက်ရှိသေးပါချေ။ ကျိုတိုတွင် ဂျပန်နိုင်ငံတွင်သာမက နိုင်ငံတကာအထိတိုင် လူသိများထင်ရှားသော ဘုရားကျောင်းတစ်ခုမှာ ခင်ခခုဂျိဘုရားကျောင်း ဖြစ်ပါသည်။ ခင်ခခုဂျိအား ရွှေကျောင်းတော်ဟုလည်း လူသိများပါသည်။

**တိုကျိုခရီးသွားအတွေ့အကြုံ**

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ကျိုတိုတွင်ရှိသည့် ဂျပန်မိတ်ဆွေတစ်ဦးက ဂျပန်နိုင်ငံ၌ နှစ်သစ်၏ ပထမဆုံး သုံးရက်တွင် လူများသည် နတ်ကွန်းများထံသို့ သွားရောက် ဆုတောင်းလေ့ရှိကြောင်း အီးမေးလ်မှ အကြောင်းကြားလာပါသည်။ မကြာမီက စာရေးသူ တိုကျိုမြို့တော်နှင့် အနီးတစ်ဝိုက်သို့ ၁၀ ညအိပ် ခရီးသွားခဲ့ပြီး ပြီးခဲ့သည့်အပတ်ကမှ ကျိုတိုမြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်ဖြစ်ရာ အတော်ပင် ခရီးပန်းလာခဲ့ပါသည်။ ယခု နှစ်သစ်ကူး ဇန်နဝါရီလ ၆ ရက်နေ့အထိ စာရေးသူ၏ ရုံးလည်း ပိတ်ပါသည်။ ရုံးပိတ်ရက်နှင့် နှစ်ကူးကာလတွင် မည်သည့်နေရာသို့မှ သွားရောက်လိုခြင်းမရှိပါ။ အဆောင်တွင်ပင်နေရင်း တိုကျိုခရီးသွားအတွေ့အကြုံအချို့အား စာရေးသားမည်ဟု စိတ်ကူးရှိပါသည်။ သို့သော် အင်္ဂလိပ်ပြက္ခဒိန် နှစ်သစ်အစ ပထမသုံးရက်သည် တစ်နှစ်တွင် တစ်ကြိမ်သာ ကြုံသည်ဖြစ်ရာ အခွင့်အရေးကို လက်မလွှတ်သင့်ဟု ဆုံးဖြတ်လျက် နတ်ကွန်းအစား နာမည်ကျော် ခင်ခခုဂျိဘုရားကျောင်းသို့ ဇန်နဝါရီလ ၁ ရက်နေ့တွင် သွားရောက်ရန် ဆုံးဖြတ်လိုက်သည်။

စိတ်ချယုံကြည်ရသော အင်တာနက်သတင်းရင်းမြစ်များအဆိုအရ ဂျပန်နိုင်ငံတွင် နှစ်သစ်၏ ပထမဆုံး သုံးရက်တွင် စီးပွားရေးလုပ်ငန်းအများစု ပိတ်ကြပြီး မိသားစုများသည်လည်း အတူတကွ ပြန်လည်ဆုံတွေ့ကြသည်ဟု ဆိုပါသည်။ အဆိုပါ နှစ်သစ်ပထမဆုံး သုံးရက်သည် နှစ်သစ်အားလပ်ရက်များ (Shogatsu holidays) ဖြစ်ပြီး ဂျပန်ရိုးရာ အစဉ်အလာ မိသားစုများပြန်လည်တွေ့ဆုံကြသည့် နေ့ထူးနေ့မြတ်များ ဖြစ်သည်။ ထို့အပြင် ကျောင်းသားများ၊ မိတ်ဆွေများ၊ ရုံးဝန်ထမ်းများသည် နှစ်တစ်နှစ်၏ နောက်ဆုံးလဖြစ်သော ဒီဇင်ဘာလတွင် နှစ်ဟောင်းတွင်ရှိခဲ့သော ပြဿနာများနှင့် စိုးရိမ်သောကများအား နှစ်ဟောင်းတွင်ပင် မေ့ပျောက်ချန်ထားခဲ့ရန် ရည်ရွယ်သည့် ပါတီပွဲများ၊ တွေ့ဆုံပွဲများ (Bonenkai) နှင့် နှစ်တစ်နှစ်၏ ပထမဆုံးလဖြစ်သော ဇန်နဝါရီလတွင် နှစ်သစ်ကို စိတ်သစ်၊ လူသစ်၊ ခွန်အားအသစ်တို့ဖြင့် ကြိုဆိုရန် ရည်ရွယ်သည့် ပါတီပွဲများ၊ တွေ့ဆုံပွဲများကို များသောအားဖြင့် စားသောက်ဆိုင်များတွင် ကျင်းပလေ့ရှိသည်ဟု သိရသည်။



ခင်ခခုဂျိဘုရားကျောင်းဝင်းအတွင်းရှိ ရွှေကျောင်းတော်။

နှစ်သစ်ကို ကြိုဆိုသည့်အနေဖြင့် အိမ်များ၊ ရုံးများတွင် တတ်နိုင်သလောက် အလှဆင်ကြပြီး အဝတ်အစားများ၊ နေအိမ်များကိုလည်း သန့်ရှင်းရေးပြုလုပ်ကြသည်။ စာရေးသူ၏ အဆောင်တွင် နှစ်သစ်၏ ပထမဆုံး သုံးရက်တွင် နေ့ရော ညပါ အတွင်းမီး၊ အပြင်မီးများ ထွန်းညှိထားသည်ကို သတိပြုမိသည်။

ဇန်နဝါရီလ ၁ ရက်နေ့တွင် စာရေးသူ အဆောင်အနီးရှိ ဟီဂါရှိယာမဘူတာရုံ (Higashiyama Station)မှ ခင်ခခုဂျိနှင့် အနီးဆုံးဘူတာရုံဖြစ်သည့် ခိတာအိုးဂျိဘူတာရုံ (Kitaoji Station) သို့ မြေအောက်ရထားဖြင့် သွားခဲ့ပြီး ခိတာအိုးဂျိဘူတာရုံ ဘတ်စ်ကားဂိတ် (Kitaoji Bus Terminal) မှ ခင်ခခုဂျိအနီး ဘတ်စ်ကားဂိတ်သို့ တိုက်ရိုက်ပြေးဆွဲသော ဘတ်စ်ကားဖြင့် သွားရောက်ခဲ့ပါသည်။ စာရေးသူအဆောင်မှ ခင်ခခုဂျိအထိ ရထား၊ ကားစီးချိန် နာရီဝက်ခန့်သာ ကြာမြင့်ပါသည်။ အမှန်တော့ စာရေးသူ ခင်ခခုဂျိကို လွန်ခဲ့သော ၁၅ နှစ် ဂျပန်နိုင်ငံ နဂိုယာမြို့တွင် ကျောင်းတက်ခဲ့စဉ်က လည်ပတ်ခဲ့ဖူးပါသည်။ မှတ်မိသလောက် အဓိကလည်ပတ်ကြည့်ရှုသည့်နေရာမှာ ရေကန်အစပ်တွင် တည်ရှိသော လှပသည့် ရွှေရောင်အဆင်းရှိသည့် သုံးထပ်ကျောင်းဆောင်ငယ်တစ်လုံးသာ ဖြစ်ပါသည်။

**ခင်ခခုဂျိ ဘုရားကျောင်း**

ခင်ခခုဂျိဘုရားကျောင်း (Kinkaku-ji Temple) သည် ဇင်ဗုဒ္ဓဘာသာ (Zen Buddhist Temple) ဘုရားကျောင်းတစ်ခုဖြစ်ပြီး ဘုရားကျောင်း၏ မူလအမည် (တရားဝင်အမည်) မှာ ရိုခုအွန်းဂျိဘုရားကျောင်း (Rokuon-ji Temple) ဖြစ်ပါသည်။ ခင်ခခုဂျိဘုရားကျောင်းသည် ဘုရားကျောင်းဝင်းအတွင်းတည်ရှိသော ရွှေကျောင်းတော် (Kinkaku/ The Golden Pavilion)ကြောင့် အထူးထင်ရှားသည်။ ခင်ခခုဂျိဘုရားကျောင်း၏ အဓိပ္ပာယ်မှာ ရွှေကျောင်းတော်၏ ဘုရားကျောင်း (Temple of the Golden Pavilion) ဖြစ်သည်။ ခင်ခခုဂျိဘုရားကျောင်းတည်ရှိသည့် ရိုခုအွန်းဂျိ ဥယျာဉ် (Rokuon-ji garden) သည် စတုရန်းမီတာ ၉၃၄၀၀ (၉၈၄၅၈၅ စတုရန်းပေ) ကျယ်ဝန်းပြီး ရွှေကျောင်းတော်တည်ရှိသည့် ကျိုကိုးချိရေကန် (The pond of Kyoko-chi) မှာ စတုရန်းမီတာ ၆၆၀၀ (၇၁၀၄၂ စတုရန်းပေ) ကျယ်ဝန်းသည်။ ကန်အတွင်း အာရှီဟာရကျွန်း (Ashihara island) ဟု အမည်ရသည့် သေးငယ်သည့် ကျွန်းငယ်လေးတစ်ခုလည်း ရှိပါသည်။

ဘုရားကျောင်း၏ အဓိကဆွဲဆောင်ရာနေရာဖြစ်သော ရွှေကျောင်းတော်သည် သုံးထပ်သစ်သားအဆောက်အဦတစ်ခုဖြစ်ပြီး အမြင့် ၁၂ ဒသမ ၅ မီတာ (၄၁ ပေ) ရှိကာ အပေါ်နှစ်ထပ်အား ရွှေဆိုင်း၊ ရွှေပြားအစစ်များဖြင့် ပြုလုပ်တန်ဆာဆင်ထားသည်ဟု သိရသည်။ ရွှေကျောင်းဆောင်ပထမထပ်အား Hossui-in(Chamber of Dharma Waters) ဟုခေါ်ပြီး ဟေးရန်ခေတ်ကာလ (၇၉၄- ၁၁၈၅) ဗိသုကာလက်ရာ(shinden-zukuri) အား ကိုယ်စားပြုသည်။ ပထမထပ်တွင် ဗုဒ္ဓဆင်းတုတော်နှင့် အခြားဆင်းတုတော်များ ထားရှိသည်ဟု သိရသည်။ ဒုတိယထပ်အား Cho'on-do (Tower of Sound Waves) ဟု ခေါ်ပြီး ကာမာကူရခေတ် (၁၁၈၅-၁၃၃၃) ဗိသုကာလက်ရာ (buke-zukuri) အား ကိုယ်စားပြုသည်။ ဒုတိယထပ်တွင် ကရုဏာနတ်သမီး (Bodhisattva Kannon) ရုပ်တုရှိသည်ဟု သိရသည်။ တတိယထပ်အား Kukkyo-cho (Cupola of the Ultimate) ဟု ခေါ်ပြီး တရုတ်ဇင်ဘုရားကျောင်းများ၏ ဗိသုကာလက်ရာ (Chinese zenshu-butsuden) အား ကိုယ်စားပြုသည်။ ခြုံ၍ဆိုရလျှင် ရွှေကျောင်းတော်တစ်ခုလုံး၏ အသွင်လက်ရာသည် မူရိုမာချီခေတ် (၁၃၃၂-၁၅၇၃) ဗိသုကာလက်ရာအား ကိုယ်စားပြုသည်ဟု ဆိုပါသည်။ တတိယထပ်တွင် ဗုဒ္ဓ၏ ဓာတ်တော်၊ မွေတော်များထားရှိသည့် ဌာပနာတိုက်ရှိသည်ဟု သိရသည်။ ခေါင်မိုးအလယ်ဗဟိုတွင် တစ်မီတာကျော် (၃ ဒသမ ၇ ပေ) အမြင့်ရှိ ရွှေရောင်ကြေးဖီးနစ်ငှက်ရုပ်ကိုလည်း တွေ့ရှိနိုင်သည်။

ဘုရားကျောင်းသမိုင်းမှာ ဤသို့ဖြစ်သည်။ တစ်ချိန်က ကာမာကူရခေတ် (၁၁၈၅-၁၃၃၃) တွင် ယခုလက်ရှိ ဘုရားကျောင်းနေရာ၌ Kitayamadai ဟု အမည်ရသော အိမ်ခြံဝင်းတစ်ခုရှိပြီး ထိုအိမ်ခြံဝင်းကို မင်းမျိုးမင်းနွယ်တစ်ဦးဖြစ်သော Saionji Kintsune (၁၁၇၁-၁၂၄၄) ဆိုသူက ပိုင်ဆိုင်ခဲ့သည်။ မူရိုမာချီခေတ် (၁၃၃၂-၁၅၇၃) တွင် ထိုခေတ်၏ တတိယမြောက် စစ်ဘုရင်တစ်ဦးဖြစ်သော Ashikaga Yoshimitsu (၁၃၅၈-၁၄၀၈) သည် ထိုမြေနေရာကို နှစ်သက်သဖြင့် Saionji မိသားစုထံမှ လွှဲပြောင်းရယူခဲ့ပြီး ၁၃၉၇ ခုနှစ်တွင် Kitayama-den ဟု အမည်ပေးထားသည့် ကိုယ်ပိုင်အိမ်ခြံဝင်းဆောက်လုပ်ကာ နေထိုင်ခဲ့သည်။ ထိုခြံဝင်းတွင် ယခုမြင်တွေ့နေရသော ရွှေကျောင်းတော်အား ဗဟိုပြုပြီး ဥယျာဉ်တော်နှင့် အခြားအခင်းအကျင်းများ ထည့်သွင်းတည်ဆောက်ခဲ့သည်။ Ashikaga Yoshimitsu သည် အဆိုပါ ရွှေကျောင်းတော်အား အရေးကြီးပုဂ္ဂိုလ်များ ဧည့်ခံသည့်နေရာအဖြစ်လည်း အသုံးပြုခဲ့ပြီး တစ်ချိန်က ရွှေကျောင်းတော်သို့ ဂျပန်ပြည့်ရှင် Gokomatsu (၁၃၈၂-၁၄၁၂) နှင့် အခြားအထင်ကရပုဂ္ဂိုလ်များ လာရောက်ခဲ့ဖူးသည်ဟု သိရသည်။ ၁၄၀၈ ခုနှစ်တွင် Ashikaga Yoshimitsu ကွယ်လွန်ပြီးနောက် သူ၏ဆန္ဒနှင့်အညီ ဘုန်းတော်ကြီး Muso-kokushi (Muso Soseki) (၁၂၇၅-၁၃၅၁)က အဆောက်အဦအား ဘုရားကျောင်းအဖြစ် ပြောင်းလဲခဲ့သည်။

ရွှေကျောင်းတော်သည် သမိုင်းတစ်လျှောက် အကြိမ်ကြိမ် ပျက်စီးခြင်းများ ကြုံတွေ့ခဲ့ရပြီး နောက်ဆုံး မီးသင့်ပျက်စီးခဲ့သည်မှာ ၁၉၅၀ ပြည့်နှစ်တွင် ဖြစ်သည်။ စိတ်ကျန်းမာရေးချို့တဲ့နေသော ဂျပန်ရဟန်းတော်တစ်ပါးက မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယနေ့ မြင်တွေ့နေရသော ရွှေကျောင်းတော်ကို ၁၉၅၅ ခုနှစ်တွင် မူလရှေးလက်ရာအတိုင်း ပြန်လည်တည်ဆောက်ထားခဲ့သည်ဟု သိရသည်။ ၁၉၉၄ ခုနှစ်တွင် ခင်ခခုဂျိဘုရားကျောင်း (ရိုခုအွန်းဂျိဘုရားကျောင်း) သည် ယူနက်စကို ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် အသိအမှတ်ပြုခံရသည်။ ခင်ခခုဂျိဘုရားကျောင်းဝင်းအတွင်း ရွှေကျောင်းတော်အပြင် ရွှေကျောင်းတော်တည်ရှိသည့် ကျိုကိုးချိရေကန်၊ ရွှေကျောင်းတော်အား ညနေခင်း နေကျချိန်တွင် အကောင်းဆုံးကြည့်ရှုနိုင်သည့်နေရာတွင် တည်ဆောက်ထားသည့် လက်ဖက်ရည် တည်ခင်းဆောင် (The Sekka-tei Tea House)၊ ဘုရားကျောင်း၏ အဓိကကိုးကွယ်ရာ ကျောက်သားဆင်းတုတော် (ဇင်) ဗုဒ္ဓဘာသာ နတ်ဘုရား Fudo-myo-o ထားရှိသည့် ပင်မအဆောင် (Fudo-do)၊ ၂ ဒသမ ၃ မီတာ (၇ ဒသမ ၅ ပေ) အမြင့်ရှိသည့် ရေတံခွန်ငယ် (The Ryumon Taki)၊ နောက်ထပ် ရေကန်ငယ်တစ်ခု (The pond of An-min-taku)၊ ကာမာကူရခေတ် လက်ရာ ခေါင်းလောင်းထားရှိသည့် ဘုရားကျောင်း



ခင်ခခုဂျိဘုရားကျောင်းဝင်းအတွင်းမှ လမ်းဘေးကုန်းမြင့်ငယ်များပေါ်ရှိ ငွေအကြွေစများ ပစ်ထည့်ကာ ဆုတောင်းရသည့် ဗုဒ္ဓဆင်းတုတော်ငယ်များအား တွေ့ရစဉ်။

ခေါင်းလောင်းစင်(Syuro)၊ ကျောင်းထိုင်ဘုန်းကြီးနေထိုင်သည့် အဆောင်၊ အခြားဘုန်းတော်ကြီးများနေထိုင်သည့် အဆောင်များ စသည်တို့ တည်ရှိသည်။

**ကိုယ်တွေ့ ခင်ခခုဂျိ ဘုရားကျောင်း**

စာရေးသူ ခင်ခခုဂျိသို့ သွားရောက်သည့်နေ့သည် ၂၀၂၀ ပြည့်နှစ် နှစ်သစ်၏ ပထမဆုံးနေ့ဖြစ်သဖြင့် ယခင်ထက် ဧည့်သည်များ ပိုမို လာရောက်သည်ဟု ထင်ပါသည်။ ဘုရားကျောင်းဝင်း အချို့လမ်းများတွင် လူတန်းကြီးများနောက်မှ လိုက်နေရသည့်သဖွယ်ဖြစ်လေသည်။ ဘုရားကျောင်းသို့ ဝင်ရောက်ရန် လက်မှတ်ကောင်တာမရောက်မီ ဘုရားကျောင်း ခေါင်းလောင်းစင်ရှေ့တွင် ခေါင်းလောင်းထိုးရန် တန်းစီနေသော လူတန်းရှည်ကြီးအား တွေ့ရသည်။ အပေါ်ခေါင်းလောင်းစင်တွင် တစ်ဦးပြီးတစ်ဦး ခေါင်းလောင်းထိုးနေကြသည်။ ခေါင်းလောင်းထိုးလျှင် တစ်ကြိမ်သာထိုးရပြီး ခေါင်းလောင်းထိုးခမှာ ယန်း ၂၀၀ ဖြစ်သည်။ ခင်ခခုဂျိပုံပါသော ပို့စ်ကတ်တစ်ခု လက်ဆောင်ပြန်ပေးပါသည်။ စာရေးသူလည်း ဝင်တန်းစီကာ ခေါင်းလောင်းထိုးခဲ့ပါသည်။ ကိုယ့်အလှည့်ရောက်ရန် နာရီဝက်ခန့် စောင့်ခဲ့ရပါသည်။

ထို့နောက် အတွင်းသို့ လက်မှတ်ဝယ်ပြီး (တစ်ဦးလျှင် ယန်း ၄၀၀ ကျသင့်ပါသည်) ဝင်ရောက်ရာ ရေကန်ကြီးနှင့် ရေကန်တစ်ဖက်ကမ်းစပ်တွင် လှပသေသပ်စွာ တည်ရှိနေသော ရွှေကျောင်းတော်အား တွေ့ရပါသည်။ လူများစွာသည် ကျောင်းနောက်ခံဖြင့် ဓာတ်ပုံများ ရိုက်ယူကြပြီးနောက် ကန်ပတ်လမ်းအတိုင်း ရွှေကျောင်းတော်နှင့် နီးရာသို့ တရွေ့ရွေ့သွားနေကြသည်။ စာရေးသူလည်း ကန်ကြီးနှင့်တကွ ရွှေကျောင်းတော်ကြီးအား ဓာတ်ပုံများ ရိုက်လိုက်၊ လူတန်းကြီးနှင့် စီးမျောလိုက်ဖြင့် ရွှေကျောင်းတော်ကြီးအနီးသို့ ရောက်သွားသည်။ ရွှေကျောင်းတော်ကြီးဟု ဆိုရငြားလည်း အမှန်တော့ ကန်ရေပြင်အစပ်တွင် တည်ရှိသော ရိုးရှင်းလှပသည့် ရွှေချထားသော သုံးထပ် အဆောက်အဦလေးတစ်ခုသာ ဖြစ်ပါသည်။ လေတိုက်လျှင်ပင် လွင့်သွားမည့် စက္ကူကျောင်းဆောင် အရုပ်လေးသဖွယ် ခံစားတွေ့မြင်ရသည်။ သို့သော် တန်ခိုးကားကြီးမားလှသည်။ နှစ်စဉ် ကမ္ဘာအနှံ့မှ သောင်း၊ သိန်းချီသော လူများစွာသည် ကျိုတိုသို့ ရောက်ရှိလည်ပတ်ခိုက် အဆိုပါ ရွှေကျောင်းတော်အား မျက်မြင်ကြည့်ရှုရန် ခင်ခခုဂျိဘုရားကျောင်းသို့ မပျက်မကွက် ရောက်ရှိကြသည်။ ရွှေကျောင်းတော်အား ကြည့်ရှုလေ့လာပြီးနောက် ရွှေကျောင်းတော်မှ ဘုရားကျောင်း ထွက်ပေါက်သို့ ပြန်ထွက်ရာ လမ်းတစ်လျှောက်တွင် တောအုပ်ငယ်လေးများ၊ ရေတံခွန် စိမ့်စမ်းငယ်လေးများ၊ ကျောင်းဆောင်ငယ်လေးများ၊ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များ၊ ပင်မကျောင်းဆောင် စသည်တို့ကို တွေ့ရသည်။ လမ်းတစ်လျှောက် နေရာ နှစ်နေရာခန့်တွင် အချို့ခရီးသွားများသည် လမ်းဘေးကုန်းမြင့်ငယ်များရှိ ဗုဒ္ဓဆင်းတုတော်လေး သုံး၊ လေးဆူရှေ့တွင်ရှိသော ခွက်အတွင်းသို့ ငွေအကြွေစများ အဝေးမှ ပစ်ထည့်ကာ အော်ဟစ်ပျော်ရွှင်နေကြသည်ကို တွေ့ရသည်။ စာရေးသူလည်း ခင်ခခုဂျိဘုရားကျောင်းမှ ပြန်မထွက်မီ အများနည်းတူ ပင်မကျောင်းဆောင်တွင် အကြွေစထည့်ဝင်ကာ နှစ်သစ်ဆုတောင်း ပြုလုပ်ခဲ့ပါသည်။

ခင်ခခုဂျိဘုရားကျောင်းသို့ သွားရောက်လိုပါက လိပ်စာမှာ 1 Kinkakuji-cho, Kita-ku, Kyoto 603-8361 Japan ဖြစ်ပြီး အနီးဆုံးဘူတာဖြစ်သည့် ခိတာအိုးဂျိ ဘူတာရုံသို့ သွားရောက်ကာ ထိုမှတစ်ဆင့် ဘူတာရုံနှင့် ခင်ခခုဂျိသို့ တိုက်ရိုက်ပြေးဆွဲသော ဘတ်စ်ကားစီးနင်းနိုင်ပါသည်။ ခင်ခခုဂျိဘုရားကျောင်းနှင့် ပတ်သက်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက https://www.shokoku-ji.jp/en/kinkakuji/တွင် ဝင်ရောက်ဖတ်ရှုလေ့လာနိုင်ပါသည်။ ။

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ယမန်နေ့မှအဆက်**

၃၈။ ကွယ်လွန်သူခင်ပွန်း၏ သွေးရင်းမိသားစုဝင် မည်သည့်အမျိုးသားမျှ မိမိတို့ ထိန်းသိမ်းကြည့်ရှုစောင့်ရှောက်ထားသော မုဆိုးမနှင့် သူမ၏ သမီးတစ်ဦးဦးအား ယင်းတို့၏ သဘောဆန္ဒမပါဘဲ သိမ်းပိုက်ခြင်း သို့မဟုတ် လက်ထပ်ခြင်းမရှိစေရ။

၃၉။ မည်သူမျှအမျိုးသမီးတစ်ဦးအား လက်ထပ်မည်ဟု ယုံကြည်အောင်ပြောဆို၍ ကာမရယူပြီးနောက် လက်ထပ်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၄၀။ မည်သူမျှလုပ်ငန်းခွင်တွင် အမျိုးသမီးတစ်ဦးကို နှုတ်ဖြင့်သော်လည်းကောင်း၊ ကိုယ်အမူအရာဖြင့်သော်လည်းကောင်း လိင်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ ပြောဆိုခြင်း၊ ပြသခြင်း၊ ကမ်းလှမ်းခြင်း၊ တောင်းဆိုခြင်း သို့မဟုတ် ညစ်ညမ်းရုပ်ပုံများ၊ ဗီဒီယိုများ၊ အသံ၊ စာသားစသည့် လိင်သဘောသက်ရောက်သည့် အရာများ အသုံးပြုခြင်းဖြင့် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှု မပြုရ။

၄၁။ ခင်ပွန်းသည်မည်သူမျှ မိမိ၏ဇနီးအား အိမ်ထောင်ဖက်ကကျူးလွန်သော မုဒိမ်းမှု မကျူးလွန်ရ။

၄၂။ အိမ်ထောင်စုဝင် သို့မဟုတ် သွေးရင်းမိသားစုဝင် မည်သူမျှ အမျိုးသမီးတစ်ဦးအား အိမ်တွင်းအကြမ်းဖက်မှုမပြုရ။

၄၃။ မည်သူမျှ အမျိုးသမီးတစ်ဦးအား အောက်ဖော်ပြပါအကြောင်း တစ်ရပ်ရပ်အရ သားကြောဖြတ်ခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်း သို့မဟုတ် ကိုယ်ဝန်ဆောင်စေခြင်းမပြုရ –

(က) ခြိမ်းခြောက်ခြင်း၊ အနိုင်အထက်ပြုခြင်း သို့မဟုတ် မလျော်သြဇာသုံးခြင်း၊

(ခ) အကျိုးခံစားခွင့် တစ်စုံတစ်ရာပေးမည်ဟု မက်လုံးပေး၍တိုက်တွန်းဆောင်ရွက်ခြင်း၊

(ဂ) အကျိုးခံစားခွင့်များကို ရုပ်သိမ်းမည်၊ ငြင်းပယ်မည် သို့မဟုတ် ဆောင်ရွက်ခြင်း မရှိလျှင် ပြစ်ဒဏ်တစ်ခုခု ကျခံစေမည်ဟု ခြိမ်းခြောက်၍ ဆောင်ရွက်စေခြင်း၊

(ဃ) လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသည့် သို့မဟုတ် အရေးပေါ်အမိန့်ထုတ်ပြန်ထားသည့်ကာလတွင် အမိန့်အာဏာသုံး၍ ဆောင်ရွက်ခြင်း။

၄၄။ မည်သူမျှ ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်နှင့်မညီဘဲ ကိုယ်ဝန်ဖျက်ချခြင်း မပြုရ။

၄၅။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်အား ကျူးလွန်ကြောင်း ပထမအကြိမ် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်အတွင်း ထပ်မံ၍ ကျူးလွန်ခြင်းမပြုရန် သတိပေးပြီး ခိုင်လုံသောအာမခံဖြင့် ခံဝန်ချုပ်ချုပ်ဆိုစေသည့်အမိန့်ချမှတ်ရမည်။

၄၆။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး သုံးလမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည် –

(က) ပုဒ်မ ၄၅ အရ ခံဝန်ချုပ်ချုပ်ဆိုသည့်အမိန့် ချမှတ်ခံရပြီးနောက် ယင်းပြစ်မှုကို ထပ်မံကျူးလွန်မှု၊

(ခ) စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊

(ဂ) စီးပွားရေးဆိုင်ရာအကြမ်းဖက်မှု၊

(ဃ) ဘေးဖြစ်စေတတ်သော လက်နက် သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို အသုံးမပြုဘဲ ထိခိုက်နာကျင်စေသည့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တစ်ခုခု ပြုလုပ်ခြင်း၊

(င) လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ရန်ကြံရွယ်၍ ကျူးလွန်သည့် လက်ရောက်မှု၊

(စ) အမျိုးသမီးကို လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ရန် ရည်ရွယ်၍ အသံ သို့မဟုတ် ကိုယ်အမူအရာပြုလုပ်မှု၊

(ဆ) အကာအကွယ်ပေးရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ဖောက်ဖျက်မှု။

၄၇။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည် –

(က) စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ထပ်မံကျူးလွန်ခြင်း၊

(ခ) စီးပွားရေးဆိုင်ရာအကြမ်းဖက်မှုကို ထပ်မံကျူးလွန်ခြင်း၊

(ဂ) ပုဒ်မ ၄၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ခြင်း၊

(ဃ) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကိုအသုံးပြု၍ အမျိုးသမီး၏ လိင်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်းသည့် ခန္ဓာကိုယ်အစိတ်အပိုင်းကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုရိုက်ကူးမှု၊ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်များတွင် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု၊ ထုတ်ဖော်ဖြန့်ဝေမှု၊ ညစ်ညမ်းပုံများ ပေးပို့ဖြန့်ဝေခြင်း။

၄၈။ မည်သူမဆို ဘေးဖြစ်စေတတ်သော လက်နက် သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို အသုံးပြု၍ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတစ်ခုခု ပြုလုပ်၍ နာကျင်စေမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးခြောက်လမှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၄၉။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ခုခု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးသုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည် –

(က) ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ခြင်း၊

(ခ) အမျိုးသမီး၏ခွင့်ပြုချက်မရှိဘဲ သားကြောဖြတ်ခြင်း သို့မဟုတ် ကိုယ်ဝန်ဆောင်စေခြင်း။

၅၀။ ခင်ပွန်းသည်မည်သူမဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၅၁။ မည်သူမဆို အမျိုးသမီးတစ်ဦးဦးကို ဘေးဖြစ်စေတတ်သောလက်နက် သို့မဟုတ် အရာဝတ္ထုတစ်ခုခုအသုံးပြုခြင်းမရှိဘဲ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တစ်ခုခုပြုလုပ်၍ အပြင်းအထန် နာကျင်စေမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးနှစ်နှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၅၂။ မည်သူမဆို အမျိုးသမီးတစ်ဦးဦးကို ပြည့်တန်ဆာပြုလုပ်ရန် ခိုင်းစေမှု၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စပြုလုပ်မှု၊ စီးပွားရေးအလို့ငှာ လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံးနှစ်နှစ်မှ အများဆုံး ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၅၃။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံးဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည် –

(က) ပုဒ်မ ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ခ) အမျိုးသမီး၏ ခွင့်ပြုချက်မရှိဘဲ ကိုယ်ဝန်ဖျက်ချခြင်း၊

(ဂ) ပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်နှင့်မညီဘဲ ကိုယ်ဝန်ဖျက်ချခြင်း။

၅၄။ ကွယ်လွန်သူခင်ပွန်း၏ သွေးရင်းမိသားစုဝင် အမျိုးသား မည်သူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံးဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည်။

၅၅။ မည်သူမဆိုဘေးဖြစ်စေတတ်သော လက်နက် သို့မဟုတ် အရာဝတ္ထုဖြင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတစ်ခုခုပြုလုပ်၍ အပြင်းအထန်နာကျင်စေမှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ငါးနှစ်မှ အများဆုံးနှစ် ၂၀ အထိ ထောင်ဒဏ်ချမှတ်ရမည်။

၅၆။ မည်သူမဆို အမျိုးသမီးတစ်ဦးဦးကို အောက်ပါပြုလုပ်မှုတစ်ခုခု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်သက်ဖြစ်စေ၊ ထောင်ဒဏ် ၂၀ နှစ် ဖြစ်စေ ချမှတ်ရမည် –

(က) တစ်ဦးထက်ပို၍ စုဖွဲ့ကျူးလွန်သည့်မုဒိမ်းမှု၊

(ခ) လူ၏ခန္ဓာကိုယ်ကို အသက်သေစေလောက်သော သို့မဟုတ် မသန်စွမ်းမှု၊ ထိခိုက်နစ်နာမှု၊ နာကျင်စေမှုဖြစ်စေသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊

(ဂ) ကလေးသူငယ်မြင်စေရန်ဖြစ်စေ၊ ကလေးသူငယ်မြင်မည်ကို သိလျက်နှင့် သို့မဟုတ် သိတန်ရာသော အကြောင်းရှိလျက်နှင့် ဖြစ်စေ ကလေးသူငယ်၏ရှေ့တွင် မုဒိမ်းမှုကို တမင်ကျူးလွန်ခြင်း၊

(ဃ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသောဆေးဝါး သို့မဟုတ် အရက်သေစာတိုက်ကျွေး၍ ကျူးလွန်သည့် မုဒိမ်းမှု၊

(င) ဘေးဖြစ်စေတတ်သောလက်နက်ကို အသုံးပြု၍ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊

(စ) အကြိမ်ကြိမ် ကျူးလွန်သည့် မုဒိမ်းမှု၊

(ဆ) ဆယ့်နှစ်နှစ်အောက်မိန်းကလေးကို ကျူးလွန်သည့်မုဒိမ်းမှု၊

၅၇။ သွေးရင်းမိသားစုတစ်ဦးဦးကဖြစ်စေ၊ အိမ်ထောင်စုဝင်တစ်ဦးဦးကဖြစ်စေ မိသားစုအတွင်း ကျူးလွန်သောမုဒိမ်းမှု၊ ဓမ္မတာနှင့်ဆန့်ကျင်သော လိင်ပိုင်းဆိုင်ရာပြုကျင့်မှု၊ ပြည့်တန်ဆာ ပြုလုပ်ရန် ခိုင်းစေမှု၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စပြုလုပ်မှု၊ စီးပွားရေးအလို့ငှာ လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှု တစ်ရပ်ရပ် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် တစ်သက်ဖြစ်စေ၊ ထောင်ဒဏ် ၂၀ နှစ် ဖြစ်စေ ချမှတ်ရမည်။

၅၈။ မည်သူမဆို ပုဒ်မ ၅၆ ပါ ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်မှုမှအပ မုဒိမ်းမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ရာဇသတ်ကြီးအရ အရေးယူအပြစ်ပေးရမည်။

၅၉။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်ကလည်း ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သောပြစ်မှုအတွက် ပြဋ္ဌာန်းထားသောအမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၆၀။ မည်သူမဆို ဤဥပဒေပါပြစ်မှုတစ်ခုခုကို ကျူးလွန်ရန်အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ရမည်။

၆၁။ မည်သူမဆို ဘေးအန္တရာယ်တစ်ရပ်ရပ်ကြောင့်သော်လည်းကောင်း၊ လက်နက်ကိုင်ပဋိပက္ခကြောင့်သော်လည်းကောင်း နေရပ်စွန့်ခွာရွှေ့ပြောင်းနေထိုင်သူ ကလေးသူငယ်ကိုဖြစ်စေ၊ အမျိုးသမီးကိုဖြစ်စေ မုဒိမ်းမှုကျူးလွန်လျှင် ထိုသူကို ထောင်ဒဏ်တစ်သက် ချမှတ်ရမည်။

**အခန်း (၁၀)**

**တရားမဆိုင်ရာ သက်သာခွင့်များ**

၆၂။ အကြမ်းဖက်ခံရသူသည် ဤဥပဒေပါ ပြစ်မှုကြောင်းအရ တရားစွဲဆိုပိုင်ခွင့်ရှိသည့်အပြင် အောက်ဖော်ပြပါ မိမိ၏နစ်နာမှုများနှင့်ဆုံးရှုံးမှုများအတွက် တရားမဆိုင်ရာသက်သာခွင့်၊ ရပိုင်ခွင့်များကို သက်ဆိုင်ရာတရားရုံးတွင် တရားမကြောင်းအရ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခွင့်ရှိသည်–

(က) ကိုယ်အင်္ဂါအစိတ်အပိုင်း ထိခိုက်နစ်နာမှုနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများအတွက် ဆေးဝါးကုသစရိတ်နှင့် နစ်နာကြေးများ ရထိုက်ခွင့်၊

(ခ) တရားစရိတ်များ ရထိုက်ခွင့်၊

(ဂ) ပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိဘဲ နစ်နာသည့်၊ ပျက်စီးဆုံးရှုံးသွားသည့် ပစ္စည်းများအတွက် လျော်ကြေးရထိုက်ခွင့်၊

(ဃ) ဝင်ငွေ သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆုံးရှုံးမှုအတွက် လျော်ကြေးရပိုင်ခွင့်၊

(င) ကလေးသူငယ်များအား ယာယီထိန်းသိမ်းစောင့်ရှောက်ခွင့် အမိန့်နှင့် ထိန်းသိမ်းစောင့်ရှောက်မှုစရိတ်အပါအဝင် ကလေးသူငယ်စရိတ်ရထိုက်ခွင့်။

၆၃။ ကာမလိမ်လည်မှုခံရခြင်းကြောင့် ထိုအမျိုးသမီးတွင် ကိုယ်ဝန်ရရှိသွားလျှင် ထိုအမျိုးသမီးသည် မွေးဖွားလာသည့်ကလေးအား ပြုစုပျိုးထောင်စောင့်ရှောက်မှုစရိတ်ရရှိရန် သက်ဆိုင်ရာ တရားရုံးတွင် တရားမကြောင်းအရ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခွင့်ရှိသည်။

၆၄။ အကြမ်းဖက်မှုကြောင့် အကြမ်းဖက်ခံရသူသေဆုံးသွားလျှင် သေဆုံးသူ၏မိသားစုဝင်သည် သင့်လျော်သည့်နစ်နာကြေးရရှိရန် သက်ဆိုင်ရာတရားရုံးတွင် တရားမကြောင်းအရ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားခွင့်ရှိသည်။

၆၅။ သက်ဆိုင်ရာတရားရုံးသည် ဤအခန်းပါ တရားမဆိုင်ရာ သက်သာခွင့်များရလိုသည့် လျှောက်ထားမှုများနှင့် တရားစွဲဆိုမှုများတွင် အကြမ်းဖက်ခံရသူ၏ ထိခိုက်နစ်နာမှုအတွက် လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် အကြမ်းဖက်သူအား အမိန့်ချမှတ်ရာတွင် ဤဥပဒေအရစွဲဆိုသည့် ပြစ်မှုတွင်ဖြစ်စေ၊ အကာအကွယ်ပေးရေးဆိုင်ရာအမိန့်ချမှတ်ရာတွင်ဖြစ်စေ လျော်ကြေး သို့မဟုတ် နစ်နာကြေးပေးရန် ချမှတ်ပါက ယင်းလျော်ကြေး သို့မဟုတ် နစ်နာကြေးကို ခုနှိမ်၍ချမှတ်ရမည်။

**အခန်း (၁၁)**

**ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲသုံးစွဲခြင်း**

၆၆။ ကော်မတီသည် –

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေတစ်ရပ်ကို ထူထောင်နိုင်သည် –

(၁) ဝန်ကြီးဌာနမှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်မှထည့်ဝင်သည့် မတည်ငွေနှင့် နှစ်စဉ် နိုင်ငံတော်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေဖြင့် ထောက်ပံ့ငွေ၊

(၂) ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်များ၏ လှူဒါန်းထောက်ပံ့ငွေနှင့် ပစ္စည်းများ၊

(၃) စုဆောင်းငွေမှ ရရှိသည့် အတိုးငွေများ။

(ခ) ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

**စာမျက်နှာ ၁၇ သို့**

# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ကလေးစာပေပွဲတော် (ကြံခင်း)ဖွင့်ပွဲ တက်ရောက်

**ကြံခင်း ဇန်နဝါရီ ၂၇**

ကလေးစာပေပွဲတော် (ကြံခင်း) စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ကြံခင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ''မြို့နယ်ကလေးစာပေပွဲတော်ကို ကလေးများ စာအုပ်စာပေ၌နှစ်သက်မွေ့လျော်ကာ ရာသက်ပန်ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာ ဆင်နွှဲရင်းစုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ဖြစ်လာစေရန်၊ ပညာဗဟုသုတနှင့်လူရည်လူသွေးပါပြည့်ဝပြီးတော့ အနာဂတ်မှာ တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန်၊ ကျောင်းနေအရွယ်ကလေးငယ်များ ကလေးစာပေပွဲတော်နဲ့ ပတ်သက်တာတွေ ကျယ်ပြန့်စွာ သိရှိပြီး အများစုပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန်စတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပရခြင်းဖြစ်ပါတယ်''ဟု ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဧည့်သည်တော်များသည် ကလေးစာပေပွဲတော် (ကြံခင်း) ၌ ခင်းကျင်းပြသထားသည့် ထူးချွန်ထင်ရှားရေဝတီတိုင်းသားများပြခန်း၊ ကလေးစာဖတ်ခန်း၊ ပြိုင်ပွဲများ၊ ပညာရေး၊ ရဲတပ်ဖွဲ့၊ စိုက်ပျိုးရေးနှင့်သစ်တော၊ မွေးမြူရေးနှင့်ကုသရေး၊ စည်ပင်သာယာရေးအဖွဲ့၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပြခန်း၊ ကျန်းမာရေးနှင့်ကြက်ခြေနီတပ်ဖွဲ့ပြခန်းနှင့် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းပြခန်းများ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ Unicode စနစ်ပြောင်းလဲရေး ဝန်ဆောင်မှုပေးခြင်းဆောင်ရွက်နေမှုများ၊ အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်နေမှု၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၏ မူခင်းအသိပညာပေး မော်တော်ယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်နေမှုများနှင့် စာအုပ်အရောင်းဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ရေဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၆ မြို့နယ်၌ ကလေးစာပေပွဲတော်များကို ကျင်းပလျက်ရှိရာ ကလေးစာပေပွဲတော်(ကြံခင်း)ကို အမှတ် (၁)အခြေခံပညာ အထက်



တန်းကျောင်း၌ ဇန်နဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို လွတ်လပ်စွာ ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်မောင် မသန်စွမ်းမှုဆိုင်ရာသင်တန်းများဖွင့်ပွဲ တက်ရောက်

**ထားဝယ် ဇန်နဝါရီ ၂၇**

ပြန်လည်ထူထောင်ရေး ဦးစီးဌာနနှင့် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) တို့ ပူးပေါင်း၍ မသန်စွမ်းမှုဆိုင်ရာဆွေးနွေးပွဲနှင့် အသိပညာပေးသင်တန်းများဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က ရွှေမင်းသားဖောင်ဒေးရှင်းအနေဖြင့် မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်း၊ လူမှုရေး၊ စွမ်းဆောင်နိုင်ရည်နှင့် စိတ်ဓာတ်ခွန်အားဖြည့် ဆည်းပေးခြင်းဆိုသည့် ကဏ္ဍကြီးငါးရပ်ကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးနေသော အဖွဲ့အစည်းဖြစ်ကြောင်း၊ ယခုအချိန်အထိ မသန်စွမ်းသူ ၁၃၀၀၀ ကျော်၏ ဘဝစိုပြည် လုပရေးကို ဆောင်ရွက်ပေးနေသည်ကို သိရသောကြောင့် ဝမ်းသာကြည်နူးမှုဖြစ်ရကြောင်း ပြောကြားသည်။



ထို့နောက် ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)ဥက္ကဋ္ဌ ဦးမြတ်သူဝင်းက မသန်စွမ်းမှုဆိုင်ရာ အသိပညာပေးသင်တန်းများ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်အား အမှတ်တရပန်းချီကားလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)မှဒေါ်အေးနန္ဒာဌေးက မသန်စွမ်းသူများ ကိုယ့်အားကိုယ်ကိုးလျက် မသန်စွမ်းသူ တစ်ဦးချင်း ကိုယ်စီလိုအပ်ချက်များဖြည့်ဆည်းနိုင်ပြီး ပိုမိုကောင်းမွန်သာယာသော ကမ္ဘာကြီးနှင့် လူ့အသိုက်အဝန်း တည်ဆောက်ရေးကဏ္ဍတွင် မသန်စွမ်းသူများပါဝင်နိုင်ရေးအတွက် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်းနှင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ လှုပ်ရှားဆောင်ရွက်မှုများအား ရှင်းလင်းပြောပြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း သဲကုန်းမြို့နယ် အင်းမမြို့၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**အင်းမ ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက သဲကုန်းမြို့နယ် အင်းမမြို့ မြို့လယ်ဓမ္မာရုံ၌ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့်အတူ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်သူများကိုလည်း ခေတ်နှင့်အညီစနစ်ကျသော မြေယာအသုံးချမှုများ၊ စနစ်ကျသော လမ်း/တံတားများ၊ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ၊ အခြေခံအဆောက်အဦများ ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် မိမိတို့အစိုးရတွင် တာဝန်ရှိပြီး ဒေသခံအများစုသည် ကျေးလက်နေ တောင်သူလယ်သမားဖြစ်သည့်အတွက် ဒေသထွက် စားသောက်ကုန်ပစ္စည်းများ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထွက်ရှိနိုင်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော သြဂဲနစ်စားသောက်ကုန်များ ထွက်ရှိနိုင်ရန် အသိပညာပေးခြင်းကိုလည်း အဓိကထား လုပ်ဆောင်ပေးလျက်ရှိကြောင်းပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာဌာနဆိုင်ရာများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရသည့် ဥပဒေများကိုလည်းကောင်း၊ လမ်းမကြီးဆိုင်ရာ သိရှိလိုက်နာရမည့်ဥပဒေကိုလည်းကောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)၏ သိကောင်းစရာ၊ မြေပုံရေးကူးပေးခြင်း(၁၀၅/၁၀၆) ဆိုင်ရာသိကောင်းစရာနှင့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအကြောင်းကိုလည်းကောင်း ပြည်သူများ သိရှိနိုင်ရေး ရှင်းလင်းပြောကြားခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသည့် ဒေသခံပြည်သူများ၏ တင်ပြမှုများကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် အင်းမမြို့ သီရိရတနာရပ်ကွက် မီးလင်းရေးအတွက် အလှူငွေကျပ် ၁၆၇၈၅၈၀၀ အား ထောက်ပံ့လှူဒါန်းခဲ့ရာ သဲကုန်းမြို့နယ် မီးလင်းရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ သဲကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဝေစိုးနှင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာမီးလင်းရေးကော်မတီ ဥက္ကဋ္ဌတို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

**စာမျက်နှာ ၁၆ မှ**

(ဂ) ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီသည် ရန်ပုံငွေကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ပြုလုပ်ရမည့်အပြင် နှစ်စဉ်ဘဏ္ဍာရေးရှင်းတမ်းနှင့် ရသုံးငွေစာရင်းရှင်းတမ်းများ ပြုစု၍ ကော်မတီသို့ တင်ပြရမည်။

(ဃ) ကော်မတီသည်ရန်ပုံငွေစာရင်းများကိုပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှု ခံယူရမည်။

**အခန်း (၁၂)**

**အထွေထွေ**

၆၇။ (က) လူမှုဝန်ထမ်းဦးစီးဌာနသည် ကော်မတီ၏လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်းသည့် ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးရမည်။

(ခ) ဝန်ကြီးဌာနသည် ကော်မတီ၏ ရုံးလုပ်ငန်းကုန်ကျစရိတ်များကို မိမိ၏ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၆၈။ သက်ဆိုင်ရာတရားရုံးသည် အကြမ်းဖက်မှုကျူးလွန်သူအား အမိန့်ချမှတ်ရာတွင် အကြမ်းဖက်ခံရသူ ထိခိုက်ဒဏ်ရာရမှုအတွက် ဆေးဝါးကုသမှုကုန်ကျစရိတ်၊ သွားလာစရိတ်နှင့် အကြမ်းဖက်ခံရမှုကြောင့် အကြမ်းဖက်ခံရသူ အလုပ်မလုပ်နိုင်ဘဲ ပုံမှန်ဝင်ငွေနစ်နာဆုံးရှုံးမှုများအတွက် အကြမ်းဖက်မှုကျူးလွန်မခံရမီ အကြမ်းဖက်ခံရသူ၏ နေ့စဉ်ပုံမှန်ဝင်ငွေပမာဏကိုသော်လည်းကောင်း၊ ပုံမှန်ဝင်ငွေ၏သင့်လျော်သည့် တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ပေးချေစေရန် ညွှန်ကြားသည့်အမိန့် ချမှတ်နိုင်သည်။

၆၉။ တည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့် သက်ဆိုင်သော ပြစ်မှုများကို ဤဥပဒေအရသာ အရေးယူရမည်။

၇၀။ ဤဥပဒေတွင် အနက်အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိသည့် စကားရပ်များနှင့်စပ်လျဉ်း၍ ရာဇသတ်ကြီးပါအနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

၇၁။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၇၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ဝန်ကြီးဌာနနှင့်ကော်မတီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

# သွေးချင်းတို့ရဲ့ပွဲတော်ဆီသို့သွားရောက်မည့် အကအဖွဲ့အား ထောက်ပံ့ငွေပေးအပ်

**ပင်းတယ ဇန်နဝါရီ ၂၇**

ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ဖေဖော်ဝါရီလပထမပတ်တွင် ကျင်းပမည့် ဒုတိယအကြိမ်မြောက် သွေးချင်းတို့ရဲ့ပွဲတော်သို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ကိုယ်စားပြု သွားရောက်ကြမည့်အကဖွဲ့အား ထောက်ပံ့ငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီက ဒေသဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အမှာစကားပြောကြားပြီး ဒေသဦးစီးအဖွဲ့က ထောက်ပံ့ငွေကျပ်သိန်း ၃၀ နှင့် ကျန်းမာရေးအထောက်အကူပြု Health Care First Aid Kit ဆေးအိတ်သုံးအိတ်ကို ပေးအပ်သည်။

အဆိုပါ သွေးချင်းတို့ရဲ့ပွဲတော်သို့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကိုယ်စားပြုအကအဖွဲ့အဖြစ် ဓနုတိုင်းရင်းသားရေးရာအဖွဲ့ချုပ်(ဗဟို) ဥက္ကဋ္ဌ ဦးနေမျိုးကျော်နှင့် အဖွဲ့ဝင်များ၊ ပင်းတယမြို့နယ် ဓနုတိုင်းရင်းသားမောင်မယ်များ စုစုပေါင်း ၆၀ တို့က သွားရောက်၍ ရိုးရာအကများ၊ ဓားသိုင်းအက၊ လက်သိုင်းအကနှင့် မီးတုတ်သိုင်းအကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ ရိုးရာအဝတ်အစားအသုံးအဆောင်ပစ္စည်းများနှင့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ ခင်းကျင်းပြသခြင်းများကိုလည်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် မြန်မာ့ရိုးရာသိုင်းပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်ဆုနှင့် စွယ်စုံတံခွန်စိုက်ဆုရရှိခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းအား ဂုဏ်ပြု

**မုံရွာ ဇန်နဝါရီ ၂၇**

၂၀၂၀ ပြည့်နှစ် (၁၉) ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့ရိုးရာသိုင်းပြိုင်ပွဲတွင် အမျိုးသား တံခွန်စိုက်ဆုနှင့် စွယ်စုံတံခွန်စိုက်ဆုရရှိခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့ရိုးရာသိုင်းအသင်း အား ကြိုဆိုဂုဏ်ပြုပွဲကို ဇန်နဝါရီ ၂၆ ရက် မွန်းတည့် ၁၂ နာရီက မုံရွာမြို့ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန၌ ကျင်းပသည်။

အသင်းအုပ်ချုပ်သူ၊ နည်းပြဆရာနှင့် ထူးချွန် အားကစားသမားတစ်ဦးတို့က အမျိုးသားတံခွန်စိုက် ဆုကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းထံသို့ လည်းကောင်း၊ စွယ်စုံတံခွန်စိုက်ဆုကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်ထံသို့ လည်းကောင်း အသီးသီးလွှဲပြောင်း ပေးအပ်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက "နိုင်ငံတော်အစိုးရအနေနဲ့ အားကစားကို အမျိုးသားရေးတာဝန်တစ်ရပ် အနေနဲ့ အဘက်ဘက်မှ အားပေးမြှင့်တင်ပေး လျက်ရှိကြောင်း၊ မြန်မာ့ရိုးရာသိုင်းပညာသည် တစ်ခေတ်တစ်ခါက တိုင်းပြည်အတွက် အဓိကနေရာ ကဏ္ဍတစ်ရပ်မှ ပါဝင်ခဲ့သည်မှာ အထင်အရှားပင်ဖြစ် ကြောင်း၊ ၂၀၀၄ ခုနှစ်က ဗန်တို လက်အတိုက်သိုင်း



တံခွန်စိုက်ဒိုင်းဆုကြီးနှင့် ၂၀၀၆ ခုနှစ်တွင်လည်း အမျိုးသမီးတံခွန်စိုက်ဆုကြီးတို့ကို ဆွတ်ခူးရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ရွှေ တစ်ခု၊ ငွေ ငါးခု၊ ကြေး ရှစ်ခုထိ ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ကြောင်း၊ ယခု ၂၀၂၀ပြည့် နှစ်တွင် ရွှေ ရှစ်ခု၊ ငွေ လေးခု၊ ကြေး ခြောက်ခုဖြင့် အမျိုးသားတံခွန်စိုက်ဆုနှင့် စွယ်စုံ တံခွန်စိုက်ဆုကို ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်းဖြစ်ကြောင်း ပြော ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး သိုင်းဆပ်ကော်မတီ ရုံးအဖွဲ့မှူး ဦးအာယုက အသင်းသားများနှင့် တစ်ဦးချင်းမိတ်ဆက်ပေးပြီးနောက် ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြ သည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ်သိန်း ၂၀ နှင့် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး က အားကစားနှင့် ကာယပညာဦးစီးဌာန၏ ငွေကျပ် ရှစ်သိန်းတို့ကို ဂုဏ်ပြုဆုငွေများအဖြစ် ပေးအပ် သည်။

**ထွန်းကိုကို(ယင်းမာပင်)**



## နေပြည်တော်မိသားစုပရဟိတအသင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ဖွဲ့စည်းတည်ထောင်ထားသည့် နေပြည်တော် မိသားစုပရဟိတအသင်း၏ (၅၇)ကြိမ်မြောက်စုပေါင်းသန့်ရှင်းရေးဆောင်ရွက် ခြင်းအဖြစ် ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီက ဇမ္ဗူသီရိမြို့နယ် သပြေကုန်း ရပ်ကွက်ရှိ အေးမြသာယာကျောင်းတိုက် ပြည်လုံးချမ်းသာကပ်ကျော် ဆုတောင်း ပြည့်စေတီတော်၌ ညာဏ်တော်မြှင့်တင် ပြန်လည်ပြုပြင်တည်ဆောက်ရေးတွင် ပရဟိတအသင်းဝင် ၄၅ ဦးတို့က လုပ်အားဒါန ကုသိုလ်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## သတင်းစုံကဏ္ဍ

### သံဃာတော်၊ သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန်**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် (ပလရ)အပိုင် ပြည်လမ်းမကြီးဘေး တွင် တည်ထားကိုးကွယ်တော်မူသော သမိုင်းဝင်ကျိုက္ကလော့စေတီတော်မြတ် ကြီး၏ (၅၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နောက်ဆုံးရက် ဇန်နဝါရီ ၂၅ ရက် ညနေ ၃ နာရီမှစ၍ ပင့်သံဃာ ၁၂၅ ပါးနှင့် သာသနာ့အနွယ်ဝင်သီလရှင် အပါး ၅၀တို့အား လှူဖွယ်ပစ္စည်းစုံလင်စွာဖြင့် မင်္ဂလာဒုံမြို့နယ် ဌာနဆိုင်ရာဦးစီး ဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ပြည်သူအပေါင်းတို့က စုပေါင်းဆွမ်းဆန်စိမ်း များလောင်းလှူခဲ့ကြသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

### ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း အသိပညာပေး

**ဂန့်ဂေါ**

ဂန့်ဂေါမြို့နယ် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း(OSS) အဖွဲ့သည် ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီတွင် ခေါင်းတုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းကြသည်။

ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း တွင် ပါဝင်သည့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်ပေး၍ မွေးတိုး စာရင်းထည့်သွင်းခြင်း၊ သေဆုံးစာရင်းပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြ ကြောင်း သိရသည်။

**စိန်ကျော်**



**နွားထိုးကြီးမြို့နယ် ကန်နားကျေးရွာအုပ်စု ရေတွင်းကြီးကျေးရွာတွင် ဇန်နဝါရီ ၂၄ ရက်နံနက်တွင် ရွာသူ ရွာသားများအား ကန်နားနယ်မြေစခန်း မှူးရဲအုပ်မင်းဇော်က လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ မူဒိမ်းမှုကင်းဝေး ရေး၊ မူးယစ်ဆေးဝါးအကြောင်းနှင့် မှုခင်းကျဆင်းရေးအသိပညာပေး ဟောပြောစဉ်။**

ခင်ဇာမွန်မြင့်(ဥပဒေ)



## မြောင်းမြမြို့နယ်၌ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦသစ်ဖွင့်

**မြောင်းမြ ဇန်နဝါရီ ၂၇**

မြောင်းမြမြို့နယ်တွင် အလှူရှင်လှူဒါန်းမှုဖြင့် ၁၈ခု မြောက် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦ သစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂၆ ရက် နံနက် ၁၀ နာရီက ဘူဒင်းကွင်းကျေးရွာရှိ အဆိုပါ အဆောက် အဦရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်က မုဒိတာစကားများပြော ကြားပြီး အလှူရှင် မိုးလေဝသပညာရှင် (ဆရာကြီး ဦးထွန်းလွင်)၏ဇနီး ဒေါ်မူမူသန်းက ဆေးခန်း အဆောက်အဦလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ဆေးခန်းအဆောက်အဦ အလှူရှင်နှင့် မြေအလှူရှင်တို့အား ဂုဏ်ပြုမှတ်တမ်း များ ပြန်လည်ပေးအပ်သည်။

အဆိုပါ ဘူဒင်းကွင်းကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနခွဲအဆောက်အဦသစ်မှာ နိုင်ငံကျော်တေးသံရှင် ဒေါ်မာမာအေးက ကျပ်သိန်း ၂၀ အပါအဝင် (ဆရာကြီး ဦးထွန်းလွင်)ဇနီးဒေါ်မူမူသန်းနှင့်အလှူရှင် ၄၈ ဦးတို့ က ဆောက်လုပ်ပေးသောဆေးခန်းဖြစ်ပြီးပေ ၃၀ x ၄၂ ပေ၊ အုတ်တစ်ထပ်တိုက်၊ ကွန်ကရစ်ခင်းသွပ်မိုး၊ လူနာခုတင်၊ သားဖွားခုတင်နှင့် ဆိုလာမီးစနစ်၊ အဝီစိ တွင်း၊ ရေစက်ရုံအပါအဝင် ကျပ်သိန်း ၂၁၂ သိန်းကျော် ကုန်ကျခံကာ ကျေးလက်ဆေးပေးခန်းစံကိုက်ညီ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

## နမ့်နော်ကျေးရွာ၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**မိုင်းယု ဇန်နဝါရီ ၂၇**

၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း ပညာရည်ထူးချွန်မှုနှင့် ကာယ၊ ဉာဏထူးချွန်မှုများအတွက် ပညာ ရေး စုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယု မြို့ နမ့်နော်ကျေးရွာရှိအခြေခံပညာ မူလတန်းကျောင်းဝင်း၌ ကျင်းပ သည်။

အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးစိုင်းတင့်ဆန်းက ပွဲတော်ကျင်းပ ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများနှင့် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား ဆုများအသီး သီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး နမ့်နော် ကျောင်းသား ကျောင်းသူလေးများ က အကပဒေသာများဖြင့် ကပြ ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**ကိုကိုနိုင်(မိုင်းယု)**

## ဟိမဝန္တာရဲ့ ရင်ခွင်မှာကခုန်ခြင်း စာအုပ်မိတ်ဆက်ပွဲကျင်းပ

**ပြင်ဦးလွင် ဇန်နဝါရီ ၂၇**

ဒုတိယအကြိမ် လမင်းအလင်းစာပေဆုပေးပွဲနှင့် လမင်းမောင်မောင်၏ (၁၅)အုပ်မြောက် လုံးချင်း ဝတ္ထု ဟိမဝန္တာရဲ့ ရင်ခွင်မှာကခုန်ခြင်း စာအုပ် မိတ်ဆက်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ ခရိုင်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပ သည်။

သရုပ်ဆောင် စာရေးဆရာလမင်းမောင်မောင် က ဒုတိယအကြိမ် လမင်းအလင်းစာပေဆုချီးမြှင့် ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ရာသက်ပန်စာပေဆုအတွက် ဆရာမကြီး မြို့သာ(မရာထို)၊ စာပဒေသာဆုအတွက် စာရေး ဆရာ မောင်ကြည်သော်(ကောလင်း)၊ ဘာသာ ပြန်စာပေဆုအတွက် ဆရာမခင်လေးငယ်၊ အယ်ဒီတာဆုအတွက် စာရေးဆရာမင်းဏီလူ၊ စံပြပရဟိတမယ်ဆုအတွက် မာမီကွတ်ဖောင် ဒေးရှင်းတည်ထောင်သူ ဆရာမရှင်ငြိမ်းမယ်တို့ အားလမင်းအလင်းစာပေဆု တည်ထောင်သူ သရုပ်ဆောင် စာရေးဆရာလမင်းမောင်မောင်က ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။

မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌဆရာမ ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း- ပညာ ရေး)က လမင်းအလင်းဆုချီးမြှင့်ပွဲနှင့် သရုပ် ဆောင် လမင်းမောင်မောင်၏ ၁၅ အုပ်မြောက် ဝတ္ထု ဟိမဝန္တာရဲ့ ရင်ခွင်မှာကခုန်ခြင်းစာအုပ်နှင့် ပတ်သက်၍ မုဒိတာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခင်ခင်ဝင်း (ပညာရေး)**

## တစ်မြေတည်းနေ တစ်ရေတည်းသုံး ဒို့အားလုံးသည် ပြည်ထောင်စုသား သွေးချင်းများ

## ချင်းရွှေဟော်၌ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်




**ချင်းရွှေဟော် ဇန်နဝါရီ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် အဝင်/အထွက်နယ်စပ်ဂိတ်၌ တရုတ်နိုင်ငံတွင်ဖြစ်ပွားလျက်ရှိသည့် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီမှ စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းကို ချင်းရွှေဟော်မြို့ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်၊ ပြည်သူ့ဆေးရုံတာဝန်ခံ ဒေါက်တာသီဟနှင့် ကျန်းမာရေးဝန်ထမ်းများက ဦးဆောင်၍ ဌာနဆိုင်ရာများ ပူးပေါင်းကာ တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်လာသူများကို အဖျားတိုင်းတာခြင်း၊ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ကူးစက်ခြင်း ရှိ၊ မရှိစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နယ်စပ်ဂိတ်၌ ရောဂါကူးစက်မှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရန် ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

---

❏ **ကျောဖုံးမှ**

ကန်ပိုက်တီမြို့၌ တရုတ်-မြန်မာချစ်ကြည်ရေး ဥမင်လိုဏ်ခေါင်းအနီး၌ ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းကို ဌာနဆိုင်ရာ အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်လျက်ရှိကာ စစ်ဆေးရေးအခြေအနေနှင့်ပတ်သက်ပြီး ကန်ပိုက်တီမြို့ အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်က "ကျွန်တော်တို့ ယာယီစခန်းဖွင့်လှစ်ထားပါတယ်။ ဌာနအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး နယ်စပ်ကို အဝင်/အထွက်သွားလာနေတဲ့ တရုတ်နိုင်ငံသားတွေနဲ့ မြန်မာနိုင်ငံသားတွေကို ကျန်းမာရေးစစ်ဆေးမှုတွေ ဆောင်ရွက်နေပါတယ်။ ဒီနေရာမှာ အရေးပေါ်လူနာတင်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီး အဆင်သင့်ထားရှိပါတယ်။ လတ်တလောအနေနဲ့ ဒီရက်က တရုတ်နှစ်သစ်ကူးရှိနေတော့ အဝင်/အထွက်နည်းနေပါတယ်" ဟု ပြောသည်။

အလားတူ တရုတ်နိုင်ငံဘက်တွင်လည်း ရောဂါပြန့်ပွားမှုမရှိစေရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိန်ချုံးခရိုင် ထိန်ချုံးမြို့မှ ဟိန်းရင်ထန် (တရုတ်ပြည်တွင်းနယ်စပ်ဂိတ်)အထိ နေရာလေးခုတို့တွင် ရောဂါရှာဖွေစိစစ်ရေးအဖွဲ့ငယ်များထားရှိပြီး စစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း အဆိုပါဂိတ် အဝင်/အထွက်သွားလာနေသော တရုတ်ခရီးသွားနှင့် မြန်မာများထံမှ သိရှိရကြောင်း ပြောသည်။

ပန်ဝါနယ်စပ်ဂိတ်၌လည်း မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများက ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး စစ်ဆေးမှုလုပ်ငန်းများနှင့်ပတ်သက်၍ ပန်ဝါမြို့ ဆရာဝန် ဒေါက်တာမျိုးအောင်က နယ်စပ်ဂိတ်၌ ၂၆ ရက်မှစပြီး အဝင်/ အထွက် မြန်မာနိုင်ငံသားများနှင့် တရုတ်နိုင်ငံသားများကို ကျန်းမာရေးစစ်ဆေးခဲ့ကြောင်း၊ ယခုအချိန်ထိ သံသယဖြစ်စရာလူနာမတွေ့ရှိ သေးကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန လမ်းညွှန်ချက်အတိုင်း ကိုယ်အပူချိန် တိုင်းတာခြင်း၊ သလိပ်၊ သွေးစစ်ဆေးရန်နှင့် အရေးပေါ် လူနာထားရန်အတွက် လူနာသီးသန့်အခန်း အသင့်ပြင်ဆင်ထားကြောင်း ပြောသည်။ စစ်ဆေးမှုအနေဖြင့် တရုတ်နှင့် မြန်မာနိုင်ငံသား စုစုပေါင်း ၁၂၀ ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

အလားတူ လွယ်ဂျယ်နယ်စပ်စစ်ဆေးရေးဂိတ်၌လည်း ဇန်နဝါရီ ၂၄ ရက်ကစတင်၍ မြို့အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်းနှင့် မြို့ပြည်သူ့ဆေးရုံတာဝန်ခံဆရာဝန် ဒေါက်တာလှအောင်တို့ဦးဆောင်၍ ဌာနဆိုင်ရာစုပေါင်းအဖွဲ့ဖြင့် ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများနှင့် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ယမန်နေ့ကအထိ အဝင်/အထွက်သွားလာလျက်ရှိသည့် တရုတ်နိုင်ငံသားနှင့် မြန်မာနိုင်ငံသားဦးရေ စုစုပေါင်း ကျား ၁၆၇ ဦးနှင့် မ ၁၂၂ ဦး စုစုပေါင်း ၂၈၉ တို့အား စစ်ဆေးပေးခဲ့ကြောင်း မြို့အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

**မျိုးမြင့်စိုး(ပြည်နယ်ပြန်/ဆက်)**

---

## နိုဗယ်ကိုရိုနာဗိုင်းရပ်စ်အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်ရေး စစ်ဆေး



**မြိတ် ဇန်နဝါရီ ၂၇**

တနင်္သာရီတိုင်း ဒေသကြီး မြိတ်မြို့တွင် နိုဗယ်ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်ရေး လေဆိပ်၊ ကားဂိတ်နှင့် သင်္ဘောဆိပ်တို့၌ မြိတ်မြို့သို့ ရောက်ရှိလာသည့် ခရီးသည်များအား ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ဇန်နဝါရီ ၂၇ ရက်တွင် Control T . Infrared Thermoscope စမ်းသပ်ကိရိယာဖြင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

"လူတစ်ယောက်မှာ ပုံမှန်အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်ရှိပါတယ်။ ဒီထက်ပိုရင် အဖျားရှိပါတယ်။ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါကတော့ အဖျား ၁၀၁ ကျော်ပါတယ်။ သူ့ရဲ့လက္ခဏာကတော့ ခေါင်းကိုက်တာ၊ လည်ပင်းနာတာ၊ ချောင်းဆိုးတာလက္ခဏာတွေ့ရင်တော့ သံသယအနေနဲ့ သူတို့ကို အချိန်မီညွှန်းပို့ပေးမှာပါ။ အနယ်နယ်အရပ်ရပ်ကလာတဲ့ ခရီးသည်တွေကိုစစ်ပါတယ်။ ပြည်သူ့ဆေးရုံမှာတော့ အရေးပေါ်အခန်းတွေကို ပြင်ဆင်ထားရှိပါတယ်" ဟု ကျန်းမာရေးမှူး ဦးဇော်လွင်ထွန်းက ပြောကြားသည်။

နိုဗယ်ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ဖြစ်ပွားသူမရှိစေရေး မြိတ်လေဆိပ်၊ အဝေးပြေးကားဝင်းနှင့် သင်္ဘောဆိပ်တို့၌ စစ်ဆေးဆောင်ရွက်ရာတွင် ခရီးသည်များအနေဖြင့် စမ်းသပ်စစ်ဆေးမှုအား စနစ်တကျ စစ်ဆေးမှုခံယူခဲ့ကြသည်။ မြန်မာနိုင်ငံ၌ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါ ဖြစ်ပွားကူးစက်ခံရသူမရှိသေးကြောင်း မြိတ်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ခိုင်ထူး(မြိတ် ပြန်/ဆက်)**

---

## တောင်ငူမြို့တွင် မြန်မာ့မီးရထား အငြိမ်းစားအသင်း စည်းဝေး

**တောင်ငူ ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ မြန်မာ့မီးရထားဌာနပေါင်းစုံ အငြိမ်းစားအသင်း (တောင်ငူ) ၏ အကြိမ် (၅၀) မြောက် ရွှေရတုနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် အမှုဆောင်များရွေးချယ်တင်မြှောက်ပွဲကို တောင်ငူမြို့ (၁၇) ရပ်ကွက် ဇေယျာသုခလမ်း မီးရထားဝင်းအတွင်းရှိ မြန်မာ့မီးရထားပို့ဆောင်ရေးဓမ္မာရုံ၌ ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

မြန်မာ့မီးရထားဌာနပေါင်းစုံ အငြိမ်းစားအသင်း (တောင်ငူ) နာယက ဦးကံညွန့် (လက်ထောက်မန်နေဂျာ၊ သွားလာရေး-ငြိမ်း) နှင့် ဦးမင်းမင်းထွေး (မန်နေဂျာ၊ သွားလာရေး-တိုင်း) တိုင်းအမှတ်(၅)တို့က အဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ် တာဝန်ထမ်းဆောင်မည့် ဦးဝင်းမောင် (ရုံပိုင်၊ အထူး-ငြိမ်း) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ဆက်လက်၍ အသက် ၈၀ ပြည့် သက်ကြီးအငြိမ်းစား အသင်းဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြသည်။

**ကျော်လှ(တောင်ငူ)**

**သင့်စီးပွားရေး အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

## သတင်းစုံကဏ္ဍ

သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်

### သံဃာ့ဒါန ဆွမ်းလောင်းပွဲကျင်းပမည်

(၃၃) ကြိမ်မြောက် သမိုင်းဝင်ရှင်ပင် အင်းခရုဆုတောင်းပြည့်မြတ်စွာဘုရားပွဲတော် ဗုဒ္ဓပူဇနိယ သံဃာ့ဒါနဆွမ်းလောင်းပွဲကို မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မင်းကြီးရန်နောင်လမ်း ၅၉ လမ်းနှင့် ၆၁ လမ်းကြားရှိ အဆိုပါဘုရားဝင်းအတွင်း၌ ဖေဖော်ဝါရီ ၂ ရက် နံနက် ၇ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

### ဂျပန်ရုပ်ရှင်ပွဲတော် ကျင်းပမည်

ဂျပန်ရုပ်ရှင်ပွဲတော်ကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ဝင်းလိုက်ရုပ်ရှင်ရုံတွင် ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီခွဲတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၁ ရက်တွင် မွန်းလွဲ ၁၂ နာရီခွဲနှင့် ညနေ ၃ နာရီခွဲတွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂ ရက်တွင် မွန်းလွဲ ၁၂ နာရီခွဲနှင့် ညနေ ၃ နာရီခွဲတွင်လည်းကောင်း အသီးသီးပြသသွားမည်ဖြစ်ပြီး ရုံဝင်လက်မှတ်များကို ပွဲမစမီတစ်နာရီကြိုတင်၍ ဦးရာလူစနစ်ဖြင့် အခမဲ့ထုတ်ယူနိုင်ကြောင်း သိရသည်။

### ဂျပန်ကုန်စည်ပြပွဲ ကျင်းပမည်

(၈)ကြိမ်မြောက် ဂျပန်ကုန်စည်ပြပွဲကို မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မြို့တော်ခန်းမတွင် ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### MYEA Member Day ကျင်းပမည်

မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) နှင့် မန္တလေးတိုင်းဒေသကြီး စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MRYEA) တို့ပူးပေါင်းကျင်းပသည့် MYEA Member Day ကို မန္တလေးမြို့ ၂၆ လမ်းရှိ Hilton Hotel တွင် ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ဂျပန်ပညာတော်သင်ဆွေးနွေးပွဲ ၂၀၂၀ ကျင်းပမည်

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂျပန်သံရုံးသည် ဂျပန်ပညာတော်သင်ဆွေးနွေးပွဲ ၂၀၂၀ ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မင်္ဂလာမန္တလေးရှိ Pullman Hotel တွင် ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

### Mandalay Fitness Festival ပွဲတော်ကျင်းမည်

Mandalay Fitness Festival ပွဲတော်ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

### လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုသင်တန်း ဖွင့်လှစ်မည်

လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၄၁ လမ်း၊ ၈၆ လမ်းနှင့် ၈၇ လမ်းကြားရှိမန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးတွင် ဖေဖော်ဝါရီ ၅ ရက်မှ ၁၁ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

### တောရိုင်းတိရစ္ဆာန်ကာကွယ်ရေး စီတန်းလှည့်လည်ပွဲကျင်းပမည်

တောရိုင်းတိရစ္ဆာန်ကာကွယ်ရေး သရုပ်ပြယာဉ် စီတန်းလှည့်လည်ပွဲကို မန္တလေးမြို့ရှိ မန္တလေးနန်းတော်တစ်လျှောက်တွင် ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီမှ စတင်၍ စီတန်းလှည့်လည်သွားမည်ဖြစ်ကြောင်း သိရသည်။




**ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် ပန်းပင်ချောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၂၆ ရက် နံနက် ၁၁ နာရီတွင် ဆိပ်ကြီးခနောင်တိုမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မျိုးသိန်းဦးသည် မူးယစ်ဆေးဝါး ပပျောက်ရေး၊ လောင်းကစားမှုများ လျှော့နည်းကျဆင်းရေး မှုခင်းအသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။**

ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)



# ရီးယဲလ်မက်ဒရစ် ကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို အာဆင်နယ်နဲ့ အဲဗာတန် ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းနေ

အာဆင်နယ်အသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့အတွက် အဲဗာတန်အသင်းနဲ့ အပြိုင်ကြိုးပမ်းနေတယ်လို့ သိရပါတယ်။

အဆိုပါ ကိုလံဘီယာကြယ်ပွင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကို စပိန်လာလီဂါထိပ်တန်းကလပ် ရီးယဲလ်မက်ဒရစ်အသင်းက ပြောင်းရွှေ့ကြေးပေါင် ၃၄ သန်းခန့် တန်ဖိုးသတ်မှတ်ထားပေမယ့် အာဆင်နယ်အသင်းဟာ အခုလအတွင်းမှာ ရန်ပုံငွေအခက်အခဲနဲ့ ကြုံတွေ့နေရတာကြောင့် အငှားစာချုပ်နဲ့ ခေါ်ယူနိုင်မယ့်အခွင့်အရေးကို စောင့်မျှော်နေတာဖြစ်ပါတယ်။

စပိန်သတင်းဌာနတစ်ခုဖြစ်တဲ့ အေအက်စ်ရဲ့ ဖော်ပြချက်မှာတော့ အာဆင်နယ်အသင်းနည်းပြ အာတီတာဟာ အခုလအတွင်းမှာ အသင်းအတွက် ဂျိမ်းစ်ရိုဒရီဂွက်ဇ်လိုမျိုး အရည်အချင်းရှိတဲ့ကစားသမားတစ်ဦးကိုခေါ်ယူသွားဖို့ ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။

ဒါပေမယ့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်နဲ့အတူ ဘိုင်ယန်မြူးနစ်အသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းတို့မှာ အတူလက်တွဲခဲ့တဲ့ လက်ရှိအဲဗာတန်အသင်းနည်းပြ အန်စလော့တီနဲ့ အာဆင်နယ်အသင်းနည်းပြ အာတီတာတို့ဟာ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကိုခေါ်ယူဖို့အတွက် အပြိုင်ကြိုးပမ်းနေရတာဖြစ်ပါတယ်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာ ဘွန်ဒက်လီဂါချန်ပီယံဘိုင်ယန်မြူးနစ်အသင်းကနေ အငှားစာချုပ်သက်တမ်းကုန်လို့ပြန်လာကတည်းက ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ပုံမှန်ပွဲထွက်ကစားခွင့်မရရှိခဲ့တာ ဖြစ်ပါတယ်။

ကိုလံဘီယာကြယ်ပွင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ်ဟာ လက်ရှိ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းက ၁၈ လကျန်ရှိနေသေးပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းကတော့ အသင်းကနေထွက်ခွာခွင့်ပြုဖို့ ရှိနေတာဖြစ်ပါတယ်။

# ချယ်လ်ဆီးကခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ တိုက်စစ်မှူးကာဗာနီ အက်သလက်တီကိုမက်ဒရစ်ကိုပြောင်းရန် နှုတ်အားဖြင့် သဘောတူ

ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီဟာ အခုဇန်နဝါရီဈေးကွက်မပိတ်သိမ်းမီမှာ အက်သလက်တီကိုမက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ နှုတ်အားဖြင့် သဘောတူညီထားတယ်လို့ ဂိုးလ်ဒေ့ါကွန်းက သတင်းဖော်ပြထားပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ကာဗာနီကိုခေါ်ယူဖို့ ယူရိုသန်း ၁၀ နဲ့ ကမ်းလှမ်းထားပေမယ့် ပီအက်စ်ဂျီအသင်း အားကစားဒါရိုက်တာ လီယိုနာဒိုကငြင်းဆိုထားတယ်လို့ ဆိုပါတယ်။

ချယ်လ်ဆီးအသင်းကလည်း တိုက်စစ်မှူးအေဘရာဟမ်ကို ပံ့ပိုးပေးနိုင်မယ့် တိုက်စစ်ကစားသမားတစ်ဦးကို ကာလတို အငှားစာချုပ်နဲ့ခေါ်ယူဖို့ ဆန္ဒရှိနေပြီး နည်းပြဖရန့်လမ်းပတ်ကတော့ တိုက်စစ်မှူးကာဗာနီကိုခေါ်ယူဖို့ စီစဉ်ထားတာ ဖြစ်ပါတယ်။

အတွေ့အကြုံရင့်ကျက်တဲ့ တိုက်စစ်မှူးကာဗာနီဟာ ပီအက်စ်ဂျီအသင်းနဲ့အတူ သူ့ရဲ့ကစားသမားဘဝကို ခုနစ်နှစ်ကြာ ဖြတ်သန်းခဲ့ရာမှာ ပြိုင်ပွဲအရပ်ရပ် စုစုပေါင်းပွဲစဉ် ၂၆၉ ပွဲ ပါဝင်ကစားပေးထားကာ ၁၉၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိဖို့အတွက် တိုက်စစ်မှူးအမ်ဘတ်ပီ၊ နေမာ၊ ဒီမာရီယာတို့နဲ့ အပြိုင်ဖြစ်နေတာကြောင့် ကာဗာနီအနေနဲ့ ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာဖို့ စီစဉ်နေတာဖြစ်ပါတယ်။



ငွေကြယ် - စုစည်းသည်

## အနုပညာ



# ဂရမ်မီဆုပေးပွဲမှာ စံချိန်သစ်တွေတင်ခဲ့တဲ့ ဘီလီအဲလစ်ရှ်

ကျော်ကြားတဲ့ ဆယ်ကျော်သက် တေးသံရှင်တစ်ဦးဖြစ်သူ ဘီလီအဲလစ်ရှ်ဟာ လတ်တလောပြုလုပ်ခဲ့တဲ့ ဂရမ်မီဆုပေးပွဲမှာ ထူးချွန်ဆုငါးဆု ဆွတ်ခူးနိုင်ခဲ့ပါတယ်။ သူဟာ တစ်နှစ်တာအကောင်းဆုံးတေးအယ်လ်ဘမ်ဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ အသက်အငယ်ဆုံးသော တေးသံရှင်ဖြစ်လာခဲ့ပြီး အမျိုးသမီးတေးသံရှင်တစ်ဦးအနေနဲ့ အဓိကထူးချွန်ဆု လေးဆုကို တစ်ပြိုင်တည်း ဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံးသော အမျိုးသမီးတေးသံရှင်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၁၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဘီလီအဲလစ်ရှ်ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၇ ရက်က လော့စ်အန်ဂျလိစ်မှာ ပြုလုပ်ခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ဂရမ်မီဆုပေးပွဲမှာ ထူးချွန်ဆုငါးဆုသိမ်းပိုက်ခဲ့ပါတယ်။ သူဟာ တစ်နှစ်တာအကောင်းဆုံးတေးအယ်လ်ဘမ်ဆု၊ တစ်နှစ်တာအကောင်းဆုံးတေးသီချင်းဆု၊ အကောင်းဆုံးမျက်နှာသစ်တေးသံရှင်ဆုအပါအဝင် ဆုငါးဆု ဆွတ်ခူးခဲ့တာပါ။ ဂရမ်မီသမိုင်းတစ်လျှောက် အသက်အငယ်ဆုံးသော တစ်နှစ်တာအကောင်းဆုံး တေးအယ်လ်ဘမ်ဆုရှင်အဖြစ် ယခင်က စံချိန်တင်ထားခဲ့တဲ့ တေလာဆွစ်ကို ကျော်ဖြတ်ကာ စံချိန်သစ်တင်ခဲ့တာ ဖြစ်ပါတယ်။

တေလာဆွစ်ဟာ အသက် ၂၀ အရွယ်မှာ အဆိုပါထူးချွန်ဆုကို လက်ခံရရှိခဲ့တာဖြစ်ပြီး ဘီလီအဲလစ်ရှ်ကတော့ အသက် ၁၈ နှစ်အရွယ်မှာ ရရှိခဲ့တာကြောင့် စံချိန်သစ်တင်ခဲ့တာ ဖြစ်ပါတယ်။

ဘီလီအဲလစ်ရှ်ဟာ တစ်နှစ်တည်းမှာ အဓိကထူးချွန်ဆုလေးဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံးသော အမျိုးသမီးတေးသံရှင်အဖြစ်လည်း စံချိန်တင်ခဲ့ပါတယ်။ အမျိုးသားတေးသံရှင်တစ်ဦးဖြစ်တဲ့ ခရစ်စတိုဖာခရော့ခ်ဟာ ၁၉၈၁ ခုနှစ်က အဓိကထူးချွန်ဆုလေးဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံးသော တေးသံရှင်အဖြစ် မှတ်တမ်းဝင်ထားခဲ့တာကြောင့် ဘီလီအဲလစ်ရှ်ဟာ ဒုတိယမြောက် ဆွတ်ခူးနိုင်ခဲ့တဲ့ တေးသံရှင်လည်း ဖြစ်ပါတယ်။

# Crash Landing on You ရိုက်ကူးစဉ် ဆေးရုံတက်ခဲ့ရတဲ့ ဆန်းရယ်ဂျင်

တောင်ကိုရီးယား မင်းသမီး ဆန်းရယ်ဂျင်ဟာ လတ်တလော ရိုက်ကူးလျက်ရှိတဲ့ Crash Landing on You ဇာတ်လမ်းတွဲကြောင့် အလုပ်ပင်ပန်းလွန်းပြီး ဆေးရုံတက်ကာ ကုသမှုခံယူခဲ့ရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၇ ရက်မှာ ဆန်းရယ်ဂျင်ဟာ Crash Landing on You ဇာတ်လမ်းတွဲရိုက်ကူးနေစဉ် ဆေးရုံတက်ခဲ့ရကြောင်း သတင်းတွေပေါ်ထွက်ခဲ့ပါတယ်။ ဒီသတင်းတွေမှန်ကန်ကြောင်း အမ်အက်စ်တင်းမ်အင်တာတိန်းမန့်က အတည်ပြုပြောကြားခဲ့ပါတယ်။ အေဂျင်စီရဲ့ ပြောကြားချက်အရ မင်းသမီးဟာ အလုပ်ပင်ပန်းလွန်းတာကြောင့် ဆေးရုံတက်ခဲ့ရတာဖြစ်ပြီး ကုသမှုတွေခံယူအပြီး လက်ရှိမှာ ပြန်လည်ကောင်းမွန်ခဲ့ပြီဖြစ်တယ်လို့လည်း သိရပါတယ်။

မင်းသမီးနဲ့ ရင်းနှီးတဲ့ သတင်းရင်းမြစ်တစ်ဦးရဲ့ ပြောကြားချက်အရ ဆန်းရယ်ဂျင်ဟာ အရေးပေါ်ခန်းမှာ ကုသမှုတွေခံယူခဲ့ပြီး ပြန်လည်ကျန်းမာလာပြီဖြစ်ကြောင်း၊ အလုပ်ပင်ပန်းလွန်းတာကြောင့် ဆေးရုံတက်ခဲ့တာဖြစ်ပြီး အခြားပြင်းထန်တဲ့ ရောဂါခံစားရမှုတော့မရှိကြောင်းလည်း သိရပါတယ်။ ဒ့ါအပြင် သူက မင်းသမီးအနေနဲ့ အရေးပေါ်ခန်းမှာ တက်ရောက်ကုသခဲ့ရတဲ့ အကြောင်းရင်းမှာ လက်ရှိမှာ အများပြည်သူအားလပ်ရက်ဖြစ်တာကြောင့် ပုံမှန်ဆေးရုံဝန်ဆောင်မှုတွေ မရနိုင်တာကြောင့်ဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

tvN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသလျက်ရှိတဲ့ Crash Landing on You ဇာတ်လမ်းတွဲရိုက်ကူးရေးအဖွဲ့ဝင်တစ်ဦးရဲ့ ပြောကြားချက်အရ ဆန်းရယ်ဂျင်ဟာ ရာသီဥတုကြောင့် ယခုလို ပင်ပန်းကာ ဆေးရုံတက်ခဲ့ရတာဖြစ်ကြောင်းနဲ့ လက်ရှိမှာ ရိုက်ကူးရေးလုပ်ငန်းတွေကို ပြန်လည်လုပ်ဆောင်နေပြီဖြစ်ကြောင်းလည်း သိရပါတယ်။

Crash Landing on You မှာ ဆန်းရယ်ဂျင်ဟာ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဟွန်ဘင်းနဲ့ တွဲဖက်ရိုက်ကူးနေတာဖြစ်ပြီး အဆိုပါ ဇာတ်လမ်းတွဲဟာ ဒေသတွင်းမှာ ပြသလျက်ရှိတဲ့ ဇာတ်လမ်းတွဲတွေအနက် ကြည့်ရှုသူအများဆုံးသော ဇာတ်လမ်းတွဲတစ်ခုလည်းဖြစ်တယ်လို့ သိရပါတယ်။



ဇန်နဝါရီ ၂၇ ရက်က လော့စ်အန်ဂျလိစ်မှာ ပြုလုပ်ခဲ့တဲ့ ၂၀၂၀ ဂရမ်မီဆုပေးပွဲကို တက်ရောက်လာကြတဲ့ အရီရန်နာဂရန်းဒ်(ဲ)နှင့် ကမ်မီလာကပ်ဘဲလို(ယာ)။

အေးပြည့် - စုစည်းသည်

# ဒဂုံတက္ကသိုလ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စာတမ်းငယ်ပေါင်း ၁၀၀ ကျော်ဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံအရပ်ရပ်မှ သဘာဝပတ်ဝန်းကျင် အခြေအနေများကို ကျောင်းသားလူငယ်များအကြား ဗဟုသုတတိုးပွားလာစေရန် စတုတ္ထအကြိမ်မြောက် ဒဂုံတက္ကသိုလ် ဥပဒေကျောင်းသားများက ပတ်ဝန်းကျင် ထိန်းသိမ်းရေးစာတမ်းဖတ်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် ဒဂုံတက္ကသိုလ် စာကြည့်တိုက်၌ ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု ကိုယ်စား ကျောင်းသား ကျောင်းသူ ၅၆ ဦးတို့က စာတမ်းငယ်ပေါင်း ၁၀၀ ကျော် ဖတ်ကြားဆွေးနွေးကြောင်း သိရသည်။

"ဒဂုံတက္ကသိုလ်ကျောင်းသား လူငယ်များက ကျောင်းသား ကျောင်းသူတွေကို အာဆီယံမှာ ဆွေးနွေးတဲ့ ပုံစံမျိုးတွေကို ရင်းနှီးမှုရစေချင်တဲ့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်တာပါ။ မြန်မာနိုင်ငံမှာက ရာသီဥတုဖောက်ပြန်လာမှုတွေကြောင့် သစ်တောတွေပြုန်းတီးတယ်။ တောရိုင်းတိရစ္ဆာန်တွေ ပြုန်းတီးသေကျေနေတယ်။ ဒါတွေကို ကျောင်းသား လူငယ်တွေရဲ့အသံ၊ လူငယ်တွေရဲ့အမြင်အနေနဲ့ပေါ် ထွက်လာမယ်" ဟု ဒဂုံတက္ကသိုလ် ဥပဒေကျောင်းသား ကျောင်းသူများအဖွဲ့ဥက္ကဋ္ဌ ကိုမင်းခန့်မှူးက ပြောသည်။

စာတမ်းငယ်ဖတ်ပွဲကို ဒဂုံတက္ကသိုလ် ဥပဒေကျောင်းသား ကျောင်းသူများ အဖွဲ့အစည်းမှကြီးမှူး ကျင်းပခြင်းဖြစ်ပြီး အဓိကဆွေးနွေးမှုတွင် သစ်တော၊ သယံဇာတနှင့် တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချရေး၊ ရာသီဥတုဖောက်ပြန်မှုထိန်းသိမ်းရေး ခေါင်းစဉ်နှစ်ခုဖြင့် ကျောင်းသား ကျောင်းသူ ၅၆ ဦးက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍဖြင့် အဖွဲ့သုံးဖွဲ့ခွဲကာ တိုင်းဒေသကြီး ကိုယ်စားပြု ၁၄ ဖွဲ့ခွဲ၍ စာတမ်းငယ် ၁၀၀ ကျော် ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

" ကျောင်းသားကျောင်းသူ ၅၆ ယောက်က တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၄ ခု ကိုကိုယ်စားပြုပြီး မြန်မာနိုင်ငံရဲ့ ဒေသအရပ်ရပ်သဘာဝပတ်ဝန်းကျင်အခြေအနေတွေမှာ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအမြင် သုံးခုကနေ မြန်မာ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍနဲ့ပတ်သက်ပြီးဆွေးနွေးကြတယ်။ ဒီလိုတွေလုပ်တဲ့အတွက် ကျောင်းသား ကျောင်းသူတွေ သုတေသနလုပ်တဲ့ အလေ့အကျင့်ကောင်းတွေ၊ အများရှေ့မှာ ပြန်လည် တင်ပြနိုင်တဲ့စွမ်းရည်တွေ၊ တစ်ယောက်နဲ့ တစ်ယောက်လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို တွေးခေါ်စွမ်းရည်တွေ မြင့်မားလာမှာဖြစ်ပါတယ်" ဟု ဥက္ကဋ္ဌ ကိုမင်းခန့်မှူးက ထပ်မံပြောပြသည်။

**မြင့်မောင်**



# ပူတာအိုမြို့မှ ရေခဲဆီးနှင်းများကျသည့် ဆန်းလွှတ်ချက်တောင်သို့ တစ်ရက်ခရီးဖြင့်သွားလာနိုင်

**ပူတာအို ဇန်နဝါရီ ၂၇**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း ရေခဲတောင်များစွာရှိသည့်အနက် ယခုနှစ် ဆောင်းရာသီတွင် ပူတာအိုမြို့မှ ရေခဲဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိသော ဆန်းလွှတ်ချက်တောင်သို့ ကားလမ်းပေါက်နေပြီဖြစ်၍ ရေခဲတောင်နှင့် ဆီးနှင်းကြည့်ရှုလိုသူများအတွက် သွားလာမှု အဆင်ပြေလျက်ရှိကြောင်း သိရသည်။

အဆိုပါဆန်းလွှတ်ချက်တောင်သည် ပူတာအို-မချမ်းဘော့-မငွေဇ-ခေါင်လန်ဖူး ကားလမ်းမပေါ်တွင်ရှိပြီး ပူတာအိုမြို့မှ ကား၊ ဆိုင်ကယ်များဖြင့် ၆ နာရီခန့်မောင်းလျှင် ရောက်ရှိနိုင်သောကြောင့် ယခုနှစ် ဆောင်းရာသီတွင် ပြည်တွင်းခရီးသွားများ လာရောက်လည်ပတ်မှုများရှိကြောင်း ဒေသခံများထံမှသိရသည်။

"ညမှာမိုးရွာထားပြီဆိုရင် တောင်ထိပ်ကားလမ်းတစ်လျှောက်မှာ နှင်းတွေ ဖုံးလွှမ်းတတ်တယ်။ တစ်နှစ်မှာလေးခါလောက်နှင်းကျပြီး တော်ရုံနဲ့ အရည်ပြန်မပျော်ဘူး။ အခုဆိုကား၊ ဆိုင်ကယ်တွေ တောင်ထိပ်အထိသွားလာလို့အဆင်ပြေပြီဆိုတော့ ခဏတစ်ဖြုတ်သွားလည်ဖို့ အဆင်ပြေပါပြီ။ ဒေသတွင်းက နေ့ချင်းပြန်လာရောက် လည်ပတ်သူတွေရှိသလို ရန်ကုန်၊ မန္တလေးက ဧည့်သည်တွေကလည်း ဒီမှာတစ်ညအိပ်ပြီး မနက်ပိုင်းမှာ တောင်ထိပ်ကိုတက် နေ့လယ်ပြန်သွားကြတာတွေလည်းရှိတယ်"ဟု ယင်းတောင်ခြေရှိငါ့လုံဒမ်းဘိုတဲစခန်းတွင် ခြောက်နှစ်ကြာ ဈေးရောင်းလာသူ ဒေါ်အားညီက ပြောသည်။

အမြင့်ပေ ၇၇၀၀ ရှိ ဆန်းလွှတ်ချက်တောင်တွင် ဒီဇင်ဘာလမှ မတ်လအထိ ဆီးနှင်းများဖုံးလွှမ်းလျက်ရှိပြီး ကားလမ်းမတစ်လျှောက် တစ်ပေနှင့် သုံးပေခန့်အထိ နှင်းထုထပ်စွာ ကျရောက်လျက်ရှိသည်။

ပူတာအိုဒေသတွင် ထင်ရှားသည့် ခါကာဘိုရာဇီရေခဲတောင်၊ ဖုန်ကန်ရာဇီရေခဲတောင်များနှင့် အခြားသော သဘာဝအလှနေရာများစွာရှိပြီး ယခုဆောင်းရာသီတွင်ဆီးနှင်းများကျသော ဆန်းလွှတ်ချက်တောင်သည်လည်း ပြည်တွင်းခရီးသွားများကိုဆွဲဆောင်နိုင်သည့် နေရာတစ်ခုဖြစ်လာသည်။ ယင်းနေရာသို့ ပူတာအိုမြို့မှ တောင်ခြေရှိ ငါ့လုံဒမ်းဘိုတဲစခန်းအထိ ၈၆ မိုင်နှင့်၎င်းနေရာမှတောင်ထိပ်သို့ ခုနစ်မိုင်ရှိပြီး တောင်ခြေစခန်းတွင် တည်းခိုစရာနေရာနှင့်စားသောက်ဆိုင်များလည်းရှိရာ ပူတာအိုမြို့မှအဆင်ပြေစွာအလွယ်တကူသွားလာနိုင်ကြောင်း သိရသည်။

**ဆန်းညွန့်(ပူတာအို)**



သထုံခရိုင် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်နယ်မြေမီးသတ်စခန်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦး၊ ဘဏ္ဍာရေးဝန်ကြီး ဦးဝဏ္ဏကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပန္နက်တင်ပြီး နံ့သာရည်ပက်ဖျန်းစဉ်။

နန္ဒကျော်စွာ

# မြို့နယ်အဆင့် ကင်းထောက်အခြေခံသင်တန်းဆင်းပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

**လှိုင်းဘွဲ ဇန်နဝါရီ ၂၇**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်နှင့်လှိုင်းဘွဲမြို့နယ် ပညာရေးမိသားစုတို့ ပူးပေါင်းဖွင့်လှစ်သည့် ကင်းထောက်အခြေခံသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနေလင်းထက်က လမ်းညွှန်အမှာစကားပြောကြားပြီး ကင်းထောက်မောင်မယ်များအား ကတိခံယူခြင်းနှင့် ကတိသစ္စာပြုခြင်းတို့ကို ပြုလုပ်သည်။ ထို့နောက် ကင်းထောက်သင်တန်းမှ သင်ကြားပေးသော ဉာဏစစ်ဆေးခြင်း၊ ဆန်းသစ်တီထွင် ပုံရိပ်သွင်ဖန်တီးခြင်း၊ ခြေလျင်ခရီးသွား စူးစမ်းလေ့လာ စုပေါင်းအဖြေရှာဖန်တီးတင်ပြနိုင်ခြင်း၊ ဆန်းသစ်တီထွင်မှုနှင့် လက်မှုပညာထူးချွန်ဆုများတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုချီးမြှင့်ခြင်း၊ ကင်းထောက်မောင်မယ်များအား သင်တန်းဆင်းလက်မှတ်ပေးအပ်ခြင်းနှင့် သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ပြီး မြို့နယ်ပညာရေးမှူး ဦးနိုင်ဝင်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# မြို့နယ်စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ရေတာရှည် ဇန်နဝါရီ ၂၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ပြည်သူပါဝင်သောမြို့နယ်စီမံကိန်း ၂၀၂၀-၂၀၂၁ ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက ပြည်သူကိုအကျိုးပြုနိုင်မည့် စီမံကိန်းများနှင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များအား ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ရငွေသုံးငွေဆိုင်ရာငွေစာရင်းဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းနွယ်က စီမံကိန်းများရေးဆွဲခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် နှစ်အလိုက်ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်ငူခရိုင် စီမံကိန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းမော်က စီမံကိန်းများ ရေးဆွဲခြင်း၊ ပြည်သူလူထု၏လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရန် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး UNDP တိုင်းဒေသကြီးတာဝန်ခံ ဒေါ်မြင့်မြင့်ဝေက စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူတို့၏ လိုအပ်ချက်များနှင့် အနီးစပ်ဆုံးအခြေအနေများတွင်ရှိနေသည့်အတွက် နိုင်ငံတကာအဖွဲ့အစည်းများက အစိုးရနှင့်ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



### လာရောက်လည်ပတ်

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်းသို့ နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များနေ့စဉ်လာရောက် လည်ပတ်လေ့လာလျက်ရှိရာ ဇန်နဝါရီ ၂၇ ရက်က မြို့မ(၃)ရပ်ကွက် အတွင်းသို့ ဆိုက်ကားများစီး၍ လည်ပတ်လေ့လာကြစဉ်။

**မောင်ယဉ်ဦး(ဒလ)**

မြတ်ဓမ္မာဝီ

စရံငွေ - ၅၀၀၀၀ ကျပ် အပါအဝင်

2020 အထူး Promotion အစီအစဉ် (ညစောင်းခရီးစဉ်မပါ)

Hotel 3 ည (8) ရက် ခရီး – 9.3 သိန်း Feb - 24

Hotel 3 ည (12) ရက် ခရီး – 10.3 သိန်း Feb - 3

2020 ခုနှစ် Jan, Feb, Mar, Apr ထွက်ခွာမည့်ပုံမှန်ခရီးစဉ်များ

Hotel 3 ည (8) ရက် ခရီး – 10 သိန်း Mar - 19, 26, Apr - 13

Hotel 3 ည (12) ရက် ခရီး – 11 သိန်း Mar - 3, Apr - 6

Hotel 5 ည (15) ရက် ခရီး – 12 သိန်း Feb - 3, 15, Mar - 3,19, Apr - 6

Ph : 09 49338595, 09 788304828, 09 263125261, 09 420134528

Ph : 09 797512889

ပီတိသုခ

Feb-2,7,28,Mar-26, Apr-10

Travel & Tours

ရွှေခင်းသာ

FULLY AIR-CON

45000

65000

12000

45000

65000

60000

65000

Ph: 09-420046635, 09-954783826, 09-772845260

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀x၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ်ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ ပြတင်းတံခါးတစ်ပေါက် | ၁ | သိန်း |
| ၂။ ၁၀ပေပတ်လည် တစ်ကျင်းကြွေပြား | ၁ | သိန်း |
| ၃။ အခန်းတံခါး | ၂ | သိန်း |
| ၄။ ရေချိုးခန်း | ၃ | သိန်း |
| ၅။ ကုဋီတစ်ခန်း | ၅ | သိန်း |
| ၆။ သံဃာနှစ်ပါးနေတစ်ခန်း | ၁၀ | သိန်း |
| ၇။ ရေတိုင်ကီတစ်လုံး | ၁၂ | သိန်း |
| ၈။ ခေါင်လှေကား | ၂၅၀ | သိန်း |
| ၉။ သံဃာလေးပါးနေတစ်ခန်း | ၂၀ | သိန်း |
| ၁၀။ စာသင်ခန်းမဆောင် | ၁၀၀ | သိန်း |
| ၁၁။ ဆွမ်းစားဆောင် | ၃၅၀ | သိန်း |
| ၁၂။ ကျောင်းဆောင်တစ်ထပ် | ၁၀၀၀ | သိန်း |
| ၁၃။ ကွန်ကရစ်တိုင်တစ်လုံး | ၃ | သိန်း |
| ၁၄။ စာချဆရာတော်များနေတစ်ခန်း | ၂၅ | သိန်း |
| ၁၅။ စာကြည့်တိုက်(စာကြည့်ခန်း) | ၁၀၀ | သိန်း |
| ၁၆။ သံဃာတစ်ပါးနေရန်တစ်နေရာ | ၅ | သိန်း |

အလှူရှင်များ ကမ္ပည်းထိုးပေးပါမည်။

ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ

ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်

ဖုန်း–၀၉–၂၆၃၆၂၉၃၂၆၊ ၀၉–၈၆၃၀၅၁၆၊

ဦးတေဇိန္ဒ–ကမ္ဘောဇဘဏ်၊ ဗဟိုစည်လမ်းမတော်

(Account No.061–301–06100921001)

ရိုးမဘဏ်၊ ဝါးတန်းလမ်း၊ လမ်းမတော်

(Account No.021–31–501798–9)ဘဏ် စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## နေပြည်တော်၊ ရုံးအမှတ် (၅၁)
## တင်ဒါခေါ်ယူရေးကော်မတီ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအောက်ရှိ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ အောက်ဖော်ပြပါ အမျိုးသားတူညီဝတ်စုံများ (ဦးထုပ်၊ ရှပ်အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ဂျာကင်အင်္ကျီ) ချုပ်လုပ်ရန်အတွက် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| (က) | ဦးထုပ် | – ၅၀၀၀ ထည် |
| (ခ) | ရှပ်အင်္ကျီလက်ရှည် | – ၅၀၀၀ ထည် |
| (ဂ) | ဘောင်းဘီရှည် | – ၅၀၀၀ ထည် |
| (ဃ) | ဂျာကင်အင်္ကျီ(အပေါ်ထပ်) | – ၅၀၀၀ ထည် |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများနှင့် စည်းကမ်းချက်များအား အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်၌ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါပုံစံဖိုး ကျသင့်ငွေမှာ ၁၀၀၀၀/– ဖြစ်ပါသည်။

၃။ တင်ဒါပုံစံရောင်းချမည့်ရက် – ၃၀–၁–၂၀၂၀ ရက်မှ ၇–၂–၂၀၂၀ ရက်ထိ (ရုံးချိန်အတွင်း)

၄။ တင်ဒါတင်သွင်းရမည့်ရက် – ၁၄–၂–၂၀၂၀ ရက် (ရုံးချိန်အတွင်း) (၉:၃၀ မှ ၁၆:၃၀)

၅။ တင်ဒါဖွင့်ဖောက်ရွေးချယ်မည့်နေ့ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁–၆၅၆၈၄၃၊ ၀၆၇–၄၃၀၁၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပြီး ဝန်ကြီးဌာန website www.moL.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

နေပြည်တော်

မြန်မာမြတ်ချယ်ရီ Travel & Tours

01-551240, 09-5003647, 09-445003647, 09-965003647

| | | | |
|---|---|---|---|
| ဂျပန် ခရီးစဉ် | Apr 12 - 18 | | $ 1990 |
| ကိုရီးယားခရီးစဉ် | Mar 31 - Apr 5 | | $ 995 |
| | Apr 12 - 18 | | $ 1590 |
| | Apr 11 - 16 | | $ 1080 |
| | Apr 12 - 17 | | $ 950 |
| | Apr 13 - 16 | | $ 530 |
| | Apr 9 - 12 | | $ 630 |

Fb: Myanmar Myat Cherry Travel & Tours

အောင်မင်္ဂလာ

အိမ်ပြောင်း/ရွှေ့လုပ်ငန်း

မြို့တွင်း/နယ်ဝေး

09428773300

09428773355

ဒဂုံမြို့သစ်

အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း

မြေကွက်များအထူး

ဈေးကောင်းပေးဝယ်သည်။

09-5089354

09-5180139

STAR

ဒဂုံမြို့သစ်အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

09-43088052

09-260660405

09-421067330

မင်္ဂလာပါ

အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း

မြို့တွင်း/နယ်ဝေးများအတွက်

Box ကားများဖြင့်

09-450042704

09-250095116

09-420096296

ရွှေလမင်း ဆေးရုံ

2020 နှစ်သစ်မှ စ၍ ရွှေလမင်းဆေးရုံ (၄) ရုံ စလုံးတွင် CT စက်သစ်ကြီးများ တပ်ဆင်ပြီးမြောက်၍ တိကျသေချာစွာ ရောဂါများကို ရှာဖွေ ရိုက်ကူးပေးနိုင်ပြီ ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။



Ingenuity Elite - Philips
128-slice CT Scan

ရွှေလမင်းဆေးရုံ(မြောက်ဥက္ကလာ)



GE Optima CT 660 with ASiR
128-slice CT Scan

ရွှေလမင်းဆေးရုံ(လမ်းမတော်)



GE Revolution ACTs with ASiR
16-slice CT Scan

ရွှေလမင်းဆေးရုံ(ဟသ္သာတ)



GE Revolution ACTs with ASiR
16-slice CT Scan

ရွှေလမင်းဆေးရုံ(မော်လမြိုင်)

ရွှေလမင်းဆေးရုံ (မြောက်ဥက္ကလာပမြို့နယ်) : အမှတ် (၁၂၄)၊ သုဓမ္မာလမ်းမကြီး ၂ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ 01-655612

ရွှေလမင်းဆေးရုံ (လမ်းမတော်မြို့နယ်) : အမှတ် (၁၅/၁၇)၊ ဖော့ရှီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ 01-2301949,2301948

ရွှေလမင်းဆေးရုံ (ဟသ္သာတမြို့) : အမှတ် (၃၂)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရုံးကြီးရပ်ကွက်၊ ဟသ္သာတမြို့။ 044-2021375

ရွှေလမင်းဆေးရုံ (မော်လမြိုင်မြို့) : အမှတ် (၁)၊ မြို့ရှောင်လမ်း၊ ဒိုင်းဝန်းကွင်း၊ မော်လမြိုင်မြို့။ 057- 2026202


MPT Money
အသုံးပြုရလွယ်ကူပြီး ယုံကြည်ရသော ဒစ်ဂျစ်တယ်ငွေလွှဲဝန်ဆောင်မှု
GET IT ON Google Play
Download on the App Store
www.mptmoney.com.mm
@MPTMoneyOfficial
CALL CENTER 990
MPT အသုံးပြုသူများအတွက် - 012323990



ကချင်ပြည်နယ် မြန်မာ - တရုတ် နယ်စပ် ဝင်/ထွက် ဂိတ်တစ်ခု၌ ကိုရိုနာဗိုင်းရပ်စ် တားဆီးကာကွယ်ရေးအတွက် ကျန်းမာရေးစစ်ဆေးစဉ်။

# ကချင်ပြည်နယ်၌ ကိုရိုနာဗိုင်းရပ်စ် တားဆီးကာကွယ်ရေး ကျန်းမာရေးစစ်ဆေးမှုများ ကြပ်မတ်ဆောင်ရွက်လျက်ရှိ

**မြစ်ကြီးနား ဇန်နဝါရီ ၂၇**

တရုတ်နိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားခဲ့သော ကိုရိုနာဗိုင်းရပ်စ်ပိုးနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို ကချင်ပြည်နယ်အတွင်းရှိ မြန်မာ - တရုတ် နယ်စပ် ဝင်/ထွက်ဂိတ်များဖြစ်သည့် လွယ်ဂျယ်၊ ကန်ပိုက်တီနှင့် ပန်ဝါ နယ်စပ်ဂိတ်များတွင် မြို့အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များဦးဆောင်သော ဌာနဆိုင်ရာစုပေါင်းအဖွဲ့များဖြင့် ဇန်နဝါရီ ၂၆ ရက်မှစတင်၍ ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့ရုံးမှ သိရသည်။ **စာမျက်နှာ ၁၉ ကော်လံ ၁ သို့** ❑

# ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက် ချမှတ်ခြင်းဆိုင်ရာ အတွေ့အကြုံများ စကားဝိုင်း ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ICJ ၏ ကြားဖြတ်စီမံဆောင်ရွက်ချက်ချမှတ်ခြင်းနှင့်စပ်လျဉ်း၍ အဆိုပါ အစီအစဉ်သို့ တက်ရောက်ခဲ့ကြသည့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များဖြစ်သည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါက်တာသီတာဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေး၊ ဥပဒေရေးရာအကြံပေး (မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်) ဦးကျော်တင်တို့နှင့် ဦးကိုကို(စက်မှုတက္ကသိုလ်) တို့၏ အတွေ့အကြုံရှင်းလင်းသည့်စကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)၊ မြန်မာ့အသံ ရေဒီယိုနှင့် MRTV Facebook Page တို့တွင် ဇန်နဝါရီ ၂၈ ရက် (အင်္ဂါနေ့) ည ၈ နာရီ မိုးလေဝသ သတင်းအပြီးတွင် ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ ၂၇ - ၁ - ၂၀၂၀

| | | |
|---|---|---|
| ဟားခါး | -၃ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | သုည | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၁ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၁ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို | ၂ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၂ | ဒီဂရီစင်တီဂရိတ် |
| တီးတိန် | ၂ | ဒီဂရီစင်တီဂရိတ် |

## ကြေးမုံ ယနေ့ဖတ်စရာ

ပြည်ထောင်စုစိတ်ဓာတ် လွှမ်းပတ်ရင်မှာ တည်စေသော်ဝ်

စာမျက်နှာ » ၆


ကိုရိုနာဗိုင်းရပ်စ် ကူးစက်လူနာများ ကုသရန် ဒုတိယမြောက်ဆေးရုံကို ဝူဟန်မြို့၌ ၁၅ ရက်အတွင်း တည်ဆောက်မည်

စာမျက်နှာ » ၁၃

ပူတာအိုမြို့မှ ရေခဲဆီးနှင်းများကျသည့် ဆန်းလွတ်ချက်တောင်သို့ တစ်ရက်ခရီးဖြင့် သွားလာနိုင်

စာမျက်နှာ » ၂၃

# ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာအသင်းကို နည်းပြ ပိုပေ့ါဗ် ဆက်လက်ကိုင်တွယ်မည်



၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် ၂၀၂၁ ဗီယက်နမ် ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ်အဖြစ် ဘူဂေးရီးယားနိုင်ငံသား ပိုပေ့ါဗ်ကို ဆက်လက်တာဝန်ပေးမည်ဖြစ်ပြီး ပိုပေ့ါဗ်အနေဖြင့် ပြိုင်ပွဲအတွက် စတင်ပြင်ဆင်နေပြီဖြစ်သည်။

**သက်တမ်းတိုးစာချုပ် ချုပ်ဆို**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နည်းစနစ်ကော်မတီသည် ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ရယူပေးခဲ့သည့် ဘူဂေးရီးယားနိုင်ငံသား နည်းပြချုပ် ပိုပေ့ါဗ်ကို ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲအထိ ဆက်လက်တာဝန်ပေးရန် ဆုံးဖြတ်ခဲ့ပြီး ၎င်းကို ၂၀၂၀ ပြည့်နှစ်ကုန်အထိသာ စာချုပ်ချုပ်ဆိုထားသောကြောင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်း နည်းပြချုပ် ပိုပေ့ါဗ်သည် ၂၀၂၁ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲအတွက် ကစားသမားများ ရွေးချယ်မှုကို စတင်ဆောင်ရွက်နေပြီဖြစ်ပြီး အလားအလာရှိပြီး **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❍

# မြန်မာနှင့် ထိုင်းအမျိုးသမီးအသင်း မန္တလေးမြို့၌ ခြေစမ်းပွဲ ထပ်မံကစားမည်

**မန္တလေး ဇန်နဝါရီ ၂၇**

၂၀၂၀ အိုလံပစ် တတိယအဆင့်ခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းတို့သည် ဇန်နဝါရီ ၂၈ ရက် (ယနေ့) တွင် မန္တလေးမြို့၌ ထပ်မံခြေစမ်းမည်ဖြစ်သည်။ **စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❂

